# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက် | ၂၀၁၆ ခုနှစ်၊ ဇွန် ၂၆ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၅)၊ အမှတ် (၂၆၅)


**ညီညွတ်ခြင်းသည် ချမ်းသာခြင်း**

ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာခြင်းအကြောင်းဖြစ်၏။ စိတ်ဓာတ်ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာခြင်းအကြောင်းဖြစ်၏။

(ဓမ္မပဒ-၁၉၄)

# ရွှေ့ပြောင်းအလုပ်သမားများ၏ ပညာရေး၊ ကျန်းမာရေး၊ ထိုင်းနိုင်ငံက သတ်မှတ်ထားသည့် အလုပ်သမားအခွင့်အရေးများအား ဥပဒေဘောင်အတွင်းမှ အပြည့်အဝရရှိရေး ဆွေးနွေး



**ဗန်ကောက် ဇွန် ၂၅**

ထိုင်းနိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ ဇနီးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နခွမ်းပထုမ်ခရိုင် ဘန့်ဟိုးအောင်စံပြကျေးရွာနှင့် SAMPRAN Riverside တို့သို့ သွားရောက်၍ သဘာဝနည်းကျ စိုက်ပျိုးထုတ်လုပ်မှု၊ ဇီဝမြေဩဇာထုတ်လုပ်မှု၊ လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်၊ ယဉ်ကျေးမှုနှင့် သဟဇာတဖြစ်သော ပေါင်းစည်းလယ်ယာစနစ် လုပ်ကိုင်နေမှု နှင့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာသည်။ **(ယာပုံ)**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဘန့်ဟိုးအောင်စံပြကျေးရွာအနီး အလုပ်လုပ်ကိုင်နေကြသည့် မြန်မာအလုပ်သမားများအား တွေ့ဆုံ၍ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာသံရုံး၌ Assumption University မှ မြန်မာဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံပြီး မိမိနိုင်ငံသားများ ဒုက္ခရောက်လျှင် ကူညီကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ တာဝန်သည် နိုင်ငံသူ နိုင်ငံသားအားလုံးနှင့် သက်ဆိုင်ကြောင်း၊ ယခု ထိုင်းနိုင်ငံတွင် ရောက်ရှိနေကြသည့် နိုင်ငံသားအချင်းချင်း အပြန်အလှန် ကူညီစေလိုကြောင်း၊ အထူးသဖြင့် ရွှေ့ပြောင်းအလုပ်သမားများနှင့် ဒုက္ခသည်များကို တတ်နိုင်သည့်ဘက်က ကူညီပေးစေလိုကြောင်း၊ ကျောင်းသားများအနေဖြင့် အသက်အရွယ် ငယ်ရွယ်စဉ်ကပင် ပရဟိတစိတ်ဓာတ်ရှိရန် လိုကြောင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**နိုင်ငံတစ်နိုင်ငံ၏တာဝန်သည် နိုင်ငံသူ နိုင်ငံသားအားလုံးနှင့် သက်ဆိုင်ကြောင်း၊ ထိုင်းနိုင်ငံတွင် ရောက်ရှိနေကြသည့် နိုင်ငံသားအချင်းချင်း အပြန်အလှန်ကူညီစေလိုကြောင်း၊ အထူးသဖြင့် ရွှေ့ပြောင်းအလုပ်သမားများနှင့် ဒုက္ခသည်များကို တတ်နိုင်သည့်ဘက်က ကူညီပေးစေလိုကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြား**

**ပေကျင်းကြေညာစာတမ်းမှ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင်သို့**

*စာမျက်နှာ - ၆*

**နိုင်လေး(၁)နိုင်လုသောင်းဦးစီးသော လက်နက်ကိုင်အဖွဲ့ လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းဝင်ရောက်**

*စာမျက်နှာ - ၇*

**အင်္ဂလန်နိုင်ငံကို ခေါင်းဆောင်သစ်က ပဲ့ကိုင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းဆို**

*စာမျက်နှာ - ၁၀*




မြန်မာ့အလင်း

# ထိုင်းချစ်ကြည်ရေးခရီးစဉ်၏ လက္ခဏာနှစ်ရပ်

လှဲ့ထူထားသောနိုင်ငံတော်အလံ၊ ပျံ့လွင့်လာသော နိုင်ငံတော်သီချင်း၊ ပြည့်ကျပ်နေသော မြန်မာလုပ်သားထု၊ နှလုံးသားမှ လှိုက်ထွက်လာသော ကျန်းမာပါစေဆုတောင်း၊ ငိုကြွေးနေသောမျက်နှာ စသည့်စသည့် မြင်ကွင်းများသည် ဆန့်ကျင်သယောင်ဖြစ်နေသော ခံစားချက်နှစ်ရပ်ကို တစ်ပြိုင်တည်းဖြစ်ပေါ်စေပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပေါ် လေးစားယုံကြည်မှု၊ မိမိတို့၏ခေါင်းဆောင်အပေါ် ဂုဏ်ယူနေသော ပြည်သူတို့၏ ခံစားချက်။ တစ်ပြိုင်တည်းမှာပင် တိုင်းပြည်မှထွက်၊ မိသားစုကို ခွဲခွာအလုပ်လုပ်ကိုင်နေရသော မြန်မာလုပ်သားတို့၏ဘဝအခြေအနေနှင့် နိုင်ငံ၏စီးပွားရေးအခြေအနေတို့အတွက် စိတ်မကောင်းဖြစ်ကြရပါသည်။ သို့သော် ဤဆန့်ကျင်သယောင်ဖြစ်နေသော ခံစားချက်နှစ်ရပ်သည် “တို့နိုင်ငံ တို့လူမျိုးတိုးတက်ရမည်” ဟူသော မြန်မာ့အားမာန်ကို ဖန်တီးပေးလိမ့်မည်ဟု အလေးအနက်ယုံကြည်ပါသည်။

တစ်ပါးနိုင်ငံတွင် အရေအတွက် သန်းချီလုပ်ကိုင်နေကြသော မြန်မာလုပ်သားများအတွက် နိုင်ငံ၏ ထိပ်တန်းခေါင်းဆောင်တစ်ဦးကိုယ်တိုင်ကိုယ်ကျ အရေးတယူ ကိုင်တွယ်ဖြေရှင်းပေးသည့် မြင်ကွင်းသည် ရာစုနှစ်တစ်ဝက် မြန်မာနိုင်ငံ၏သမိုင်း၌ မြင်ကွင်းသစ်ဟု ပြောရမည်သာ ဖြစ်ပါသည်။ မြင်ကွင်းသစ်သည် အတွေးအခေါ်အသစ်ကို ကိုယ်စားပြုနေသည်ဟု ခံယူပါသည်။ တစ်ပါးနိုင်ငံ၌ ဒုက္ခခံရုန်းကန်လှုပ်ရှားနေကြသော မြန်မာလုပ်သားတို့၏ မလှသောဘဝမြင်ကွင်းတို့သည် နိုင်ငံ၏ဂုဏ်သိက္ခာကို ထိပါးပွန်းပဲ့စေသော ပုံရိပ်များဟု ယူဆသော အတွေးအခေါ်တို့ကို အပြီးအပိုင် စွန့်လွှတ်ရမည်ဖြစ်ပါသည်။ ကံအကြောင်းမလှသော ဘဝဒုက္ခတို့အပေါ် လှော့ခွက်ချည်းကျန် အလံမလှဲ့သော စိတ်ဓာတ်သည် မြန်မာလုပ်သားတို့၏ ဘဝအားမာန်ကို ဖော်ကျူးနေခြင်းသာဖြစ်ပါသည်။ ထိုင်းနိုင်ငံရောက် မြန်မာလုပ်သားတို့၏ ဘဝဒုက္ခများသည် တိုင်းပြည်၏ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်၊ လူမှုရေးစနစ်တို့ ပြုပြင်ရန်လိုအပ်နေသည်ကို ရှင်းရှင်းလင်းလင်း မီးမောင်းထိုးပြနေခြင်းသာ ဖြစ်ပါသည်။

အတွေးအခေါ်ခံယူချက်တို့ကို လက်တွေ့ပုံဖော်ဆောင်ရွက်ရာ၌ ပကတိအခြေအနေက ပုံဖော်ဖန်တီးပေးလိုက်သည့် အကန့်အသတ်၊ အခက်အခဲများကို ရင်ဆိုင်ကြုံတွေ့ရလေ့ရှိပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ရှင်းလင်းတင်ပြချက်၌ လူထုအစိုးရအနေဖြင့် လက်ရှိကာလတွင် ထိုင်းနိုင်ငံရောက် မြန်မာလုပ်သားများအား မြန်မာနိုင်ငံသားဖြစ်ကြောင်း အထောက်အထား လက်မှတ်ထုတ်ပေးရန် ဦးတည်ကြိုးပမ်းနေသော်လည်း ဆန္ဒအစစ်အမှန်မှာ နိုင်ငံကူးလက်မှတ် ထုတ်ပေးရန်ဖြစ်ကြောင်း ပြောကြားသည်ကို သတိပြုမှတ်တမ်းတင်ရန် လိုအပ်ပါသည်။ ကျွန်မတို့ နိုင်ငံသူ နိုင်ငံသားတို့၏အသံကို နားထောင်ချင်သည်ဟူသော ဒေါ်အောင်ဆန်းစုကြည်၏စကားသည် လူထုအစိုးရ၏ ပြည်သူလူထုအပေါ်ထားရှိသော သဘောထားခံယူချက်ကို ပီပီသသ ထင်ဟပ်ဖော်ပြနေပါသည်။ ဖြစ်နိုင်သည်များကိုသာ တင်ပြတောင်းဆိုရန်ဟူသော ဒေါ်အောင်ဆန်းစုကြည်၏ မှတ်ချက်စကားသည် ဘဝ၌ကြုံတွေ့ရလေ့ရှိသော လွယ်မယောင်ခက်သည့် ပြဿနာတို့က ညွှန်းဆိုနေသကဲ့သို့ နှလုံးသားခံစားချက်နောက် စီးမျောမသွားရန် သတိပေးနေပါသည်။

ထိုင်းနိုင်ငံရောက် မြန်မာလုပ်သားတို့၏ ပြဿနာရပ်များ ဖြေရှင်းရာ၌ အခြေခံလိုအပ်ချက်သည် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးအား ခိုင်မာသည်ထက်ခိုင်မာအောင် ဦးတည်ဆောင်ရွက်ရေးဖြစ်ပါသည်။ ဤအခြေခံလိုအပ်ချက်အပေါ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အလေးအနက်ထား ကျယ်ကျယ်ပြန့်ပြန့် ရည်ညွှန်းပြောဆိုသွားသည်ကို တွေ့ရှိရပါသည်။ ထိုင်းတက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများအား ဒေါ်အောင်ဆန်းစုကြည်က **"Myanmar, ASEAN and the World: The Way Forward"** ခေါင်းစဉ်ဖြင့် ပြောကြားမည်ကိုလည်း သတိပြုမိပါသည်။ ဤဟောပြောပွဲသည် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံကြား ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရေးလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ဒေသဖြစ်သကဲ့သို့ မြန်မာနိုင်ငံသူနိုင်ငံသားတို့အား ကိုယ်စားပြုလျက် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံ၏ အာဆီယံအပေါ်ခံယူချက် သဘောထား၊ မြန်မာနိုင်ငံ၏ ကမ္ဘာ့အမြင်တို့ကို တင်ပြခြင်းလည်းဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုသော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံ မြန်မာလူမျိုးတို့၏ ဂုဏ်သိက္ခာမြင့်မားရေးကို ဖော်ဆောင်လိုက်ခြင်းဖြစ်ပါသည်။ ချုပ်၍တင်ပြရပါက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ထိုင်းနိုင်ငံချစ်ကြည်ရေးခရီးစဉ်သည် တိုင်းပြည်၏ အမျိုးသားရေးလိုအပ်ချက်ကို မီးမောင်းထိုး တင်ပြခြင်းဖြစ်သကဲ့သို့ နိုင်ငံသူနိုင်ငံသားတို့အပေါ် အလေးဂရုပြုမေတ္တာထားခြင်းကိုလည်း ဖော်ကျူးနေပါသည်။ ။



## နောင်သခေါ ကျေးလက်ကျောက်ချောလမ်းခင်း

**နောင်ချို ဇွန် ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခြေမြစ်ပင်-နောင်သခေါကျေးလက်လမ်းကို ကျောက်ချောလမ်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ဇွန် ၂၃ ရက်တွင် ပြီးစီးခဲ့ကြောင်းသိရသည်။ ယင်းကျောက်ချောလမ်း ရေရှည်တည်တံ့စေရန်အတွက် မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်ထွန်းနှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

အဆိုပါလမ်း ပြီးစီးသွားပြီဖြစ်၍ ရာသီမရွေးဒေသထွက်ကုန်သီးနှံများ ပို့ဆောင်ရောင်းဝယ်မှုမှာ ယခင်ကထက်လွယ်ကူချောမွေ့မြန်ဆန်တော့မည် ဖြစ်သဖြင့် ကျေးရွာပြည်သူများ ဝမ်းသာလျက်ရှိကြောင်းသိရသည်။

**စိုးဝင်း(နောင်ချို)**

## ပေတောကျေးရွာ မူလတန်းကျောင်း၌ ကျောင်းဆောင်သစ်ဖွင့်

**တပ်ကုန်း ဇွန် ၂၅**

နေပြည်တော်တပ်ကုန်းမြို့နယ် တဲမြင့်ကျေးရွာအုပ်စု ပေတောကျေးရွာ အမှတ်(၁၁၈) အခြေခံပညာမူလတန်းကျောင်း၌ လူထုဗဟိုပြုစီမံကိန်း ထောက်ပံ့ငွေဖြင့် ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဇွန် ၂၄ ရက်က အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မီမီထွေးနှင့် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီမှ Ms. ANNE LOUISE GRINSTED တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါကျောင်းတွင် အလျား ပေ ၁၂၀၊ အနံ ၄၄ ပေရှိသည့် ကျောင်းဆောင်သစ်တစ်ဆောင်၊ လေးခန်းတွဲအိမ်သာတစ်လုံး တည်ဆောက်ခဲ့ရာ စုစုပေါင်းခန့်မှန်းကုန်ကျငွေသိန်း ၃၅၀ ဖြစ်ပြီး ကျောင်းမြေအကျယ်အဝန်းမှာ ၄ ဒသမ ၅ ဧကဖြစ်၍ ကျောင်းသားကျောင်းသူပေါင်း ၁၇၉ ဦး ပညာသင်ကြားလျက်ရှိကြောင်းသိရသည်။

**တင်စိုးလွင်**

ထင်သာမြင်သာပြုပြင်စရာ

## ဇမ္ဗူသီရိမြို့နယ်၌ ရပ်ကွက်အချို့တွင် ကျွဲ/နွားများ ထိန်းကျောင်းသူမဲ့ လွှတ်ကျောင်းထားခြင်း တားမြစ်ပေးစေလို

**နေပြည်တော် ဇွန် ၂၅**



နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ သုခသိဒ္ဓိရပ်ကွက်နှင့် အချို့သောရပ်ကွက်များအတွင်း အနီးဝန်းကျင်ရှိကျေးရွာများမှ ကျွဲ/နွားများသည် ထိန်းကျောင်းမည့်သူမပါဘဲ စည်းကမ်းမဲ့လွှတ်ကျောင်းထားခြင်းကြောင့် ညဥ့်အခါကွန်ကရစ်လမ်းများပေါ်တွင် အိပ်စက်ခြင်း၊ မစင်များစွန့်ခြင်းတို့အပြင် နေ့အခါဝန်ထမ်းများ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားသော သီးပင်စားပင်များနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန် စိုက်ပျိုးထားရှိသည့် သစ်ပင်ပန်းမန်များမှာလည်း ပျက်စီးယိုယွင်း၍ သန့်ရှင်းသာယာမှုကို အကျည်းတန်အရုပ်ဆိုးခြင်းများ ဖြစ်ပေါ်စေကြောင်း ရပ်ကွက်နေပြည်သူများက ပြောသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို စနစ်တကျပြုလုပ်ပါက ဒေသခံများ၏ အကျိုးစီးပွားမှာ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သကဲ့သို့ စည်းကမ်းမဲ့ လွှတ်ကျောင်းထားခြင်းကြောင့် မသမာသူများက လွယ်လင့်တကူ ခိုးယူသွားလျှင်လည်း ဆုံးရှုံးမှုဖြင့် ရင်ဆိုင်ရမည်ဖြစ်ကာ ၎င်းတို့အကျိုးစီးပွားကို ထိခိုက်နိုင်စေမည် ဖြစ်ကြောင်း ဝဏ္ဏသိဒ္ဓိရပ်ကွက်နေသူတစ်ဦးက ပြောသည်။ ထို့အပြင် ညဥ့်အခါ ရပ်ကွက်အတွင်းရှိလမ်းများပေါ်တွင် အိပ်စက်ခြင်းကြောင့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များနှင့် မတော်တဆတိုက်မိကာ လူနှင့်တိရစ္ဆာန်တို့၏ အသက်အန္တရာယ်ကိုပါ စိုးရိမ်နေရသည်ဖြစ်ရာ သက်ဆိုင်ရာအနေဖြင့် တိရစ္ဆာန်မွေးမြူသူပိုင်ရှင်များနှင့် တွေ့ဆုံ၍ ပညာပေးဆွေး နွေးမှုများကို ဆောင်ရွက်ပေးစေလိုကြောင်း ရပ်ကွက်နေပြည်သူများက ပြောသည်။

**ကိုပေါက်(ဥက္ကာမြေ)**

## ကျောင်းသန့်ရှင်းရေးနှင့် ကျန်းမာရေး အသိပညာပေးဟောပြော

**ပေါက်တော ဇွန် ၂၅**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့ အထကခန်းမ၌ ကျောင်းသန့်ရှင်းရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး ရက်သတ္တပတ်ဆောင်ရွက်မှု အသိပညာပေးဟောပြောပွဲကို ဇွန် ၂၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာစိုးယုမာက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့ ဒုရဲမှူးဦးဘစုက မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသိမ့်သိမ့်ထွန်းက ကျောင်းကျန်းမာရေးနှင့် ပတ်သက်သည့် အကြောင်းအရာများကို ပြောကြားကာ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးမျိုးမင်းထွန်းက သဘာဝဘေးအန္တရာယ်များ အကြောင်းကို ပြောကြားသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အေးလွင်(ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၅-၆-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၆၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၅၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၉၀ / ၅၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၉.၀ |
| ဥရောပ | တစ်ယူရို | ၁၃၁၇.၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၅၆.၄၉ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၄၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၃၈၂ |
| တရုတ် | တစ်ယွမ် | ၁၇၈.၉၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၆.၉၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❖ *ရှေ့ဖုံးမှ*

မိမိတို့နိုင်ငံ၏ ကိစ္စအားလုံးသည် မိမိတို့နှင့် သက်ဆိုင်ကြောင်း၊ ပြောရမည်ဆိုပါက လူသားများ၏ကိစ္စသည် မိမိတို့နှင့်ဆိုင်ကြောင်း၊ မိမိတို့ရရှိထားသည့် အထူးအခွင့်အရေးကို အများအကျိုးအတွက် အသုံးချစေလိုပါကြောင်း၊ နိုင်ငံ၏ဂုဏ်သိက္ခာကို စောင့်ထိန်းရန်မှာ နိုင်ငံသူ၊ နိုင်ငံသားအားလုံးနှင့် သက်ဆိုင်ပါကြောင်း၊ ပြည်ပတွင် ရောက်ရှိနေသည့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးသည် မိမိတို့နိုင်ငံ၏ သံတမန်များဟုပြောလျှင် မမှားကြောင်း၊ ထို့ကြောင့် အိမ်ရှင်နိုင်ငံ၏ ဥပဒေစည်းကမ်းများအတိုင်း နေထိုင်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားအရေး ဆောင်ရွက်နေသည့် အဖွဲ့အစည်း ၁၃ ဖွဲ့မှ တာဝန်ရှိသူများအား မြန်မာသံရုံး၌ ဆက်လက်တွေ့ဆုံပြီး ရွှေ့ပြောင်းအလုပ်သမားများ၏ ပညာရေး၊ ကျန်းမာရေး၊ ထိုင်းနိုင်ငံက သတ်မှတ်ထားသည့် အလုပ်သမားအခွင့်အရေးများအား ဥပဒေဘောင်အတွင်းမှ အပြည့်အဝရရှိရေး၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် သက်ဆိုင်သည့် အထောက်အထားစာရွက်စာတမ်းများရရှိရေး၊ အနိမ့်ဆုံးလုပ်ခလစာရရှိရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားအရေး ဆောင်ရွက်နေသည့် အဖွဲ့အစည်း၁၃ ဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ ဆွေးနွေးစဉ်

(ဓာတ်ပုံ - သတင်းစဉ်)

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ သံရုံးမိသားစုများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ရန်ကုန်မြို့သို့ ညပိုင်းတွင် ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့တွင် မြန်မာ့ပုလဲအတွဲ ၂၀၀ ရောင်းချ

**နေပြည်တော် ဇွန် ၂၅**

(၅၃) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။ **(အောက်ပုံ)**

ပြပွဲကျင်းပသည့် နံနက်ပိုင်းမှ စတင်၍ မဏိရတနာ ကျောက်စိမ်းခန်းမအတွင်းနှင့် အပြင်တို့တွင် ခင်းကျင်းပြသထားသည့် မြန်မာ့ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာများကို တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ စင်ကာပူ၊ ထိုင်း၊ ဩစတြေးလျ စသည့် ပြည်ပကျောက်မျက်ရတနာကုန်သည်များနှင့် ပြည်တွင်းကျောက်မျက်ရတနာကုန်သည်များက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြပြီး မြန်မာ့ပုလဲအတွဲများ ဝယ်ယူနိုင်ရေးအတွက် တင်ဒါများ တင်သွင်းကြသည်။



ညနေပိုင်းတွင် တင်ဒါတင်သွင်းထားသူများမှ ဝယ်ယူခွင့်ရရှိသူများကို ထုတ်ပြန်ကြေညာရာ ယူရိုငွေ ၁ ဒသမ ၇ သန်းကျော်တန်ဖိုးရှိ မြန်မာ့ပုလဲအတွဲ ၂၀၀ ရောင်းချခဲ့သည်။

(၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်သည် ကျောက်စိမ်း၊ ကျောက်မျက်အတွဲများ တင်ပြရောင်းချရန် အပ်နှံမှုများအပေါ် လျာထားသတ်မှတ်ရခြင်းဖြစ်၍ ကျောက်စိမ်းကျောက်မျက်အတွဲများ များပြားပါက သတ်မှတ်ကာလထက်စော၍ လည်းကောင်း၊ အချိန်ကာလ ပိုမိုကျင်းပခြင်းဖြင့်လည်းကောင်း ရောင်းချနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အမေရိကန်သံရုံးတို့ ပူးပေါင်း၍ အင်္ဂလိပ်စာအထူးပြုသင်တန်းများ ဖွင့်လှစ်

**နေပြည်တော် ဇွန် ၂၅**

Lower Mekong Initiative (LMI) အစီအစဉ်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးတို့ ပူးပေါင်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာထမ်းငယ်များအတွက် English for Professional Communication သင်တန်းကို နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ ဇွန် ၈ ရက်မှ ၁၇ ရက်အထိ လည်းကောင်း၊ အလယ်အလတ်အဆင့်နှင့် အထက်အရာထမ်းများအတွက် The LMI Communication Skills for Leaders သင်တန်းကို နိုင်ငံခြားရေးဝန်ကြီးဌာန ရန်ကုန်၌ ဇွန် ၂၁ ရက်မှ ၂၅ ရက်အထိ လည်းကောင်း ဖွင့်လှစ်ပို့ချခဲ့သည်။

English for Professional Communication သင်တန်းသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာထမ်းငယ် ၂၁ ဦးနှင့် The LMI Communication Skills for Leaders သင်တန်းသို့ အလယ်အလတ်အဆင့်နှင့်အထက်အရာထမ်း ၁၆ ဦး ပါဝင်တက်ရောက်ခဲ့ကြသည်။

အဆိုပါ သင်တန်းများတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန English Language Fellow Program မှ နည်းပြဆရာမ Ms. Kelly Vassar နှင့် Ms. Marie Katherine Snider တို့က လာရောက်ပို့ချခဲ့ပြီး အင်္ဂလိပ်ဘာသာဖြင့် မိန့်ခွန်းများ၊ မှတ်တမ်းများ၊ အစီရင်ခံစာများ၊ ကောင်းမွန်စွာရေးသားနိုင်စေရန်နှင့် ဒေသတွင်းနှင့် နိုင်ငံတကာအစည်းအဝေးများတွင် ကျွမ်းကျင်စွာ ပြောဆိုဆွေးနွေးနိုင်စေရန် အဓိကထားလေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရွှေ့ပြောင်းနေထိုင်သူများနှင့် စက်ရုံအလုပ်သမားများအား ရက် ၁၀၀ စီမံချက်ဖြင့် မှတ်ပုံတင်ထုတ်ပေး

**ရန်ကုန် ဇွန် ၂၅**

ရွှေပြည်သာမြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးနှင့် မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဦးစီးမှူးတို့က ရွှေပြည်သာစက်မှုဇုန်(၂)တွင်ရှိသော စက်ရုံတို့မှ ရွှေ့ပြောင်းနေထိုင်သူများနှင့် အလုပ်သမားများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော မှတ်ပုံတင်ထုတ်ပေးခြင်းကို ရက် ၁၀၀ စီမံချက်နှင့်အညီ ဇွန် ၂၅ ရက် နံနက် ၁၀ နာရီက အထည်ချုပ်စက်ရုံများ၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

"အဓိက ရက် ၁၀၀ စီမံချက်ကို အကောင်အထည်ဖော်နေပါတယ်။ ရပ်ကွက်/ကျေးရွာထဲမှာ သာမန်ရွှေ့ပြောင်းနေထိုင်သူတွေ၊ စာသင်ကျောင်းနဲ့ စက်ရုံလုပ်သားတွေကို အိမ်ထောင်စုစာရင်းနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်အောင် ဆောင်ရွက်ပါတယ်။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနဲ့ ပူးပေါင်းပြီးတော့ စက်ရုံတွေမှာ ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ စာရင်းကောက်ပြီး ဆောင်ရွက်တယ်။ ဒီအထည်ချုပ်စက်ရုံမှာ လုပ်သားထောင်ကျော်ထဲက မှတ်ပုံတင်ကျန်နေတဲ့ ၅၈ ဦးကို စက်ရုံမှာပဲ ဆောင်ရွက်ပေးတာပါ။ ရပ်ကွက်ထဲက လူငယ်တွေအများစုဟာ စက်ရုံမှာရှိနေတော့ စက်ရုံကို တိုက်ရိုက်လာပြီး ဆောင်ရွက်ပေးတာဟာ အလုပ်သမားတွေအတွက် အထူးအဆင်ပြေစေပါတယ်။ ကျန်တဲ့စက်ရုံတွေနဲ့ စာသင်ကျောင်းတွေက ၁၀ နှစ်ကျော် ကျောင်းသားတွေကိုပါ ဆက်လက်ဆောင်ရွက်ပေးဖို့ရှိပါတယ်"ဟု ရန်ကုန်မြောက်ပိုင်းခရိုင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအုန်းမြင့်က ပြောသည်။

ရွှေပြည်သာစက်မှုဇုန်၌ လှိုင်သာယာစက်မှုဇုန်ထက် စက်ရုံနည်းသော်လည်း ယခုနှစ်စပိုင်းမှစ၍ စက်ရုံလုပ်သားနှင့် ရွှေ့ပြောင်းလုပ်သားဝင်ရောက်မှု များပြားလာလျက်ရှိပြီး အလုပ်သမားတို့၏ သတ်မှတ်အခွင့်အရေးနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမြန်ဆုံးကိုင်ဆောင်ခွင့်ရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်မိုးက ပြောကြားကာ KMCအထည်ချုပ်စက်ရုံမှ အလုပ်သမားများကလည်း လုပ်ငန်းခွင်မပျက် ဆောင်ရွက်ပေးမှုအပေါ် ကျေနပ်အားရ အချိန်ကုန်သက်သာစွာ လျက်ရှိကြောင်း သိရသည်။



**(၁၆၄)**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံ ခရီးစဉ် မှတ်တမ်း ပုံရိပ်များ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံ နခွန်ပထုမ်ခရိုင် ဘန့်ဟိုးအောင် စံပြကျေးရွာနှင့် **SAMPRAN Riverside** သို့ သွားရောက်ရာ လမ်းခရီး၌ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ထိုင်းနိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ ပို့ဆောင်နှုတ်ဆက်ကြစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံ မြန်မာသံရုံး၌ **Assumption University** မှ မြန်မာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံပြောကြားစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံ နခွန်ပထုမ်ခရိုင် ဘန့်ဟိုးအောင် စံပြကျေးရွာနှင့် **SAMPRAN Riverside** သို့ သွားရောက်၍ ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ ကြိုဆိုကြစဉ်

# လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်အတွက် ရှုပ်ထွေးနေသည့်ဆားဗစ်ကြိုးများကို စနစ်တကျရှင်းလင်းဆောင်ရွက်

**ရန်ကုန် ဇွန် ၂၅**

ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းက မြို့တော်အင်္ဂါရပ်နှင့် အညီ သန့်ရှင်းသာယာလှပစေရန်နှင့် လျှပ်စစ်အန္တရာယ် ကင်းဝေးစေရန် အတွက် ရှုပ်ထွေးနေသည့် ဆားဗစ်ကြိုး များနှင့် အမြင်မတင့်တယ်သည့် ဆားဗစ် ကြိုးများကို ယနေ့နံနက်ပိုင်းတွင် တာမွေ မြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် အတွင်း ရှင်းလင်းလျက်ရှိရာသို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့် သွားရောက်ကြည့်ရှုရာ ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ ဥက္ကဋ္ဌ ဦးမောင်မောင်လတ်နှင့် တာဝန် ရှိသူများက လုပ်ငန်းများ ဆောင်ရွက်နေ မှုအား ရှင်းလင်းတင်ပြသည်။

ထို့အတူ ယနေ့ နံနက်ပိုင်းက ဒဂုံမြို့သစ်တောင်ပိုင်း ၆၅ ရပ်ကွက်တွင် ရှုပ်ထွေးနေသည့် ဆားဗစ်ကြိုးများ၊ ရှည်လျားနေသည့် ဆားဗစ်ကြိုးများ၊ အမြင်မတင့်တယ်သည့် ဆားဗစ်ကြိုး များကို စနစ်တကျဖြစ်စေရန် လုပ်ငန်း များဆောင်ရွက်နေမှု၊ ၁၈ ရပ်ကွက်နှင့် ၂၀ ရပ်ကွက်တို့တွင် 200 KV ထရန် စဖော်မာအသစ်တပ်ဆင်ပြီး ဓာတ်အား ပို့လွှတ်ရန်ဆောင်ရွက်နေမှုတို့ကို ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေး ရှင်းမှ တာဝန်ရှိသူများနှင့် လွှတ်တော် ကိုယ်စားလှယ်များ သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။ **(ယာပုံ)**

ထိုကဲ့သို့ ရှုပ်ထွေးရှည်လျားနေ သည့် လျှပ်စစ်ဆားဗစ်ကြိုးများ၊ အမြင် မတင့်တယ်သည့် ဆားဗစ်ကြိုးများကို စနစ်တကျဆောင်ရွက်ခြင်းဖြင့် လျှပ်စစ် ဓာတ်အားပြည့်ပြည့်ဝဝ ရရှိနိုင်မည့် အပြင် လျှပ်စစ်အန္တရာယ်လည်း ကင်း ဝေးသွားမည်ဖြစ်သည်။

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ တာဝန်ရှိသူများသည် ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်၌ လျှပ်စစ် ဓာတ်အားဖြန့်ဖြူးပေးရန် ပုဂ္ဂလိကမှ တာဝန်ယူဆောင်ရွက်နေသည့် Myanmar Global Lighting Star Co., Ltd ရုံးခန်းကို မြို့နယ်လျှပ်စစ်မန်နေဂျာ ရုံး (ဒဂုံမြို့သစ်တောင်ပိုင်း) တွင် ဖွင့်လှစ် ပေးခဲ့သည်။





ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းသည် တိုင်းဒေသကြီး ခရိုင်လေးခရိုင်အတွင်းရှိ တာမွေ၊ လှိုင်သာယာ၊ လှိုင်နှင့် ဒလမြို့နယ်တို့ တွင် ရှုပ်ထွေးနေသည့် ဆားဗစ်ကြိုး များ၊ ရှည်လျားနေသည့် ဆားဗစ်ကြိုး များ၊ အမြင်မတင့်တယ်သည့် ဆားဗစ် ကြိုးများကို ပြည်သူများ လျှပ်စစ် အန္တရာယ်ကင်းဝေးစေရန်နှင့် မြို့တော် အင်္ဂါရပ်နှင့်အညီဖြစ်ရန် အဓိက ဦးစား ပေးဆောင်ရွက်သွားမည် ဖြစ်သည်။ ကျန်မြို့နယ်များကိုလည်း အပိုင်းလိုက် လုပ်ဆောင်သွားရန် မြို့နယ်များရှိ လျှပ်စစ်ရုံးများသို့ ညွှန်ကြားထား ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြောင်းလဲနေသည့် ခေတ်စနစ်ကိုထင်ဟပ်အားကောင်းစေမည့် တေးသီချင်းများ ရေးသားထုတ်လွှင့်နိုင်ရေး တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇွန် ၂၅**

တေးသီချင်းများသည် ဂီတအသံနှင့် ပေါင်းစပ်လိုက်ပါက ပိုပြီးအားကောင်း ထိရောက်မှုရှိလာမည်ဖြစ်ပြီး တေးသီချင်း၊ ဂီတအသံနှင့် ရုပ်မြင်သံကြားပူးပေါင်း လိုက်သည့်အခါ ပိုပြီးသက်ရောက်မှုရှိလာ မည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က ပြောကြားသည်။ **(ယာပုံ)**

ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင် သံကြားအစည်းအဝေးခန်းမ၌ ပြန်ကြား ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တေးရေးပညာရှင် များတွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စု ဝန်ကြီးကထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် တေးရေးဂီတ ပညာရှင်ကြီးများအား တေးသီချင်းများ ရေးသားပေးရန် အကူ အညီတောင်းလိုပါကြောင်း၊ မြန်မာ့ အသံနှင့် ရုပ်မြင်သံကြားသည် အများ ပြည်သူနှင့် ဆက်ဆံသည့်အခါ အားရှိ သည့် မီဒီယာတစ်ခုဖြစ်သည်ဟု မြင်ပါ ကြောင်း၊ နိုင်ငံရေးခေတ်စနစ် ပြောင်းလဲ လာသည့်အခြေအနေတွင် အနုပညာ ခံစားမှုများအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှတစ်ဆင့် ပြည်သူများ အား တွေ့မြင်စေလိုပါကြောင်း။



ပြောင်းလဲနေသည့် ဒီမိုကရေစီ ခေတ်စနစ်ကို ထင်ဟပ်အားကောင်းစေ မည့် တေးသီချင်းများကို ရေးသားထုတ် လွှင့်စေလိုပါကြောင်း၊ တေးရေး တေးဆို ပညာရှင်များ၏ လုပ်ငန်းအခက်အခဲ များအား ဝန်ကြီးဌာနဘက်မှ ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါ ကြောင်း၊ ပြောင်းလဲနေသည့်ကာလတွင် တေးဂီတဆိုင်ရာ လိုအပ်နေသော ကွက် လပ်အား ဝိုင်းဝန်းဖြည့်ဆည်းပေးစေ လိုပါကြောင်း၊ အဆိုပါ ရည်ရွယ်ချက် များဖြင့် တွေ့ဆုံခြင်းဖြစ်ပြီး အကြံဉာဏ် များကိုလည်း ပေးစေလိုပါကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက် ပြောကြားသည်။

ထို့နောက် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသော တေးရေး ပညာရှင်များက တေးဂီတလောက ဖွံ့ဖြိုး တိုးတက်ရေးနှင့်စပ်လျဉ်း၍ အကြံပြု ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန် ရှိသူများ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ တေးရေးပညာရှင်များနှင့် တာဝန်ရှိသူ များ တက်ရောက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှင့် ရေကူးအသံလွှင့် စက်ရုံတို့ကို သွား ရောက်ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

# ခေတ်စနစ်ကိုထင်ဟပ်အားကောင်းစေမည့် တေးသီချင်းများ ရေးသားထုတ်လွှင့်နိုင်ရေး တေးရေးပညာရှင်များ၏သဘောထားအမြင်များ

**ရန်ကုန် ဇွန် ၂၅**

ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည် လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တေးရေးပညာရှင် များတွေ့ဆုံဆွေးနွေးခဲ့ရာ ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ တေးရေးပညာရှင်များ၏ သဘောထားအမြင်များကို ကောက်နုတ် ဖော်ပြလိုက်ရပါသည်။

**တေးရေးပညာရှင် ဟသ်ာတမြင့်ငွေ (မြန်မာနိုင်ငံဂီတ အစည်းအရုံး နာယက)**

မြန်မာ့အသံတေးသီချင်းစိစစ်ရေး ဘုတ်အဖွဲ့မှာလည်း ကိုယ်တိုင်ပါဝင်နေပါ တယ်။ အနုပညာအခြေခံရှိတဲ့ပုဂ္ဂိုလ် ဝန်ကြီးဖြစ်တော့ ဆွေးနွေးရတာ အားလုံး ကျေနပ်ပါတယ်။ တိုင်းပြည်အတွက် အကျိုးပြုမယ့် တိုင်းကျိုးပြည်ပြုသီချင်း တွေကို ထူထူပိန်းပိန်းကြီးတွေမရေးဘဲ ပါးပါးနဲ့ အနုပညာဆန်ဆန်ရေးသားပေး ကြဖို့ဆွေးနွေးကြတယ်။ အဲဒီအချက်ကို ကျေနပ်တယ်။ အနုပညာတစ်ခုကို ဖန်တီး တယ်ဆိုတာ အတုံးလိုက်အတစ်လိုက် ရေးရင်မကောင်းဘူး၊ ကိုယ်တင်ပြချင်တဲ့ အကြောင်းအရာကို ကိုယ်တတ်ထားတဲ့ သိထားတဲ့အသိနဲ့ ဖတ်ထားတဲ့စာအုပ် တွေထဲက အကြောင်းအရာတွေ၊ အချက် အလက်တွေကို ကိုယ်စုဆောင်းထားတဲ့ အနုပညာအမွေနဲ့ ဖန်ဆင်းလိုက်တာ အနုပညာမြောက်သွားတယ်။ အနုပညာ က လွတ်လပ်ခွင့်ရှိရမယ်။ ရေးကြပါလို့ ပြောတဲ့အတွက် ကျေကျေနပ်နပ်ရေး ပါမယ်။ သီချင်းကောင်းတွေပေါ်လာမယ်၊ MRTV, MRTV-4 တို့ကနေ သီချင်း ကောင်းတွေပြည်သူကြားကို ပေါ်ထွက် လာပါမယ်။

**တေးရေးပညာရှင် ဦးမြင့်မိုးအောင်**

နိုင်ငံတော်ကခေတ်သစ် စနစ်သစ် နဲ့ ပြောင်းသွားတဲ့ အချက်လေးတွေကို ပေါ်လွင်စေမယ့် အနုပညာတေးသီချင်း ဖန်တီးမှုလေးတွေကို ဆောင်ရွက်ဖို့ ပြည်ထောင်စုဝန်ကြီးက မေတ္တာရပ်ခံ တာကို ကျွန်တော်တို့ဘက်ကလည်း လိုလိုလားလား အားတက်သရော အားလုံး ဝိုင်းဝန်းဆောင်ရွက်ပေးကြ မယ့်သဘောပြောဖြစ်ပါတယ်။ ဂီတ လောကရဲ့ လတ်တလောအနေအထား လေးတွေ၊ ဂီတလောကတိုးတက်ဖို့ လုပ် ဆောင်ချက်တွေကို ဂီတပညာရှင်တွေ တင်ပြကြသလို ဝန်ကြီးကလည်း ဖြေရှင်း ရမယ့်နည်းလမ်းတွေကို ပေးသွားပါ တယ်။ တိုးတက်တဲ့အခြေအနေ တွေ့ရတဲ့ အတွက် ဝမ်းသာအားရမိပါတယ်။

**တေးရေးပညာရှင် နောင်နောင် (ဆန်းဖလားဝါး)**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို ဒီထက်ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေ ချင်တဲ့ဆန္ဒရှိပါတယ်။ ခေတ်ကိုကိုယ်စား ပြုတဲ့ တေးသီချင်းတွေထွက်ရမယ်၊ ခေတ် ကို ကိုယ်စားပြုတဲ့ အနုပညာ ဝန်ဆောင်မှု တွေရှိရမယ်၊ ပညာရှင်ဆိုတဲ့ သုခုမဂီတ ကြေးတွေရှိသင့်တယ်လို့ ထင်ပါတယ်။ ဒါဆိုရင် မိသားစုဘဝရပ်တည်မှု ခိုင်မာ ပြီး အနုပညာလည်း ပိုမိုဖွံ့ဖြိုးတိုးတက် မှု အားကောင်းလာမယ်လို့ ထင်ပါတယ်။



တေးရေးပညာရှင် ဟသ်ာတမြင့်ငွေ (မြန်မာနိုင်ငံဂီတအစည်းအရုံးနာယက)



အောင်နိုင်စန်း တေးရေးပညာရှင်



ဦးမြင့်မိုးအောင် တေးရေးပညာရှင်

ကျွန်တော်တို့ မြန်မာ့အသံနှင့်ရုပ်မြင် သံကြားကို ကြိုဆိုပြီး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားမှာပါ။ ဖန်တီးမှုဂီတ အနုပညာတွေနဲ့ အားတက်သရော လုပ်အားလာပေးမှာပါ။

**တေးရေးပညာရှင် အောင်နိုင်စန်း**

အရင်ကလို အကျိုးပြုတေးတွေကို ထူထူထဲထဲကြီးတွေနဲ့ သွယ်ဝိုက်ရေးတာ မဟုတ်ဘဲ ပါးပါးလျားလျားနဲ့ ပြည်သူ တွေကြားကို ရောက်စေချင်တာ၊ အဓိက ရောက်ဖို့ MRTV ကနေ ဆောင်ရွက်ရ မှာ။ ဒါကြောင့် MRTV ကို ပံ့ပိုးပေးဖို့ ဝန်ကြီးက ပြောတာပါ။ ကျွန်တော်တို့ ဘက်ကလည်း လိုလိုလားလား လုပ်ပေး မှာပါ။ မူပိုင်ခွင့်နဲ့ပတ်သက်ပြီး ဥပဒေတွေ အကောင်အထည်ဖော်လာဖို့ရှိပါတယ်။ သီချင်းခွင့်ပြုချက်တွေ ကြိုတင်ခွင့် တောင်းဖို့ ဆွေးနွေးခဲ့ပါတယ်။

**တေးရေး၊ တေးဆို အနဂ္ဂ**

ဒီမိုကရေစီအရေးနဲ့ ပတ်သက်ပြီး တော့ မြန်မာ့အသံကနေ အစီအစဉ်တွေ ဒီမိုကရေစီအကြောင်းအရာရော၊ အနှစ် သာရရော သိစေချင်တဲ့ အစီအစဉ်တွေ အဓိက ထုတ်လွှင့်ပေးဖို့၊ လုပ်ဆောင်ပေး ဖို့၊ သီချင်းအားဖြင့်ဖြစ်စေ၊ ရုပ်ရှင်အား ဖြင့်ဖြစ်စေ၊ ကာတွန်းအားဖြင့်ဖြစ်စေ ဘယ်လိုပုံစံမျိုး မီဒီယာမျိုးကိုပဲ သုံးသုံး၊ ဒီမိုကရေစီအရေးကို ပိုပြီးတော့ လူတွေ နားလည်အောင် အနှစ်သာရဆိုတာ ဘာလဲဆိုတာဆွေးနွေးတယ်၊ နိုင်ငံတော် အဆင့် မြန်မာ့အသံကနေ တန်ဖိုးရှိ လာတဲ့ ဒီမိုကရေစီနဲ့ပတ်သက်တဲ့ အစီ အစဉ်တစ်ခုကို လုပ်ဆောင်ပေးဖို့ ဆွေး နွေးခဲ့ပါတယ်။

**ရီရီမြင့်၊ ဥမ္မာသန့်**

# ပေကျင်းကြေညာစာတမ်းမှ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်သို့

**ခင်ဓာတု**

ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၉၉၅ ခုနှစ်က ချမှတ်ခဲ့သော ပေကျင်းကြေညာစာတမ်းနှင့် လုပ်ငန်းစဉ်များ (Beijing Declaration and Platform for Action) သည် ယခုအခါ အနှစ်(၂၀) ကျော်ပြီဖြစ်သည်။ ကြားကာလ ၂၀၀၀ ပြည့်နှစ် မှ ၂၀၁၅ ခုနှစ်အထိ ဆောင်ရွက်ရန် ကုလသမဂ္ဂက ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင် (Millennium Development Goals) ရှစ်ခုကိုလည်း ချမှတ်ခဲ့သည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံက စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင် (Sustainable Development Goals) ၁၇ ခုကို အကောင်အထည်ဖော်ရန် သဘောတူညီခဲ့ကြသည်။ ဤ အနှစ်(၂၀) ကာလအတွင်း အမျိုးသမီးစွမ်းပကားမြင့်မားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၏ ရရှိသောအောင်မြင်မှုများ၊ တွေ့ကြုံခဲ့ရသော အခက်အခဲများနှင့် ဆောင်ရန်ရှောင်ရန်များသည် ရှေ့ဆက်မည့်ခရီးလမ်းအတွက် များစွာအထောက်အကူဖြစ်မည်။

ပေကျင်းလုပ်ငန်းစဉ်ကဏ္ဍ ၁၂ ရပ်နှင့် ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင် ရှစ်ခုတို့ကို အကောင်အထည်ဖော်ခဲ့သည့် အနှစ်(၂၀)ကာလကို ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးအဖွဲ့အစည်းများနှင့် အမျိုးသမီးခေါင်းဆောင်များက ပေကျင်း+၂၀ ဟု သတ်မှတ်ခေါ်ဆိုကြသည်။

**ပေကျင်း+၂၀ အကျိုးကျေးဇူးကြေညာစာတမ်း**

ပေကျင်း+၂၀ ညီလာခံကို ၂၀၁၆ ခုနှစ် မတ်လတွင် ကုလသမဂ္ဂရုံးချုပ်တွင် ကျင်းပခဲ့ပြီး ပေကျင်း+၂၀ အကျိုးကျေးဇူးကြေညာစာတမ်းကို ထုတ်ပြန်ခဲ့သည်။ ဤကြေညာစာတမ်းတွင် ပါဝင်သောအချက်များမှာ ဥပဒေများ၊ မဟာဗျူဟာနှင့် နည်းဗျူဟာများ အကောင်အထည်ဖော်ရေး တိုးမြှင့်ဆောင်ရွက်ရာတွင် ခိုင်မာစွာလုပ်ဆောင်ရန် ကျား-မတန်းတူညီမျှရေးလုပ်ငန်းစဉ်များ အထောက်အကူပြုရေးကို တိုးမြှင့်ဆောင်ရွက်ရန်၊ ခွဲခြားမှုရှိသည့် လူမှုရေးစံနှုန်းများနှင့် အမျိုးသားအမျိုးသမီးအပေါ်ထားရှိသည့် ရှေးရိုးအစဉ်အလာ အစွဲထားခြင်းနှင့် စပ်လျဉ်းသည်များကို ရင်ဆိုင်ဖြေရှင်းရန်၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းဖြင့် အင်အားကွာဟမှုကို ကျဉ်းမြောင်းစေရန်၊ တည်ဆဲကတိကဝတ်များ၊ စာရင်းဇယားကောက်ယူမှုများ၊ စောင့်ကြည့်စစ်ဆေး အကဲဖြတ်ခြင်းများ တာဝန်ခံဆောင်ရွက်ရာတွင် တိုးမြှင့်ဆောင်ရွက်ရန်တို့ဖြစ်သည်။

ပေကျင်း+၂၀ ကာလတွင် အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို သုံးသပ်ကြည့်မည်ဆိုလျှင် တိုးတက်သည့်ကဏ္ဍရှိသလို လိုအပ်ချက်များလည်း ကျန်ရှိနေသေးသည်ကိုတွေ့ရသည်။

**တိုးတက်အောင်မြင်သည့်ကဏ္ဍ**

တရားဥပဒေပိုင်းဆိုင်ရာကဏ္ဍတွင် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံသည့်ဥပဒေများကို ပယ်ဖျက်နိုင်သကဲ့သို့ ကျား - မ တန်းတူညီမျှရေးနှင့် အမျိုးသမီး/ အမျိုးသမီးငယ်ရွယ်များအပေါ် အကြမ်းဖက်မှုမှတားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေများကိုလည်း ပြဋ္ဌာန်းနိုင်ခဲ့သည်။

မူလတန်းနှင့် အလယ်တန်းပညာသင်ကြားမှုတွင် မိန်းကလေးများ၏ ကျောင်းအပ်နှံမှု သိသိသာသာတိုးလာသည်ကို တွေ့ရပါသည်။

လုပ်သားစွမ်းအားကဏ္ဍတွင် အမျိုးသမီးပါဝင်မှုများလာသည်ကို အချို့သော ဒေသများတွင် တွေ့ရှိရသည်။

ကိုယ်ဝန်ဆောင်မိခင်သေဆုံးနှုန်းမှာ ၁၉၉၀ ပြည့်နှစ်ဝန်းကျင်ကာလမှစတင်၍ ၄၅ % ကျဆင်းလာသည်။

ပြည်ထောင်စုအဆင့် လွှတ်တော်များတွင် ၁၉၉၅ ခုနှစ်က အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၁၁ % သာ ရှိခဲ့သော်လည်း ယနေ့အချိန်အခါ၌ ၂၂ % အထိ ရှိလာပြီဖြစ်၍ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ အရေအတွက် နှစ်ဆများလာသည်ကို တွေ့ရှိရသည်။

ကမ္ဘာ့နိုင်ငံများအားလုံးက အရေးထားသည့် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် အမျိုးသမီးကဏ္ဍတွင် သိသာထင်ရှားသော စံသတ်မှတ်ချက်သို့ ရောက်ရှိနေပြီဖြစ်သည်။

သို့ရာတွင် - မည်သည့်နိုင်ငံမှ ကျား-မ တန်းတူညီမျှမှု မရရှိသေးခြင်း၊ တိုးတက်မှုနှေးကွေးခြင်း သို့မဟုတ် ရပ်တန့်နေခြင်းနှင့် အချို့သောကိစ္စရပ်များတွင် ဆုတ်ယုတ်မှုများရှိခြင်း၊ အချို့နိုင်ငံများတွင် အမျိုးသမီးများအား ဘက်ပေါင်းစုံမှ ခွဲခြားဆက်ဆံခံနေရခြင်းကြောင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များ တိုးတက်မှုအတွက် အထူးနှေးကွေးခြင်းတို့ကြောင့် အောင်မြင်မှုရရှိသင့်သလောက်မရရှိဘဲ ရည်မှန်းချက်ပန်းတိုင်ကို မကျော်ဖြတ်နိုင်ခဲ့ပေ။

**ကျန်ရှိနေသော လိုအပ်ချက်များ**

**လုပ်အားခကြေးငွေ -** ကမ္ဘာပေါ်ရှိ အမျိုးသမီး ၅၀ % ခန့်သည် လုပ်အားခရရှိသောအလုပ်ခွင် သို့မဟုတ် လခစားဝန်ထမ်းအနေဖြင့် လုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်နေကြပါသည်။ ၁၉၉၀ ပြည့်နှစ်ဝန်းကျင်ကာလက ရှိခဲ့သည့် အမျိုးသမီးလုပ်သားဦးရေထက် ယခုအချိန်တွင် ၄၀ % ပိုများလာသည်ဟု သိရှိရပါသည်။ သို့ရာတွင် ကုလသမဂ္ဂ UN Women ၏ ဖော်ပြချက်အရ နိုင်ငံပေါင်း ၈၃ နိုင်ငံ၏ စာရင်းဇယားများကို လေ့လာလျှင် တူညီသောလုပ်ငန်းတစ်ခုအတွက် အမျိုးသမီးများရရှိသော လုပ်အားခသည် အမျိုးသားများရရှိသော လုပ်အားခထက် ၁၀ - ၃၀ % နည်းပါးသည်ဟု ပါရှိပါသည်။ ဤကွာဟချက် ကျဉ်းမြောင်းစေရေးကို အနာဂတ်ကာလတွင် ကြိုးပမ်းရဦးမည်ဖြစ်သည်။

**နိုင်ငံရေး -** နိုင်ငံတကာလွှတ်တော်များတွင် အမျိုးသမီးပါဝင်လာမှုရာခိုင်နှုန်းမှာ လွန်ခဲ့သော အနှစ်(၂၀)ထက် နှစ်ဆနီးပါးတက်လာသည်ကို တွေ့ရသော်လည်း အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်အရေအတွက်မှာ ၂၂ % သာရှိသဖြင့် ယခုထက် ပိုမိုများပြားလာရန် ကြိုးစားရဦးမည်ဖြစ်သည်။

**အကြီးတန်းစီမံခန့်ခွဲရေး -** စီးပွားရေးတွင် ရှေ့တန်းမှရှိနေသော ကုမ္ပဏီပေါင်း ၅၀၀ တွင် ထိပ်ပိုင်းအုပ်ချုပ်နေသော အမှုဆောင်အရာရှိချုပ် (စီအီးအို)ရာထူးတွင် ၁၉၉၈ ခုနှစ်က အမျိုးသမီးတစ်ဦးသာ ရှိခဲ့သော်လည်း ၂၀၁၄ ခုနှစ်တွင် အမျိုးသမီး ၂၅ ဦးထိ တိုးပွားလာသည်။ သို့သော် ဤအရေအတွက်သည် အမှုဆောင်အရာရှိချုပ် စုစုပေါင်းအရေအတွက်၏ ၅ % သာဖြစ်သည်။ သို့ဖြစ်ပါ၍ စွမ်းဆောင်ရှင်အမျိုးသမီး များများ မွေးထုတ်နိုင်ရန် စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍကို တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်သည်။

## အမျိုးသမီးအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ပါဝင်ဆောင်ရွက်မှုနှင့် ၎င်းတို့၏ပြောဆိုချက်များကို အလေးထားပြီး အစဉ်တစိုက် ပွင့်လင်းမြင်သာသော လုပ်ဆောင်မှုများဖြင့် ဆောင်ရွက်ကြမည်ဆိုလျှင် အမျိုးသား၊ အမျိုးသမီး တန်းတူညီမျှရေးလုပ်ငန်းစဉ်သည် ရည်မှန်းချက်ပန်းတိုင်သို့ သတ်မှတ်ချိန်မတိုင်မီ ရောက်ရှိမည်

**အမျိုးသမီးများအပေါ် အကြမ်းဖက်မှု -** ၁၉၉၃ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ကြေညာစာတမ်းကို ထုတ်ပြန်ခဲ့ပြီး တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မူဘောင်များ ချမှတ်ပေးခဲ့သည်။ သို့ရာတွင် အနှစ်(၂၀)ကျော်လွန်ခဲ့သော်လည်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှာ လျော့နည်းလာခြင်းမရှိသည့်ပြင် အဖြစ်အများဆုံး အကြမ်းဖက်မှုမှာ မိမိလက်တွဲဖော်၏ အကြမ်းဖက်ခြင်းပင်ဖြစ်သည်။ ပညာပေးခြင်းနှင့် ဥပဒေအကောင်အထည်ဖော် ဆောင်ရွက်ခြင်းလုပ်ငန်းများ အောင်မြင်ရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ရာ၌ ဒေသတွင်းနှင့် ပြည်တွင်းရှေ့လုပ်ငန်းစဉ် စီမံချက်များချမှတ်၍ လက်တွဲညီညီ ဆောင်ရွက်နိုင်မှသာလျှင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုလျော့နည်းသွားပေမည်။

**သုံးသပ်ချက်**

အနှစ်(၂၀)တွေ့ရှိချက်ပေါ်အခြေခံ၍ သင်ခန်းစာယူနိုင်ရန် သုံးသပ်ကြည့်မည်ဆိုပါက - ကဏ္ဍအသီးသီးပေါ်တွင်ထားရှိသည့် မညီမျှသော အလေးထားမှု၊ ယခုထက်တိုင်ရှိနေသော မညီမျှသည့် အမျိုးသားနှင့် အမျိုးသမီး အားပြိုင်မှု၊ ခွဲခြားမှုရှိသည့် လူမှုရေးစံနှုန်းများနှင့် အမျိုးသား၊ အမျိုးသမီးအပေါ်ထားရှိသည့် ရှေးရိုးအစဉ်အလာပုံသေအစွဲများ၊ အမျိုးသမီးအခွင့်အရေးများနှင့် စပ်လျဉ်း၍ ရှေးရိုးဆန်ပြီး တစ်ဖက်သတ် လက်မခံခြင်းနှင့် စီးပွားရေးမတည်ငြိမ်ခြင်းနှင့် ကပ်ဆိုက်ခြင်း၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမှုဆိုင်ရာ ကြီးမားသောဘဏ္ဍာလိုငွေ အခြေအနေဖြစ်ပေါ်နေခြင်း၊ အမျိုးသမီးနှင့် အမျိုးသမီးငယ်ရွယ်များ ခေါင်းဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်မှုနည်းခြင်းနှင့် ခိုင်မာသောတာဝန်ခံမှု ယန္တရားမရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း တွေ့ရှိရသည်။

**စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်များ**

ကုလသမဂ္ဂအထွေထွေညီလာခံက ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်၏ မပြီးပြတ်သေးသောလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်နှင့် မည်သူတစ်ဦးတစ်ယောက်မှ နောက်ချန်မထားရန်ဟူသော ရည်ရွယ်ချက်ဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင်ကို အကောင်အထည်ဖော်ရန် သဘောတူညီခဲ့ကြသည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် ရည်မှန်းချက်ကြီးကြီးထား၍ မညီမျှမှုများ လျော့နည်းရေး၊ စီးပွားရေးကောင်းမွန်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ယုတ်လျော့သွားခြင်းမရှိအောင် အကောင်အထည်ဖော်ရန်ဖြစ်သည်။ အလေးထားဆောင်ရွက်ရမည့် လုပ်ငန်းများမှ - ငြိမ်းချမ်းခြင်းနှင့်အတူ အားလုံးပါဝင်သော လူမှုအဖွဲ့အစည်းဖြစ်ရန်အတွက် အုပ်ချုပ်ရေးယန္တရား လုပ်ထုံးလုပ်နည်း၊ တရားဥပဒေစိုးမိုးရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး စသည့်တို့ဖြစ်သည်။ အကောင်ထည်ဖော်ဆောင်ရွက်ရာ၌ ဘဏ္ဍာရေး၊ ကုန်သွယ်ရေး၊ နည်းပညာ၊ စွမ်းအင်မြှင့်တင်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက်ကောက်ခံခြင်း စသည့်နည်းလမ်းများကို အသုံးပြုရန်ဖြစ်သည်။

**စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်များနှင့် ကျား-မ တန်းတူညီမျှရေး**

စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင် -(၅)သည် ကျား-မ တန်းတူညီမျှရေးအတွက် သီးသန့်ရည်မှန်းချက်ပန်းတိုင်ဖြစ်ပြီး အခြားသောရည်မှန်းချက်ပန်းတိုင်များတွင်လည်း ကျား-မ တန်းတူညီမျှရေး ရေစီးကြောင်းအဖြစ် ပါဝင်သည်။ ဤကမ္ဘာ့ရည်မှန်းချက်ပန်းတိုင်၏ အဓိကကျသော ဦးစားပေးမှုများမှာ - ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှု၊ ရိုးသားဖြောင့်မတ်မှု၊ ထုတ်ဖော်ပြောဆိုခွင့်ရမှု၊ အလွှာအသီးသီးတွင် ပါဝင်နေရာရရှိမှုနှင့် ခေါင်းဆောင်မှု၊ ရွေးချယ်နိုင်ခွင့်နှင့် အခွင့်အလမ်း ညီမျှစွာ ရရှိမှု၊ အရင်းအနှီးနှင့်ပိုင်ဆိုင်မှုများကို အညီအမျှထိန်းချုပ်နိုင်သော အခွင့်အလမ်း ရှိမှုတို့ဖြစ်သည်။ ထို့ကြောင့် လူမှုစီးပွားရေးမညီမျှမှုနှင့် လက်ရှိဖွဲ့စည်းတည်ဆောက်ပုံတွင် ကြုံတွေ့ရသောအခက်အခဲများကို ကျော်လွှားနိုင်ရန် ဇွဲရှိရှိဖြင့် ထပ်ဖန်တလဲလဲ ဆောင်ရွက်ရန်လိုအပ်သည်။

သို့ဖြစ်ပါ၍ ရှေ့ဆက်မည့်ခရီးလမ်းတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင်များနှင့် ကျား-မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ စွမ်းအင်ပြည့်လုပ်ပိုင်ခွင့်ရရှိရေး ပစ်မှတ်များကို ဦးစားပေးအကောင်ထည်ဖော်ရန် လိုအပ်ပါသည်။ နိုင်ငံတော်အစိုးရ၏ လုပ်ငန်းစဉ်များတွင် ကျား-မ တန်းတူညီမျှရေးအတွက် နိုင်ငံတော်၏စီမံကိန်းများတွင် ယေဘုယျအားဖြင့်လည်းကောင်း၊ ကဏ္ဍတစ်ရပ်အနေဖြင့် လည်းကောင်း၊ ကျား-မ တန်းတူညီမျှရေး ရေစီးကြောင်းအနေဖြင့် ထည့်သွင်းသင့်ပါသည်။ ထို့အပြင် ကျား-မ တန်းတူညီမျှရေးအတွက် ရန်ပုံငွေနှင့် ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်သင့်သည်။ စာရင်းဇယားများတွင် အချက်အလက်များကို ကျား၊မ ခွဲခြားကောက်ယူရန်လိုအပ်သည်။

အမျိုးသမီးအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ပါဝင်ဆောင်ရွက်မှုနှင့် ၎င်းတို့၏ပြောဆိုချက်များကို အလေးထားပြီး အစဉ်တစိုက် ပွင့်လင်းမြင်သာသော လုပ်ဆောင်မှုများဖြင့် ဆောင်ရွက်ကြမည်ဆိုလျှင် အမျိုးသား၊ အမျိုးသမီး တန်းတူညီမျှရေးလုပ်ငန်းစဉ်သည် ရည်မှန်းချက်ပန်းတိုင်သို့ သတ်မှတ်ချိန်မတိုင်မီ ရောက်ရှိမည်မှာ မလွဲဧကန်ဖြစ်ပါသည်။

**မြန်မာအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး**

မြန်မာအမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင်မှစ၍ စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံမှ ချမှတ်သော ပေကျင်းလုပ်ငန်းစဉ်၏ ကဏ္ဍ(၁၂)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အမျိုးသားအဆင့်ယန္တရားအဖြစ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကိုဖွဲ့စည်းခဲ့ပါသည်။ ဤနေ့ကို မြန်မာအမျိုးသမီးများနေ့ဟု သတ်မှတ်ကာ နှစ်စဉ်ကျင်းပပါသည်။ ထို့အတွက်ကြောင့် ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့၏ သမိုင်းကြောင်းမှာ ၁၉၉၅ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ကျင်းပခဲ့သော စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံမှ အစပြုသည်ဟု ဆိုနိုင်ပါသည်။ ယခုဆိုလျှင် အနှစ်(၂၀)တိုင်ခဲ့ပါပြီ။ ဤဆယ်စုနှစ် နှစ်ခုအတွင်း အမျိုးသမီးအဖွဲ့အစည်းများသည် မိမိတို့တတ်စွမ်းသည့်ဘက်မှ ပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုများရရှိခဲ့ကြသည်။ သို့ရာတွင် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မြန်မာအမျိုးသမီးများ၏ ဖွံ့ဖြိုးမှုသည် အခြားနိုင်ငံများ၏ အမျိုးသမီးများနည်းတူ ကျား-မ တန်းတူညီမျှရေးတွင် လိုအပ်ချက်များနှင့် ကွာဟချက်များရှိဆဲဖြစ်သည်။ ထိုကွာဟချက်ကျဉ်းမြောင်းစေရန် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် အမျိုးသမီးအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု အရပ်ဘက်အဖွဲ့အစည်းများနှင့် မြန်မာအမျိုးသမီးထုတစ်ရပ်လုံးက ပေကျင်းလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်ခြင်းနှင့်အတူ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင်များသို့ ရောက်ရှိရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။



**ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့တွင် ကျောင်းသန့်ရှင်းရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ရက်သတ္တပတ် အထိမ်းအမှတ် ဟောပြောပွဲကို ဇွန် ၂၅ ရက်က ကြာအင်းဆိပ်ကြီး အထကကျောင်း ပညာတန်ဆောင်ခန်းမ၌ ကျင်းပပြီး ကျောင်းဝင်းအတွင်း၌ အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးကြစဉ်**
မျိုးမင်းဦး(ပြန်/ဆက်)

## တောင်းပန်အပ်ပါသည်

၂၅-၆-၂၀၁၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၆)ပါ **“ဂျပန့်သူလျှိုနှင့် ရှေ့နေ ဦးဘတင်”** ဆောင်းပါးတွင် အယ်ဒီတာတစ်ဦး ပြန်ဆိုသည့် ဂျပန့်သူလျှိုစာအုပ်ကို ဒုတိယအကြိမ် ထုတ်ဝေသူအမည်ကိုဖော်ပြရာ၌ တကောင်းစာအုပ်တိုက်ဟူ၍ မှားယွင်းဖော်ပြမိပါသည်။ အမှန်မှာ ဒုတိယအကြိမ်ထုတ်ဝေသူမှာ ရတနာပုံစာအုပ်တိုက်ဖြစ်ပါသည်။ ထိုသို့မှားယွင်းဖော်ပြမိသဖြင့် “တကောင်းစာအုပ်တိုက်” အား တောင်းပန်အပ်ပါသည်။

**မြင့်ဆွေဦး**

# သစ်ပင်စိုက်ပျိုးခြင်းသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်သဖြင့် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ရှင်သန်အောင်စိုက်ပျိုး

**နေပြည်တော် ဇွန် ၂၅**

သစ်ပင်စိုက်ပျိုးခြင်းသည် အများပြည်သူအတွက် အေးမြသည့် အရိပ်အာဝါသကို ဖန်တီးပေးသည့် လုပ်ဆောင်ချက်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ကာ သဘာဝဘေးဒဏ်များကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်၍ အမျိုးသားရေးစိတ်ဓာတ်ဖြင့် စေတနာထားကာ ရှင်သန်အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရန်လိုကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၁၆ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်စဉ် အမှာစကားပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ် ခရေပင်ကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဇနီးက ကံ့ကော်ပင်ကို လည်းကောင်း စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများက စိုက်ပျိုးပင်များအား သတ်မှတ်နေရာအသီးသီးတွင် စိုက်ပျိုးကြသည်။

ထို့နောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အရာရှိ စစ်သည်၊ မိသားစုဝင်များ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

ယနေ့ ကျင်းပသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ၏ ၂၀၁၆ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၅၀၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေများတွင်လည်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို ယနေ့နံနက်ပိုင်းတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပကြပြီး တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့စိုက်ပျိုးသည့် စိုက်ပျိုးပင် စုစုပေါင်းမှာ ၄၀၄၉၇ ပင်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# မြန်မာ-ဆွစ်ဇာလန် ပညာရေးကဏ္ဍတွင်ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇွန် ၂၅**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ဆွစ်ဇာလန်နိုင်ငံ Winterthur မြို့တွင် ဇွန် ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပသော ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ နည်းပညာနှင့် သက်မွေးပညာ၊ ကျွမ်းကျင်မှုနှင့် လေ့ကျင့်ရေးညီလာခံသို့ တက်ရောက်ခဲ့သည်။

ညီလာခံကို ကမ္ဘာ့တစ်ဝန်းနည်းပညာနှင့် သက်မွေးပညာ၊ ကျွမ်းကျင်မှုနှင့် လေ့ကျင့်ရေးကဏ္ဍအား အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား လေ့လာသိရှိနိုင်ရန်နှင့် မျှဝေနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး နိုင်ငံပေါင်း ၇၈ နိုင်ငံမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း ဆွစ်ဇာလန်နိုင်ငံသမ္မတနှင့် တွေ့ဆုံ၍ နည်းပညာနှင့် သက်မွေးပညာ၊ ကျွမ်းကျင်မှုနှင့် လေ့ကျင့်ရေးကဏ္ဍ ဆောင်ရွက်နေမှုများ၊ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် Vaud ပြည်နယ် ပညာရေးဝန်ကြီးနှင့် တွေ့ဆုံ၍ ဆွစ်ဇာလန်နိုင်ငံ၏ ပညာရေးကဏ္ဍ ဆောင်ရွက်နေမှုများ၊ ပညာရေးကဏ္ဍတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း Lucerne မြို့ရှိ Shindler Company နှင့် Montreux မြို့ရှိ ဟိုတယ်သင်တန်းကျောင်းများသို့ သွားရောက်၍ လုပ်ငန်းခွင်အခြေပြုနည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး ဆောင်ရွက်နေမှုများအား သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာ - အစ္စရေးကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆွေးနွေး

**နေပြည်တော် ဇွန် ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဇွန် ၂၃ ရက်က အစ္စရေးသံအမတ်ကြီး H.E.Mr.Daniel Zonshine အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးညွှန့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းများသို့ သင်တန်းသားများ စေလွှတ်နိုင်ရေး၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အရေးကြီးသည့် ရေအရင်းအမြစ်စီမံခန့်ခွဲမှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာနှင့် အတတ်ပညာများမျှဝေနိုင်ရေး၊ မြန်မာ့ထုတ်ကုန်များ အစ္စရေးနိုင်ငံသို့ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် အစိုးရအချင်းချင်းသာမက နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအကြား ကူးလူးဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့ကို အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရခိုင်ကမ်းရိုးတန်းဒေသများ မိုးပိုလာနိုင်

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

(မြန်မာ့အလင်း)

# နိုင်လွေး(ခ)နိုင်လှသောင်း ဦးစီးသော လက်နက်ကိုင်အဖွဲ့ လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းဝင်ရောက်

**နေပြည်တော် ဇွန် ၂၅**

နိုင်ငံတော် လျှောက်လှမ်းနေသည့် ပါတီစုံ ဒီမိုကရေစီစနစ်တွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များကို အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ပူးပေါင်း၍ တက်ညီလက်ညီအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ် ရေးမြို့နယ် တောင်ပိုင်းတွင် လှုပ်ရှားနေသော နိုင်လွေး(ခ) နိုင်လှသောင်း ခေါင်းဆောင်သော လက်နက်ကိုင်အဖွဲ့သည် နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏ သဘောထားအမှန်ကို သိရှိနားလည်လာပြီး နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် ဥပဒေဘောင်အတွင်း ဝင်ရောက်လိုကြောင်း နယ်မြေခံတပ်မတော်စစ်ကြောင်းထံ ဆက်သွယ်လာသဖြင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးဝင်း၊ မွန်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီး ဝင်းနိုင်ဦးနှင့် တာဝန်ရှိသူများက ယနေ့ မွန်းလွဲပိုင်းတွင် ရေးမြို့နယ် နယ်မြေခံတပ်နယ်ခန်းမ၌ ၎င်းအဖွဲ့အား အခမ်းအနားဖြင့် ကြိုဆိုခဲ့ကြသည်။

ရှေးဦးစွာ တိုင်းမှူးမှ နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော အဖွဲ့ခေါင်းဆောင် နိုင်လွေး(ခ)နိုင်လှသောင်းက တိုင်းမှူးနှင့် တာဝန်ရှိသူများထံသို့ လက်နက်များလွှဲပြောင်းအပ်နှံသည်။ ထို့နောက် တိုင်းမှူးနှင့် ပြည်နယ်အစိုးရအဖွဲ့က တာဝန်ရှိသူများက ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကြသည်။ ယင်းနောက် နိုင်လွေး(ခ)နိုင်လှသောင်း ခေါင်းဆောင်သောအဖွဲ့သည် သံဃာတော်အရှင်သူမြတ်များနှင့် ပြည်သူများအား ဝန်ချတောင်းပန်သည်။

အဆိုပါ နိုင်လွေး(ခ)နိုင်လှသောင်း ခေါင်းဆောင်သော လက်နက်ကိုင်အဖွဲ့သည် အဖွဲ့ဝင် ၂၀ နှင့်အတူ လက်နက်ငယ် ၁၂ လက်၊ ဗုံးသီး ၁၂ လုံး၊ လက်ပစ်ဗုံး ၁၀ လုံး၊ လက်လုပ်မိုင်းခြောက်လုံး၊ ကျည်မျိုးစုံ ၁၀၉၉ တောင့်၊ ကျည်အိမ်မျိုးစုံ ၁၂ ခု၊ လမ်းလျှောက်စကားပြောစက်နှစ်လုံး၊ လွယ်ကြိုးတစ်ချောင်းတို့ ပါဝင်ကြောင်းသိရှိရပြီး ၎င်းအဖွဲ့ဝင်များ လူမှုဘဝလုံခြုံစွာရပ်တည်နိုင်ရေး ဥပဒေဘောင်အတွင်း အခြေချနေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးတို့အား ပြည်နယ် အစိုးရအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်တို့ ပေါင်းစပ်ညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ငွေတောင်ဆည်နယ်နိမိတ်အတွင်း အိမ်ခြံမြေ ခြံစည်းရိုးတိုင်များ ကျူးကျော်စိုက်ထူခြင်းများပြုလုပ်နေ

**လွိုင်ကော် ဇွန် ၂၅**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီမောဆိုမြို့နယ်တွင်တည်ရှိသော ငွေတောင်ဆည် နယ်နိမိတ်အတွင်း လူအချို့က အိမ်ခြံမြေပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် ခြံစည်းရိုးတိုင်များကို ခွင့်ပြုချက်မရှိဘဲ စိုက်ထူကာရံမှုများပြုလုပ်နေကြောင်း ငွေတောင်ဆည်အနီး နေထိုင်သူအချို့၏ ပြောပြချက်အရသိရသည်။

"မကြာမီကာလက ဒီမောဆိုမြို့ရဲ့ တိုးချဲ့ကွက်သစ်တွေအဖြစ် ငွေတောင်ဆည်အဖျားပိုင်းမှာ အိမ်ခြံမြေကွက်နေရာတွေ သတ်မှတ်ချထားပေးတာတွေရှိတယ်။ မြို့မြေကွက် ပုံစံလည်းထုတ်ပြီးပြီ။ အခု အဲဒီသတ်မှတ်နေရာချထားပေးတဲ့ အိမ်ခြံမြေကွက်နေရာတွေကို ကျော်လွန်ပြီး ငွေတောင်ဆည် နယ်နိမိတ်ထဲကို လူအချို့က ကျူးကျော် ခြံစည်းရိုးတိုင်စိုက်တာ တွေလုပ်နေကြတယ်။ ငွေတောင်ဆည်ကြီး ထိခိုက်ပျက်စီးသွားမှာကို စိုးရိမ်မိပါတယ်။ ဒီကိစ္စကို သက်ဆိုင်ရာက အမြန်ဆုံးဖြေရှင်းဆောင်ရွက်သင့်ပါတယ်"ဟု ဒီမောဆိုမြို့ အောင်မင်္ဂလာရပ်ကွက်နေ အမျိုးသားတစ်ဦးက ပြောသည်။ အထက်ဖော်ပြပါဖြစ်ရပ်များ ဖြစ်ပေါ်နေခြင်းနှင့်စပ်လျဉ်း၍သက်ဆိုင်ရာ ဒီမောဆိုမြို့တိုးချဲ့ကွက်သစ်မြေနေရာချထားပေးသည့် အိမ်ခြံမြေများအား ပြန်လည်စိစစ်ခြင်း၊ ငွေတောင်ဆည်နယ်နိမိတ်မှတ်တိုင်များ အသစ်စိုက်ထူခြင်း၊ ကန်ပတ်လမ်းဖောက်လုပ်ရန် စီစဉ်ဆောင်ရွက်ခြင်းတို့ပြုလုပ်နေကြောင်း သိရသည်။

ငွေတောင်ဆည်ကို ၁၉၆၃ ခုနှစ်မှ ၁၉၆၅ ခုနှစ်အတွင်း အပြီးတည်ဆောက်ခဲ့ပြီး ကန်ပေါင်အလျား ပေ ၆၀၀၀၊ အမြင့် ၃၅ ပေ၊ ကန်ရေပြည့် အမှတ် ၁၃၂ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၁၀၀၆၀ ဖြစ်ပြီး ဆည်ရေသောက် လယ်မြေဧက ၅၈၇၇ ကို စိုက်ပျိုးရေပေးဝေနေကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

❖ *ကျောဖုံးမှ*

အတွက် မိမိတို့အစိုးရအနေဖြင့် ပွင့်လင်းမြင်သာမှုရှိပြီး လွယ်ကူလျင်မြန်စေမည့် မူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်ကာစနစ်တကျ လွှဲပြောင်းနိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ အချို့မြေယာကိစ္စများမှာမူ တည်ဆဲမြေယာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီဆောင်ရွက်ရမည်ဖြစ်၍ အချိန်အတိုင်းအတာတစ်ခုအထိ စောင့်ဆိုင်းပေးရမည် ဖြစ်ပါကြောင်း။

သိမ်းဆည်းခံ လယ်ယာမြေပြဿနာများသည် ရိုးရိုးသားသားနှင့် တရားဥပဒေကို အမှန်တကယ် နားမလည်၍ မှန်ကန်မှုမရှိသည်များလည်း ရှိနိုင်သကဲ့သို့ မရိုးမသား မမှန်မကန်ပြုလုပ်နေသည်များလည်းရှိနိုင်ပါကြောင်း၊ ထို့ကြောင့် ကော်မတီအဆင့်ဆင့်အနေဖြင့် သိမ်းဆည်းခံ လယ်ယာမြေပြဿနာများကို တရားဥပဒေဘောင်အတွင်းမှ တရားမျှတခြင်းရရှိအောင် စေတနာကရုဏာဖြင့် ကူညီပေးလိုသည့် မေတ္တာစိတ်အရင်းခံဖြင့် နည်းလမ်းတကျ ရဲရဲတင်းတင်း ကိုင်တွယ်ဖြေရှင်းဆုံးဖြတ်ဆောင်ရွက်ရန် အမှန်တကယ်လိုအပ်ကြောင်း။

ထိုသို့ ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် လယ်မဲ့၊ ယာမဲ့နှင့် အလုပ်အကိုင်အခွင့်အလမ်းမရှိ၍ ကျေးလက်ဒေသကို စွန့်ခွာသွားမှုများ၊ မြို့ကြီးပြကြီးများသို့ မိသားစုလိုက် ရွှေ့ပြောင်းကျူးကျော်နေထိုင်မှုများ၊ ပြည်ပနိုင်ငံများသို့ ဆင်းရဲဒုက္ခခံပြီး နည်းလမ်းမျိုးစုံဖြင့် သွားရောက်လုပ်ကိုင်နေမှုများ၊ မြန်မာပြည်မှ ခေတ်ပညာတတ် လုပ်ငန်းကျွမ်းကျင်မှုရှိသော လူ့စွမ်းအားအရင်းအမြစ်များ ပြည်ပသို့ထွက်ခွာ ဆုံးရှုံးနေမှုများသည်လည်း တဖြည်းဖြည်းလျော့ကျလာမည်ဖြစ်ကြောင်း။

ထို့အပြင် မိမိတို့လယ်ယာမြေများသည် ဘိုးဘွားပိုင်အမွေအနှစ် အစစ်ဖြစ်သည့်အတွက် သားစဉ်မြေးဆက် အမွေဆက်ခံခွင့်ရရှိထားသည်ကို တန်ဖိုးထားပြီး စားနပ်ရိက္ခာဖူလုံမှုရရှိအောင် သာမက ပိုလျှံအောင်စိုက်ပျိုးလုပ်ကိုင်သွားကြရန်နှင့် ယခင်က မိမိတို့နိုင်ငံသည် အာရှဆန်အိုးကြီးအဖြစ် အမွှမ်းတင်ခံရဖူးသည်ကို ဂုဏ်ယူဖွယ်အမှတ်ရနေကြရန် မေတ္တာရပ်ခံတိုက်တွန်းလိုပါကြောင်း။

နိုင်ငံတော်အစိုးရသစ်၏ အများပြည်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် မူဝါဒကိုအကောင်အထည်ဖော်ရာတွင် ကျေးလက်နေပြည်သူအများစုဖြစ်သည့် တောင်သူလယ်သမားများဘဝကို မြှင့်တင်ပေးနိုင်အောင် စိုက်ပျိုးရေးလုပ်ငန်း၌ အဓိကအခြေခံကျသည့် အသုံးမလိုပိုလျှံလယ်ယာမြေများကို မူလပိုင်ရှင်များထံ အမြန်ပြန်လည်လွှဲပြောင်းနိုင်ရေးသည်လည်း အလွန်အရေးကြီးသောကြောင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် အထူးအလေးထားဆောင်ရွက်ပေးပါရန် တိုက်တွန်းပါကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ထို့နောက် ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီက စွန့်လွှတ်မြေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ယခုကဲ့သို့ ပြန်လည်ပေးအပ်ရာတွင် တောင်သူတစ်ဦးချင်း မိမိလုပ်ကိုင်နေသည့် ဧရိယာအတိုင်း ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ပြီး ဒေသခံတောင်သူများ အကြားပြဿနာတစ်စုံတစ်ရာမရှိပါက ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်များ ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ထင်က စွန့်လွှတ်မြေများ ပြန်လည်ပေးအပ်ခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ ပြည်သူ့လွှတ်တော်လယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းက ရောဝတီတိုင်းဒေသကြီး၏ လယ်ယာကဏ္ဍနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက မအူပင်ခရိုင်မှ တောင်သူနှစ်ဦးနှင့် ဖျာပုံခရိုင်မှ တောင်သူတစ်ဦးတို့ကို စွန့်လွှတ်မြေလုပ်ပိုင်ခွင့်များအား ပေးအပ်သည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မအူပင်ခရိုင်မှ တောင်သူနှစ်ဦးအား လည်းကောင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ဖျာပုံခရိုင်မှ တောင်သူ နှစ်ဦးအားလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီက မအူပင်ခရိုင်နှင့် ဖျာပုံခရိုင်တို့မှ တောင်သူတစ်ဦးစီအားလည်းကောင်း စွန့်လွှတ်မြေလုပ်ပိုင်ခွင့်များအား ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် တောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ညောင်တုန်းမြို့သို့ရောက်ရှိပြီး ညောင်တုန်းမြို့တာပတ်လမ်းတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး (၉)မှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတို့က ရောဝတီမြစ်ခွဲဖြစ်သော ပန်းလှိုင်မြစ် ရေဘေးကာကွယ်ရေးတာဖြစ်သည့် ညောင်တုန်းမြို့ပတ်တာ ပြုပြင်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ရောဝတီမြစ် ရေလွှဲဖြတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို ယခုနှစ်ဖေဖော်ဝါရီလတွင် စတင်ဆောင်ရွက်ခဲ့မှု၊ မြစ်ကမ်းပြိုကမ်းစားမှုများ ထိန်းချုပ်ရေးအတွက် မြစ်ကြောင်းပိတ်ခြင်း၊ မြစ်ကမ်းထိန်းခြင်းနှင့် ပန်းတာ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ညောင်တုန်းမြို့ပတ်တာ ပြုပြင်မြှင့်တင်ခြင်းလုပ်ငန်းအဖြစ် ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့ ရေဘေးကာကွယ်ရေးတာ(စည်ပင်တာ) အလျား ပေ ၁၁၄၀၀ အား သတ်မှတ်အမြင့် (ACL)အထိမြှင့်တင်ခြင်း၊ တာအခြေတွင် Toe Wall ထောက်၍ အုတ်ရိုးရေကာနံရံ (Parapet Wall) တည်ဆောက်၍ တာပေါင်မြှင့်တင်ခြင်း၊ ကွန်ကရစ်ရေကာနံရံ တည်ဆောက်ခြင်း၊ ပန်းလှိုင်မြစ်ကမ်းထိန်းသိမ်းခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယခုနှစ်ဇွန်လ ပထမပတ်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဓနုဖြူမြို့နယ် အုန်းပင်ကွင်း ကျေးရွာသို့ ရောက်ရှိပြီး တောင်သူ ဦးအုန်းခိုင်၏ လယ်မြေ ၅ ဒသမ ၈ ဧကအတွင်း မိုးစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ဟင်္သာတခရိုင် ဇလွန်မြို့ ဝါသလရွာနှင့် မေဒုံရွာအနီးရှိ မေဒုံပန်းတာနှင့် မြစ်ကမ်းထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မေဒုံပန်းတာမှာ အလျားပေ ၅၇၀၀ နှင့် ပျမ်းမျှ အမြင့် ၁၈ ပေဖြစ်ပြီး ယခုနှစ် မတ်လအကုန်တွင် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**




**လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြန်လည် စွန့်လွှတ်လယ်ယာမြေများအား မူလတောင်သူများသို့ ပြန်လည်ပေးအပ်ခြင်း အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်** (သတင်းစဉ်)

# ၂၀၁၅- ၂၀၁၆ ပညာသင်နှစ်ပညာရည်ချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၂၅**

ဇေယျာသီရိမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ၂၀၁၅- ၂၀၁၆ ပညာသင်နှစ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများအား မန်းအောင်ငြိမ်း ဖောင်ဒေးရှင်းက ပညာရည်ချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာ အောင်မြေဘုံရတနာ စိမ်းစားပင်ကျောင်း၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီးမန်းအောင်ငြိမ်း ဖောင်ဒေးရှင်းနာယက ဒေါ်ခင်လေးသက်၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ ဇေယျာသီရိမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေ၊ ဇေယျာသီရိမြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**







# မြန်မာအမျိုးသားလေကြောင်းလိုင်းလေယာဉ်နှင့် မန်းရတနာပုံလေကြောင်းလိုင်းမှလေယာဉ် တောင်ပံများ ထိခိုက်မှုဖြစ်ပွား

**ထားဝယ် ဇွန် ၂၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် ယနေ့မွန်းလွဲ ၁ နာရီခန့်က မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်နှင့် မန်းရတနာပုံလေကြောင်းလိုင်းမှ လေယာဉ်တို့ ထိခိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မန်းရတနာပုံလေကြောင်းလိုင်းမှ (ATR-72-600) လေယာဉ်သည် ရန်ကုန်-ထားဝယ်-မြိတ်-ကော့သောင်း-မြိတ်-ထားဝယ်-ရန်ကုန် ခရီးစဉ်အဖြစ် ထားဝယ်လေဆိပ်သို့ မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ်အချိန် ဆင်းသက်ခဲ့ပြီး ပြန်လည်ထွက်ခွာရန် (Apron) တွင် ပြေးလမ်းဘက်သို့ မျက်နှာမူ၍ စောင့်ဆိုင်းနေစဉ် မြန်မာအမျိုးသား လေကြောင်းလိုင်းမှ (EMBRAER – 190) လေယာဉ်သည် ရန်ကုန်-ထားဝယ်-ကော့သောင်း-ထားဝယ်-ရန်ကုန်ခရီးစဉ်အဖြစ် ထားဝယ်လေဆိပ်သို့ ဆင်းသက်ပြီး လေယာဉ်ရပ်နားရန်နေရာ Apron သို့ ဝင်ရောက်စဉ် ယာဘက်တောင်ပံစွန်းချင်း တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ထိခိုက်မှုကြောင့် မန်းရတနာပုံလေယာဉ်၏ ယာဘက်တောင်ပံအောက်ဘက်တွင် ကိုးလက်မခန့် ပေါက်ပြဲခဲ့ပြီး မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်၏ ယာဘက်တောင်ပံစွန်း အနည်းငယ်ပျက်စီးခဲ့ကြောင်းနှင့် လေယာဉ်နှစ်စင်းလုံးရှိ ခရီးသည်များနှင့် ဝန်ထမ်းများ တစ်စုံတစ်ရာ ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

အဆိုပါ လေယာဉ်နှစ်စင်းအား ပြန်လည်ပြင်ဆင်နိုင်ရန်အတွက် ထားဝယ် လေဆိပ်၌ ရပ်နားထားပြီး ခရီးသည်များအား မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်ဖြင့် အစားထိုးပျံသန်းပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်းဆိုင်ရာ ညှိနှိုင်းစည်းဝေး

**ရန်ကုန် ဇွန် ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက်သည်။

ညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဂေါပကအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်းဆိုသည်မှာ တစ်ခါတည်းဆုံးဖြတ်ပြီး ဖွဲ့စည်း၍မရနိုင်ကြောင်း၊ ဂေါပကအဖွဲ့၏ လက်ရှိရေးဆွဲထားသည့် စည်းမျဉ်း၊ စည်းကမ်းများ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လိုက်လျောညီထွေမှု ရှိ၊ မရှိ တို့ကိုအခြေခံပြီး ပြုပြင်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ပြင်ဆင်စရာရှိသည်များကိုလည်း ဂေါပကအဖွဲ့၊ သာသနာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ ညှိနှိုင်းပြီး မြန်မြန်ဆန်ဆန်ပြုပြင်ကာ ပြဋ္ဌာန်းမှုလုပ်ရကြောင်း၊ ပြဋ္ဌာန်းချက် ဖြစ်ပေါ်လာသောအခါ စေတီတော်ကြီးကို ထိန်းသိမ်းသည့် လုပ်ငန်းများ၌ ဆောင်ရွက်မည့် ဂေါပကအဖွဲ့ကို အတည်ပြုဖွဲ့စည်းရန်သင့်မည်ဟု ထင်ပါကြောင်းဖြင့် အကြံပြုပြောကြားသည်။

ဆက်လက်၍ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ လက်ရှိ စည်းမျဉ်း၊ စည်းကမ်းနှင့် အနေအထား၊ လျာထားသည့် စည်းမျဉ်းမူကြမ်း၊ လျာထားသည့် စည်းမျဉ်း ဆောင်ရွက်မှုများကို အပိုင်းလိုက် ရှင်းလင်းတင်ပြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်(စီမံ) ဦးစိန်ဝင်းအောင်က ဂေါပကအဖွဲ့မှ ဆောင်ရွက်ထားရှိမှု လုပ်ငန်းရပ်အခြေနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက ရွှေတိဂုံစေတီတော်ကြီး တည်တံ့ခိုင်မြဲရေးနှင့် စပ်လျဉ်းသည့် အကြံပြုချက်များ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အကြံပြုချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# အများပြည်သူသို့ အစုရှယ်ယာများ ကနဦးကမ်းလှမ်းဖိတ်ခေါ်ခြင်း အလုပ်ရုံဆွေးနွေး

**ရန်ကုန် ဇွန် ၂၅**

ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်နှင့် စင်ကာပူသမ္မတနိုင်ငံမှ Frost and Sullivan တို့ ပူးတွဲကျင်းပသည့် အများပြည်သူတို့ အစုရှယ်ယာများ ကနဦး ကမ်းလှမ်းဖိတ်ခေါ်ခြင်း (IPO Process)အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်စတော့အိတ်ချိန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ငွေချေးသက်သေခံလက်မှတ် ကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးဌေးချွန်က အမှာစကားပြောကြားပြီး Frost and Sullivan မှ Mr. Sanjay Singh က ကုမ္ပဏီများအနေဖြင့် အများပြည်သူသို့ အစုရှယ်ယာများက ကနဦးကမ်းလှမ်းဖိတ်ခေါ်ခြင်းပြုလုပ်ပါက ပါဝင်ရမည့် အချက်အလက်များ၊ လုပ်ငန်းစဉ်များ၊ IPO ပြုလုပ်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တက်ရောက်လာကြသူများက သိလိုသည်များမေးမြန်းကြရာ တာဝန်ရှိသူတို့မှ ပြန်လည်ဆွေးနွေးကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ၊ စာရင်းဝင်ကုမ္ပဏီများ၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ ငွေချေးသက်သေခံလက်မှတ် ကြီးကြပ်ရေးကော်မရှင်နှင့် ရန်ကုန်စတော့အိတ်ချိန်းတို့မှ အကြီးတန်းအရာရှိများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ယန်ဟီလီ လားရှိုးမြို့သို့ရောက်ရှိ၊ တာဝန်ရှိသူများနှင့် ဆွေးနွေး

**လားရှိုး ဇွန် ၂၅**

ကုလသမဂ္ဂ (UN) ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီနှင့်အဖွဲ့သည် မြစ်ကြီးနားမြို့မှတစ်ဆင့် လားရှိုးမြို့သို့ လေကြောင်းခရီးဖြင့် ယနေ့နံနက် ၁၀ နာရီတွင် ရောက်ရှိကြသည်။



ယင်းနောက် မစ္စယန်ဟီလီနှင့်အဖွဲ့သည် ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးရုံး ဧည့်ခန်းမ၌ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လက်ရှိအစိုးရ၏ ဦးစားပေးဆောင်ရွက်ချက်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁ရာစုပင်လုံ)နှင့် ပတ်သက်၍ ဆောင်ရွက်ချက်များ၊ ရှမ်းပြည်နယ်အတွင်း အပစ်အခတ်ရပ်စဲရေး အားသာချက် အားနည်းချက်များ၊ လူကုန်ကူးမှုတားဆီးရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးရေးအတွက် အိမ်နီးချင်း နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ သံလွင်မြစ်အတွင်း ရေကာတာတည်ဆောက်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ မေးမြန်းခဲ့ကြောင်း သိရသည်။ (ဓာတ်ပုံ)

**(ပြည်နယ် ပြန်/ဆက်)**

# မြန်မာ့ပင်လယ်ပြင်တွင် မိုးသက်လေပြင်းကျပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်

**နေပြည်တော် ဇွန် ၂၅**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကရင်နှင့် မွန်ပြည်နယ်၊ တနင်္သာရီ၊ ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်ကျား မိုးကြီးနိုင်သည်။

ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲနှင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။

မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။

**(မြန်မာ့အလင်း)**

❋ *ကျောဖုံးမှ*

တွေ့ခဲ့ရသည်။ ၂၇ မိနစ်တွင် ရတနာပုံအသင်း ပယ်နယ်တီရခဲ့ပြီး ပွဲပယ်ပြစ်ဒဏ်မှ လွတ်မြောက်ပြီး ပထမဆုံးကစားခွင့်ရခဲ့သည့် တိုက်စစ်မှူး မာတူနာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရတနာပုံအသင်း ဂိုးရနိုင်သည့်အခွင့်အရေး ရခဲ့သော်လည်း ဝင်းနိုင်စိုး လွဲချော်ခဲ့၍ ပထမပိုင်းတွင် ရတနာပုံအသင်းက တစ်ဂိုးဖြင့်သာ အနိုင်ရနေသည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားအပြောင်းအလဲ ပြုလုပ်ခဲ့ပြီး တိုက်စစ်အားမြှင့်ခဲ့သည်။ ရတနာပုံအသင်းသည် ဒုတိယပိုင်းတွင်လည်း ကစားအားတက်မလာသလို တစ်ဦးချင်းစွမ်းဆောင်ရည်မှာလည်း သာမန်သာရှိခဲ့သောကြောင့် ဂိုးရရှိရန် ရုန်းကန်ခဲ့ရသည်။ ၇၅ မိနစ်တွင် ရတနာပုံအသင်း ဒုတိယဂိုးရခဲ့ပြီး စည်သူအောင် ကန်တင်ပေးသည့် ပြစ်ဒဏ်ဘောကို မျိုးကိုထွန်းက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။

အောင်ဆန်းကွင်း၌ မကွေးအသင်းက Horizon အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မကွေးအသင်းသည် ပွဲစကတည်းက အနိုင်ဂိုးရခဲ့ပြီး ယင်းဂိုးဖြင့်ပင် သုံးမှတ်အပြည့် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မကွေးအတွက် အနိုင်ဂိုးကို နှစ်မိနစ်တွင် ဒီဂျမ်က သွင်းယူခဲ့ခြင်းဖြစ်သည်။

ယနေ့ပွဲအဖြစ် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်နှင့် ဇေယျာရွှေမြေ၊ YUSC ကွင်းတွင် ရန်ကုန်နှင့် ဧရာဝတီ၊ အောင်ဆန်းကွင်း၌ ဇွဲကပင်နှင့် Southern၊ တောင်ငူကွင်းတွင် ဟံသာဝတီနှင့် ချင်းယူနိုက်တက်တို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြော

**ရန်ကုန် ဇွန် ၂၅**

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် ပြန်/ဆက်ဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် နံရံကပ်စာစောင်၊ဓာတ်ပုံပြပွဲကို အဆိုပါရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ခရိုင်ပြန်/ဆက်ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်မော်၊ မြို့နယ်ဒုတိယရဲမှူးကြီး ကျော်ဇောနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ တက်ရောက်ကြပြီး အနောက်ပိုင်းခရိုင် မူးယစ်တပ်ဖွဲ့စု (၄၂)မှ ရဲအုပ်တေဇာလွင်က မူးယစ်ဆေးဝါးအန္တရာယ်ကြီးမားပုံအကြောင်း အသိပညာပေးဟောပြောခဲ့သည်။

**ကြူကြူ(ပြန်/ဆက်)**

# အော်တစ်ဇင်အကြောင်း သိကောင်းစရာဟောပြောပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၅**

**ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံ အော်တစ် ဇင်အသင်း (ရန်ကုန်)တို့ပူးပေါင်း၍ အော်တစ်ဇင်အကြောင်း သိကောင်းစရာ ဟောပြောပွဲကို ဇွန် ၂၅ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ IBC (International Business Centre) ၌ ကျင်းပသည်။**

အခမ်းအနားသို့ မြန်မာနိုင်ငံ အော်တစ်ဇင်အသင်း(ရန်ကုန်) အတိုင်ပင်ခံပါမောက္ခ ဒေါက်တာညဏ်ဝင်းကျော်၊ အတိုင်ပင်ခံ ဒေါက်တာတင်မဖြူ၊ အော်တစ်ဇင်အသင်းဥက္ကဋ္ဌ ဒေါက်တာမြင့်လွင်နှင့် တာဝန်ရှိသူများ၊ ကမ္ဘောဇအုပ်စု ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာများဖြစ်ကြသော ဦးမိုးဆန်းအောင်နှင့် ဦးထွန်းလင်း၊ ကမ္ဘောဇဘဏ်လီမိတက် ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဒေါ်မြင့်မြင့်ချို၊ အထွေထွေမန်နေဂျာ ဦးအောင်ကျော်စိုး၊ အနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စား ကမ္ဘောဇအုပ်စု ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးမိုးဆန်းအောင်က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာအော်တစ်ဇင်အသင်း(ရန်ကုန်)၏ အတိုင်ပင်ခံပါမောက္ခ ဒေါက်တာညဏ်ဝင်းကျော်က အာရုံကြောဖွံ့ဖြိုးမှုဆိုင်ရာ ရောဂါများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အော်တစ်ဇင်ဖြစ်ပေါ်လာရခြင်း၏ အနက်အဓိပ္ပာယ်၊ သဘောသဘာဝများကို ဒေါက်တာမြင့်လွင်က လည်းကောင်း၊ အော်တစ်ဇင်များ၏ ဓလေ့စရိုက်၊ သင်ကြားမှုပုံစံတို့ကို အတိုင်ပင်ခံ ဒေါက်တာတင်မဖြူက လည်းကောင်း ရုပ်ပုံကားချပ် ဆလိုက်များဖြင့် အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး ဦးနေထွန်းက ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် အော်တစ်ဇင်အကြောင်းသိကောင်းစရာ ဟောပြောပွဲနှင့် ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက "ကမ္ဘောဇဘဏ်အနေနဲ့ နိုင်ငံအနှံ့အပြားမှာ ဘဏ်ခွဲတွေအမြောက်အမြား ရှိပါတယ်၊ အဲဒါကြောင့် အော်တစ်ဇင်ဆိုတာ ဘယ်လိုဖြစ်တာလဲ၊ သူတို့တွေကို ဘယ်လိုကုသလို့ရှိရင် ရနိုင်သလဲဆိုတာကို သိစေချင်တယ်၊ အော်တစ်ဇင်ကလေးတွေရဲ့ ထူးခြားတဲ့ အချက်အလက်တွေကို အားလုံးသိစေချင်တယ်။ မြန်မာအော်တစ်ဇင်အသင်းအနေနဲ့ အခြားအသင်းအဖွဲ့တွေနဲ့ ပူးပေါင်းခြင်းမရှိခဲ့ပါဘူး။ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းနဲ့ ပထမဆုံး ပူးပေါင်းခြင်းဖြစ်ပါတယ်။ နောက်ထပ်လည်း ဖောင်ဒေးရှင်းနဲ့ ပူးပေါင်းပြီး အော်တစ်ဇင်ကလေးတွေအတွက် အကျိုးရှိမဲ့လုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်သွားပါမယ်"ဟု ပြောသည်။

**သူရလွင်**





# နိုဝင်ဘာရွေးကောက်ပွဲ၌ ဒေါ်နယ်ထရန့်ကို အနိုင်ရရေး ဟီလာရီကလင်တန်ကို မဲပေးရန် ဘာနီဆန်းဒါးပြော

**ဝါရှင်တန် ဇွန် ၂၅**

ယှဉ်ပြိုင်ပွဲမှ တရားဝင်နုတ်ထွက်ခြင်း မရှိသေးသော ဒီမိုကရက်တစ်ကိုယ်စားပြု သမ္မတလောင်းယှဉ်ပြိုင်သူ ဘာနီဆန်းဒါးသည် နိုဝင်ဘာရွေးကောက်ပွဲ၌ ဒေါ်နယ်ထရန့်ကို သမ္မတဖြစ်လာရေးမှ ရပ်တန့်သွားစေရန်အတွက် ပါတီမှရွေးချယ်တင်မြှောက်ထားသော ဟီလာရီကို မဲပေးရန် သောကြာနေ့က ပြောဆိုခဲ့သည်။

ဎင်းကို မောနင်းဂျိုးအစီအစဉ်မှ ရွေးကောက်ပွဲ၌ ကလင်တန်အား မဲပေးမည့်အစီအစဉ် ရှိမရှိမေးမြန်းခဲ့ရာ မဲပေးမည်ဖြစ်ကြောင်း ပြောခဲ့သည်။ ယင်းဖော်ပြချက်သည် ဟီလာရီကလင်တန်အတွက် မြောက်မြားစွာသော ဒီမိုကရက်များနှင့် မဲပေးသူများ၏ ထောက်ခံအားပေးမှုကို ရရှိစေနိုင်သည်။

"ဒေါ်နယ်ထရန့်ကို အောင်နိုင်ဖို့ တတ်နိုင်သလောက်လုပ်ဆောင်သွားမယ်၊ တကယ်လို့ထရန့်သာရွေးကောက်ခံရမယ်ဆိုရင် တိုင်းပြည်အတွက် အခက်အခဲဖြစ်စေနိုင်ပါတယ်"ဟု ဆန်းဒါးက ပြောခဲ့သည်။

ဇူလိုင်လအတွင်း ပါတီညီလာခံ၌ ဒီမိုကရက်တစ်မူဝါဒများ လွှမ်းမိုးမှုရှိစေရန် ယှဉ်ပြိုင်ပွဲ၌ ဆက်လက်ရှိနေမည်ဟု ဎင်းက ဖော်ပြခဲ့သည်။



ဎင်းသည် ပါတီအတွင်း စည်းလုံးညီညွတ်မှုပျက်ပြားစေရန် ပြောဆိုခြင်းမဟုတ်ဘဲ နိုင်ငံရေးဖြစ်စဉ်အတွင်း အမေရိကန်ပြည်သူများ ပါဝင်ပတ်သက်ရေးကို ပြောဆိုခြင်းဖြစ်ကြောင်း ဆိုသည်။
**(ဆင်ဟွာ)**

## အိန္ဒိယ-ရုရှားဆက်ဆံရေး မိုဒီနှင့်ပူတင် ရှေ့တိုးဆောင်ရွက်

**မော်စကို ဇွန် ၂၅**

အိန္ဒိယနှင့်ရုရှားနိုင်ငံ၏မျှကြလီးယားစွမ်းအင်နှင့် ဟိုက်ဒရိုကာဗွန်အခန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန် နည်းလမ်းများကိုဆောင်ရွက်ခဲ့ကြပြီးဝန်ကြီးချုပ် နာရိန္ဒြာမိုဒီနှင့်သမ္မတ ဗလာဒီမာပူတင်တို့သည် ဇွန် ၂၄ ရက်က နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကို အထူးအလေးထားဆွေးနွေးခဲ့ကြသည်။

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) အစည်းအဝေး၌ မိုဒီနှင့်ပူတင်တို့သည် သီးခြားတွေ့ဆုံခဲ့ကြပြီး နှစ်နိုင်ငံသက်ဆိုင်သည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ နှစ်နိုင်ငံခေါင်းဆောင်တို့သည် ပြည်တွင်းနျူကလီးယားစွမ်းအင်၊ သဘာဝဓာတ်ငွေ့နှင့် ရေနံဓာတုဆိုင်ရာ အခန်းကဏ္ဍတို့ကို ဆွေးနွေးခဲ့ကြောင်းသိရသည်။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးအကြောင်းအရာများလည်း ပါဝင်ပတ်သက်သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနပြောခွင့်ရသူတစ်ဦးကဆိုသည်။ အိန္ဒိယနိုင်ငံသည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်အဖြစ် ယခုနှစ်ပိုင်းအတွင်း လုပ်ငန်းစဉ်များပြီးမြောက်ရန် စာချုပ်စာတမ်း ၃၀ ခန့် လက်မှတ်ရေးထိုးမည်ဖြစ်သည်။
**(ပီတီအိုင်)**

## Brexit ကြောင့် စီးပွားရေးအကျိုးသက်ရောက်မှု ကြီးကြီးမားမား မဖြစ်ဟု မလေးရှားပြော

**ကွာလာလမ်ပူ ဇွန် ၂၅**

မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်သည် ဥရောပသမဂ္ဂမှ ဗြိတိန်ထွက်ခွာရေး ဆုံးဖြတ်ချက်မှာ မလေးရှားစီးပွားရေးအပေါ် ကြီးမားသောအကျိုးသက်ရောက်မှုရှိမှာမဟုတ်ကြောင်း သောကြာနေ့က ပြောခဲ့သည်။

မလေးရှားနိုင်ငံ၏ စီးပွားရေးပိုင်းဆိုင်ရာသည် စုစုပေါင်း ကုန်သွယ်မှုတန်ဖိုး၏ ၁ ရာခိုင်နှုန်းခန့်သာ ဗြိတိန်နိုင်ငံနှင့် ဆက်စပ်ကြောင်း နာဂျစ်က ပြောသည်။ အီးယူမှ ခွဲထွက်ပြီးနောက် အင်္ဂလန်အနေဖြင့် အရေးပါသော မဟာဗျူဟာများ ချမှတ်ရမည်ဖြစ်ရာ ကုန်သွယ်ရေးတိုးမြှင့်သင့်သည့် အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ်က ပြောသည်။ ဆက်လက်၍ ဎင်းသည် ဒေးဗစ်ကင်မရွန်း၏ နုတ်ထွက်သွားမှုအပေါ် ဝမ်းနည်းစကား ထပ်လောင်းပြောဆိုခဲ့သည်။
**(ရိုက်တာ)**

## ဂျပန်နိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သတိပေးထား

**တိုကျို ဇွန် ၂၅**

ဂျပန်နိုင်ငံတစ်ဝန်း မိုးစော၍ ရွာနိုင်ကြောင်းတိုင်းတာခဲ့ပြီးနောက် ဂျပန်နိုင်ငံအနောက်တောင်ဘက် ကျူရှူဒေသတွင် မိုးသည်းထန်စွာရွာသွန်းမှုများ ဆက်လက်ဖြစ်ပေါ်ခဲ့သည်။

မိုးလေဝသအေဂျင်စီက လေဖိအားနည်းရပ်ဝန်းကြောင့် မိုးပိုများခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ အချို့ဒေသများတွင် မိုးရေချိန်လက်မ ၄၀၀မှ ၇၀၀ မီလီမီတာ အထိရှိပြီး ကျူရှူဒေသကူမာမိုတိုစီရင်စုနှင့် ဟော့ကိုင်းဒိုးမြောက်ဘက် မိုးသည်းထန်သောနေရာများတွင် မြေပြိုမှုများဖြစ်ပွားနိုင်ကြောင်း အာဏာပိုင်များက ပြောခဲ့သည်။ မိုးလေဝသအေဂျင်စီက မြေပြိုမှုနှင့် ရေကြီးမှုများဖြစ်ပွားနိုင်သည့်နေရာများမှ ပြည်သူများကို သတိပေးမှုများ ပြုလုပ်ထားကြောင်း သိရသည်။
**(အင်န်အိတ်ချ်ကေ)**

## အင်္ဂလန်နိုင်ငံကို ခေါင်းဆောင်သစ်က ပဲ့ကိုင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းဆို

**လန်ဒန် ဇွန် ၂၅**

အီးယူမှ ဗြိတိန်ထွက်ခွာရေး မဲပေးဆုံးဖြတ်ခဲ့ပြီးနောက် အင်္ဂလန်နိုင်ငံဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းသည် ဝန်ကြီးချုပ်အဖြစ်မှနုတ်ထွက်မည်ဟုကြေညာခဲ့ပြီး အောက်တိုဘာလတွင် ဝန်ကြီးချုပ်အသစ် အစားထိုးသွားဖွယ်ရာရှိကြောင်း၊ ဝန်ကြီးချုပ်သစ်သည်နိုင်ငံကို ပဲ့ကိုင်သွားနိုင်လိမ့်မည်ဖြစ်ကြောင်း သတင်းများတွင်ဖော်ပြထားသည်။

ယခုအခါ ဗြိတိန်သည် ဥရောပသမဂ္ဂနှင့် ဆွေးနွေးညှိနှိုင်းရန် ပြင်ဆင်ရမည်ဖြစ်ကြောင်း၊ ရှေ့ဆက်လက်ဆောင်ရွက်ရန်အတွက် ခေါင်းဆောင်သစ် လိုအပ်လာပြီဖြစ်ကြောင်း ပြောခဲ့သည်။

ဒေးဗစ်ကင်မရွန်းသည် ၂၀၁၅ ခုနှစ်ကကွန်ဆာဗေးတစ်ပါတီမှ ဒုတိယအကြိမ်ရွေးကောက်ခံခဲ့ရပြီး အင်္ဂလန်နိုင်ငံဝန်ကြီးချုပ်အဖြစ် ခြောက်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

အသက် ၄၉ နှစ်အရွယ် ကွန်ဆာဗေးတစ်



ခေါင်းဆောင်ကင်မရွန်းသည် ပြည်သူအားလုံး၏ဆန္ဒကိုလေးစားရမည်ဖြစ်ကြောင်း ပြောခဲ့သည်။
**(ပီတီအိုင်)**

# တရုတ်နိုင်ငံအရှေ့ဘက် လေဆင်နှာမောင်းဝင်ရောက်မှု အိမ် ၈၀၀၀ ကျော်ပျက်စီး



**ပေကျင်း ဇွန် ၂၅**

ကျူရှူပြည်နယ်တွင် လေဆင်နှာမောင်းမုန်တိုင်းဝင်ရောက်မှုကြောင့် လူ ၉၈ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၈၄၆ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဒေသအာဏာပိုင်များက အုတ်နှင့်တည်ဆောက်ထားသော အဆောက်အအုံများပြိုကျမှုများပြားပြီး အိမ် ၈၀၀၀ ကျော်ပျက်စီးသွားကြောင်း၊ လျှပ်စစ်ဓာတ်တိုင်များကျိုးကျပြီး အချို့ဒေသများတွင် လျှပ်စစ်မီးပြတ်တောက်သွားကာ ပြင်ပကမ္ဘာနှင့်ပါ ဆက်သွယ်မှုပြတ်တောက်သွားကြောင်း ပြောကြားသည်။

မုန်တိုင်းဒဏ် အဆိုးရွားဆုံးခံစားခဲ့ရသော ရန်ချန်မြို့ရှိ အိမ်များပျက်စီးဆုံးရှုံးသွားသောကြောင့် မိသားစုများသည် ဎင်းတို့၏ ဆွေမျိုးများအိမ်တွင် ခဏတာနေထိုင်လျက်ရှိသည်။

**(ဆင်ဟွာ)**

ကျူရှူပြည်နယ်၌ လေဆင်နှာမောင်းမုန်တိုင်းဝင်ရောက်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော နေအိမ်များကိုတွေ့ရစဉ်

# အပြောကြွယ်သည့်တောင်တရုတ်ပင်လယ်

**အောင်ထူး**

**တောင်တရုတ်ပင်လယ်သည် တကယ်တော့ အပြောမကျယ်လှပါ။ သို့သော်လည်း အာဆီယံအတွင်းမှာတော့ များစွာအပြောကြွယ်လှသည့် ဘာသာရပ်တစ်ခုဖြစ်ပါသည်။ တစ်နှစ်တစ်မျိုး မရိုးရသည့်ဘာသာရပ်တစ်ခုလည်းဖြစ်ပါသည်။**

## တောင်တရုတ်ပင်လယ်

တောင်တရုတ်ပင်လယ်သည် ပစိဖိတ်သမုဒ္ဒရာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး စင်ကာပူ၊ မလက္ကာရေလက်ကြားနှင့် ထိုင်ဝမ်ရေလက်ကြားတို့အကြားတွင်ရှိပြီး စတုရန်းကီလိုမီတာ ၃ ဒသမ ၅ သန်းကျယ်ဝန်းပါသည်။ တောင်တရုတ်ပင်လယ်အနေဖြင့် အရေးပါနေရခြင်းမှာ ကမ္ဘာ့ပင်လယ်ကူးသင်္ဘောများ၏ သုံးပုံတစ်ပုံသည် တောင်တရုတ်ပင်လယ်အတွင်း ဖြတ်သန်းသွားလာနေပြီး ယင်းဒေသ၏ ပင်လယ်ကြမ်းပြင်တွင် ကြီးမားသည့်ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက် တည်ရှိနေသည်ဟု ယုံကြည်နေကြသောကြောင့်ဖြစ်ပါသည်။ တစ်ဖက်မှလည်း တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်အတွင်း မျဉ်းပြတ်ကိုးခု (nine dash lines)ကို ရေးဆွဲ၍ အစဉ်အလာအရ တရုတ်နိုင်ငံက သွားလာပိုင်ဆိုင်သည်ဟုဆိုနေသောကြောင့် ဖြစ်လေသည်။ နိုင်ငံအများကမူ ပင်လယ်သမုဒ္ဒရာအတွင်း နယ်မြေပိုင်ဆိုင်မှုနှင့်ပတ်သက်လျှင် ကုလသမဂ္ဂ၏ ၁၉၈၂ခုနှစ် ပင်လယ်ပြင်ဥပဒေ၏ အဆုံးအဖြတ်ကိုသာ ရယူရမည်ဟုဆိုပါသည်။ ကုလသမဂ္ဂပင်လယ်ပြင်ဥပဒေကို အတည်ပြုထားခြင်းမရှိသည့် အမေရိကန်ပြည်ထောင်စုပင်လျှင် ယင်းဥပဒေကိုရည်ညွှန်းကာ တောင်တရုတ်ပင်လယ်အတွင်းလွတ်လပ်စွာရေကြောင်းသွားလာခွင့် (Freedom of navigati-on)ကိုတောင်းဆိုလျက်ရှိပါသည်။

## အငြင်းပွားမှုများ

မြန်မာနိုင်ငံအာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ်က ပိုင်ဆိုင်မှုအငြင်းပွားသည့်နယ်မြေအတွင်း တရုတ်နိုင်ငံကရေနံတွင်းတူးစင် ထားရှိသည့်အတွက်ဆိုကာ ဆူဆူညံညံဖြစ်ခဲ့ဖူးပါသည်။ ယခုလည်း တောင်တရုတ်ပင်လယ်ရှိ ဒီရေကျချိန်တွင် ပေါ်လာသည့်ကျွန်းများအပေါ်တွင် မြေဖို့တည်ဆောက်မှု လုပ်ငန်းများကြောင့် ပွက်လောရိုက်လာပြန်ပါသည်။ တရုတ်နိုင်ငံအနေဖြင့် စပရက်တလေကျွန်းစုရှိ မစ်စ်ချီကျွန်းတန်းတွင် မြေဖို့ချဲ့ထွင်မှုများရှိခဲ့သောကြောင့် တရုတ်နှင့်အမေရိကန်ပြည်ထောင်စုအကြား ဆက်ဆံရေးကို တင်းမာစေခဲ့ပါသည်။အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက တရုတ်နိုင်ငံအနေဖြင့် လက်ရှိအနေအထား (Status quo)ကို ပြောင်းလဲစေပြီး မတည်ငြိမ်မှုကို ဖြစ်ပေါ်စေကြောင်း၊ နိုင်ငံတကာစည်းမျဉ်းစည်းကမ်း စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိကြောင်းနှင့် ယင်းဖို့မြေများအပေါ်တွင် စစ်ရေးလက်နက်တပ်ဆင်မှုများကို ပြုလုပ် နေကြောင်း စွပ်စွဲခဲ့ပါသည်။ အမေရိကန်ကာကွယ်ရေးဝန်ကြီးက ရေအောက်ရှိ ကျောက်တန်းများအပေါ် အခြေခံ၍ လေယာဉ်ကွင်းတည်ဆောက်မှုသည် အချုပ်အခြာအာဏာအခွင့်အရေးကို မရရှိနိုင်ရုံမျှမက နိုင်ငံတကာလေကြောင်းသွားလာမှုသို့မဟုတ် ပင်လယ်ရေကြောင်းဖြတ်သန်းသွားလာမှုကို ထိန်းချုပ်ရန်အခွင့်အာဏာရရှိလိမ့်မည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ တောင်တရုတ်ပင်လယ်နယ်မြေပိုင်ဆိုင်မှုတွင် အကျုံးဝင်နေသည့်နိုင်ငံများဖြစ်ကြသော ဖိလစ်ပိုင်နှင့်ဗီယက်နမ်တို့ကလည်း ပြင်းထန်စွာ ဝေဖန်ပြောဆိုခဲ့ကြပါသည်။ ဖိလစ်ပိုင်နိုင်ငံကလည်း တောင်တရုတ်ပင်လယ်ကိစ္စကို နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ အနုညာတခုံအမြဲတမ်းခုံရုံးသို့ တင်ပြ၍ တောင်တရုတ်ပင်လယ်နယ်မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ တရားရုံး၏ သဘောထားကိုတောင်းခံလျက်ရှိပါသည်။ တရားရုံးအနေဖြင့် ယင်းသဘောထားအပေါ် ယခုလ ၂၀၁၆ခုနှစ် ဇွန်လအတွင်း ဆုံးဖြတ်ရန်ရှိနေရာ တရုတ်နိုင်ငံကယင်းဆုံးဖြတ်ချက်ထွက်ပေါ်လာပါက အာဆီယံအနေဖြင့် ယင်းဆုံးဖြတ်ချက်အပေါ် ကြေညာချက်တစ်စုံတစ်ရာ ထုတ်ပြန်ခြင်းမပြုစေရန် လိုက်လံစည်းရုံးလျက်ရှိပါသည်။

## မဟာဗျူဟာအင်အားချိန်ခွင်လျှာပြောင်းလဲမှု

တရုတ်နိုင်ငံ၏လုပ်ဆောင်မှုသည် ယခင်ကပြောကြားချက်များ၊ ကတိကဝတ်ပြုမှုများနှင့် ကိုက်ညီမှုမရှိဟု အနောက်နိုင်ငံများကယူဆကြပါသည်။ သို့အတွက်လည်း သင်္ကာမကင်းဖြစ်မှုများ ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ ယင်းနိုင်ငံများမှ သံသယဖြစ်မှုမှာ တရုတ်အနေဖြင့် တောင်တရုတ်ပင်လယ်အတွင်းရှိ ဖို့မြေများတွင် စစ်ရေးထူထောင်ထားရှိမှုကြောင့် စပရက်တလေကျွန်းအပေါ်တွင် အပြည့်အဝထိန်းချုပ်လာနိုင်မှု၊ အထူးသဖြင့် ယင်းဧရိယာအပေါ်တွင် လေကြောင်းကာကွယ်ရေးအသိပေးဇုန်ကို ထူထောင်ကာကြီးကြပ်လာနိုင်မှုဖြစ်ပါသည်။ တောင်တရုတ်ပင်လယ်ကိစ္စနှင့်ပတ်သက်လျှင် တရုတ်နှင့်အမေရိကန်အကြားတွင် မဟာဗျူဟာအရ စဉ်းစားချက်များရှိနေသည်ကိုလည်း တွေ့မြင်နေရပါသည်။ အမေရိကန်နိုင်ငံဘက်က ကြည့်လျှင် တရုတ်နိုင်ငံသည် စီးပွားရေးတိုးတက်လာမှုကြောင့် စစ်ရေးအင်အားလည်း ကြီးထွားလာရာ ကမ္ဘာ့မဟာဗျူဟာ အင်အားချိန်ခွင်လျှာ ပြောင်းလဲမှုဖြစ်လာပါသည်။ အမေရိကန်ပြည်ထောင်စုသည် တစ်ခုတည်းသော အင်အားကြီးနိုင်ငံအဖြစ်မှ ကျဆင်းလာနိုင်သည်ဖြစ်ရာ ယင်းအဆင့်မှ မလျော့ကျစေရန် ချိန်ခွင်လျှာပြန်လည်ညှိခြင်းမူဝါဒ (Rebalancing Policy)ဖြင့်တရုတ်နိုင်ငံ၏အင်အား တိုးတက်လာမှုကို တန်ပြန်နိုင်ရန် ကြိုးစားလာပါသည်။ အာရှ-ပစိဖိတ်နိုင်ငံများနှင့် ပိုမိုထိတွေ့လာပါသည်။ ဩစတြေးလျနိုင်ငံတွင် အမေရိကန်တပ်များချထားခြင်း၊ ဖိလစ်ပိုင်နိုင်ငံနှင့်မဟာမိတ်စာချုပ်ကို ပြန်လည်အသက်သွင်းခြင်း၊ ဗီယက်နမ်နိုင်ငံနှင့် စစ်ရေးဆက်ဆံမှုများ တိုးချဲ့လာခြင်းစသည်များသည် တရုတ်နိုင်ငံအတွက် စစ်အေးကာလအတွင်းက ဖြစ်ပေါ်ခဲ့ဖူးသည့် ဝိုင်းပတ်မှု(encirclement) ပုံစံမျိုးအသွင်ဆောင်လာသည်ဟု ထင်မြင်လာပုံရပါသည်။ တရုတ်နိုင်ငံ၏အင်အားတိုးတက်မှုကို တန်ပြန်ရန် အမေရိကန်ပြည်ထောင်စုအနေဖြင့် တောင်တရုတ်ပင်လယ်ကိစ္စအပေါ်အကြောင်းရှာသည်ဟု တရုတ်နိုင်ငံက မှတ်ယူလာပါသည်။

## ကုလသမဂ္ဂပင်လယ်ပြင်ဥပဒေ

တောင်တရုတ်ပင်လယ်အတွင်းရှိကျွန်းသဏ္ဌာန်ရှိရုပ်သွင်များကိုတရုတ်၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ဘရူနိုင်း၊ ထိုင်ဝမ်နှင့် မလေးရှားနိုင်ငံများက ပိုင်ဆိုင်ကြောင်း ထုတ်ဖော်ပြောဆိုကြပါသည်။ နိုင်ငံတကာဥပဒေအရမူ ပင်လယ်အတွင်းရှိကျွန်းများနှင့်ပတ်သက်၍ အချုပ်အခြာအာဏာပိုင်ဆိုင်မှုဆိုင်ရာစံ သတ်မှတ်ချက်မှာအဆက်မပြတ်ထိရောက်သည့်နေထိုင်မှု၊ စီမံအုပ်ချုပ်မှုနှင့် ထိန်းချုပ်မှုရှိရမည်ဖြစ်ပါသည်။ တောင်တရုတ်ပင်လယ်အတွင်းရှိ စပရက်တလေကျွန်းစုတွင် ယင်းအချုပ်အခြာအာဏာပိုင်ဆိုင်မှုသဘောတရားနှင့်ကိုက်ညီသည့် ကျွန်းများစွာရှိပါသည်။ နိုင်ငံတကာဥပဒေနှင့်ကိုက်ညီ၍ အချုပ်အခြာအာဏာပိုင်ဆိုင်နိုင်သည့် တောင်တရုတ်ပင်လယ်ရှိကျွန်းများတွင် စပရက်တလေကျွန်း၊ ထိုင်ဝမ်မှအခြေချနေထိုင်သည့် တိုင်ပင်းကျွန်းတို့ပါဝင်ပါသည်။ ယင်းကျွန်းများအနေဖြင့် ကုလသမဂ္ဂပင်လယ်ပြင်ဥပဒေအရ ပိုင်နက်ပင်လယ်ပြင်ရေမိုင် ၁၂ မိုင်ကို ပိုင်ဆိုင်ရရှိနိုင်သည့်အပြင် သီးသန့်စီးပွားရေးဇုန်ရေမိုင် ၂၀၀ ကိုလည်းရရှိနိုင်ကြပါသည်။ ထို့အပြင် ကမ်းလွန်ရေတိမ်ပိုင်း၏ ရေတိမ်မှု၊ ဇောက်နက်မှုအနေအထားပေါ်မူတည်၍ ရေမိုင် ၂၀၀ မှ ၃၅၀ အထိ ပိုင်ဆိုင်နိုင်ကြပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ယင်း၏သီးသန့်စီးပွားရေးဇုန်အတွင်းရှိကျွန်းသဏ္ဌာန်ရှိ ရုပ်သွင်များ၊ ကျွန်းတုများတည်ဆောက်မှုသည် နိုင်ငံတကာဥပဒေနှင့် ကိုက်ညီသည့်တရားဝင်ကျွန်းအဖြစ် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကိုတောင်းဆိုနိုင်ခွင့်မရှိဟု ဆိုကြပါသည်။ တောင်တရုတ်ပင်လယ်အတွင်းရှိ ကျွန်းသဏ္ဌာန်ရှိရုပ်သွင်များ (ယင်းသို့ဆိုရခြင်းမှာယင်းကျွန်းများ၊ ကျောက်တန်းကျောက်ဆွယ်များသည် ဒီရေကျချိန်မှပေါ်လာသည့် ကျွန်းများဖြစ်သည့်အတွက် ကျွန်းမမယ်သည့် ကျွန်းသဏ္ဌာန်ရုပ်သွင်များဟု ခေါ်ဆိုရခြင်းဖြစ်ပါသည်။) အချုပ်အခြာအာဏာပိုင်ရေပိုင်နက်ကို တောင်းဆိုနိုင်စွမ်းမရှိဘဲ နိုင်ငံတကာဥပဒေအရ ဘေးကင်းဇုန်အဖြစ် ယင်းကျွန်းပတ်လည်၏ မီတာ ၅၀၀ ကိုသာလျှင် တောင်းဆိုနိုင်လေသည်။ ယင်းဇုန်အပေါ်တွင်မူ လေယာဉ်ဖြတ်ကျော်ပျံသန်းမည်ဆိုပါက ဖြတ်ကျော်ပျံသန်းခွင့်ကို မေတ္တာရပ်ခံရမည်ဖြစ်ပါသည်။ ယင်းဇုန်ကိုစစ်ရေးအသင့်ဇုန် (Military Alert Zone)အဖြစ်သတ်မှတ်နိုင်ပြီးယင်းဇုန်အပေါ်ဖြတ်သန်းမည့်လေယာဉ်များကိုသတိပေးချက်များ ထုတ်ပြန်နိုင်လေသည်။

## မူလအခြေအနေကိုအပြောင်းအလဲပြုလုပ်နေ

တရုတ်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံမှခြေချနေထိုင်သည့် ကွာတာရွန်ကျွန်း၊ ဖိုင်ရီခရော့စ်ကျောက်ဆောင်နှင့် ဂွန်ဆင်ကျွန်းများကို ပိုင်နက်ပင်လယ်ပြင်အဖြစ်သတ်မှတ်ထားပါသည်။ ၂၀၁၅ခုနှစ် မေလ ၂၀ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုရေတပ်မှ ပိုစေဒွန်စောင့်ကြည့်ရေးလေယာဉ်ပီ-အိတ်သည်တရုတ်နိုင်ငံမှ အုပ်ချုပ်လျက်ရှိသည့် စပရက်တလေကျွန်းတန်းရှိ ဖိုင်ရီခရော့စ် ကျောက်ဆောင်တန်းအပေါ်မှ တိုက်ရိုက်ဖြတ်ကျော်ပျံသန်းခဲ့သည်။ အမေရိကန်လေယာဉ်ပျံက ယင်းသို့ဖြတ်သန်းခြင်းသည် နိုင်ငံတကာလေပိုင်နက်တွင် ပျံသန်းခြင်းဖြစ်သည်ဟုဆိုလေသည်။ နောက်ပိုင်းတွင်လည်း ဘီ-၅၂ မဟာဗျူဟာဗုံးကြဲလေယာဉ်အား ဖြတ်ကျော်ပျံသန်းခြင်း၊ စပရက်တလေကျွန်းအနီး အမေရိကန်ရေတပ်သင်္ဘောများ ဖြတ်ကျော်သွားလာမှုများ ပြုလုပ်ခဲ့ရာ တရုတ်လေတပ် တိုက်လေယာဉ်များက အနီးကပ်သတိပေးပျံသန်းမှုများပြုလုပ်ခဲ့ပါသည်။ အမေရိကန်ပြည်ထောင်စုလေယာဉ်များ၏ ယင်းကျွန်းများအပေါ်ဖြတ်ကျော်ပျံသန်းမှုသည် တရုတ်နိုင်ငံ၏အချုပ်အခြာအာဏာကို စိန်ခေါ်သည့်သဘောဖြစ်ပါသည်။ သို့သော်လည်း တစ်ဖက်မှကြည့်လျှင် ယင်းကျွန်းများအပေါ် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ဖြေရှင်းရခြင်းမရှိသေးသည့်အားလျော်စွာ မည်သည့်နိုင်ငံကမျှ ယင်းကျွန်းများအပေါ် အချုပ်အခြာအာဏာမရှိသေးဟုလည်း အမေရိကန်ပြည်ထောင်စုကယူဆထားပုံရပါသည်။ ထို့အပြင် အမေရိကန်ပြည်ထောင်စုသည် တရုတ်နိုင်ငံမှယင်းရေပိုင်နက်သို့ နိုင်ငံခြားစစ်သင်္ဘောများဝင်ရောက်မှုအတွက် ကြိုတင်အသိပေးရမည်ဆိုသည့်စနစ်ကို စိန်ခေါ်လို၍လည်းဖြစ်နိုင်ပါသည်။အမှန်အားဖြင့်ဆိုရလျှင် တောင်တရုတ်ပင်လယ်နယ်မြေပိုင်ဆိုင်မှုတွင် ပါဝင်အငြင်းပွားနေသည့် နိုင်ငံအားလုံးသည် သူတို့ပိုင်ဆိုင်သည့် ကျွန်းများအနီးတွင် မြေဖို့ချဲ့ထွင်မှုများကို ပြုလုပ်နေကြသည်သာဖြစ်ပါသည်။ သို့ဖြစ်၍ မူလအခြေအနေ (statusquo) ကိုအပြောင်းအလဲပြုလုပ်နေကြသည်သာဖြစ်သည်။ သို့သော်လည်း တရုတ်၏မြေဖို့ချဲ့ထွင်မှုသည် အလွန်အတိုင်းအတာကြီးမားပြီး ကျန်နိုင်ငံများ၏ချဲ့ထွင်မှု စုစုပေါင်းထက်ပင် ပိုနေသည်ဟုစွပ်စွဲကြပါသည်။

## လေယာဉ်အသိပေးမှုစနစ်

တရုတ်နိုင်ငံသည် မိမိ၏ သီးသန့်စီးပွားရေးဇုန်အတွင်း ဝင်ရောက်လာသည့် လေယာဉ်များကို အသိပေးရန် ဇုန်သတ်မှတ်မှုသည် နိုင်ငံတကာဥပဒေအရ ဆောင်ရွက်ခွင့်ရှိ-မရှိကိစ္စမှာလည်း အငြင်းပွားမှုရှိပါသည်။ ယင်းသို့လေယာဉ်များ အသိပေးရန်ဇုန်သတ်မှတ်မှုကိစ္စတွင် နိုင်ငံတကာသဘောတူညီချက်နှင့် စည်းမျဉ်းစည်းကမ်းများ မရှိသော်လည်း ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် ယင်းစနစ်ကိုအမေရိကန် ပြည်ထောင်စုကပင် စတင်ကျင့်သုံးခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ တရုတ်နိုင်ငံအနေဖြင့် လေယာဉ်ဝင်ရောက်မှုအသိပေးမှုစနစ်ကို ကျင့်သုံးနိုင်ပြီး ယင်းသို့ကျင့်သုံးမှုတွင် မိမိ၏ကမ်းခြေမှ ရေမိုင် ၁၂ မိုင်အကွာအထိ သတ်မှတ်နိုင်သော်လည်း ပိုင်ဆိုင်မှုအငြင်းပွားနေသည့် ကျွန်းများအပေါ်တွင်မူ လေယာဉ်ဝင်ရောက်မှုအသိပေးစနစ်ကို ကျင့်သုံးနိုင်ခွင့်မရှိပေ။ ယင်းဇုန်သတ်မှတ်မှုနှင့်ပတ်သက်၍ ပြင်ပနိုင်ငံများ၏ စိုးရိမ်မကင်းဖြစ်မှုမှာ အရှေ့ပင်လယ်တွင်ထားရှိသည့် အသိပေးမှုစနစ်ကဲ့သို့စနစ်မျိုးကျင့်သုံးမည်ကို စိုးရိမ်ခြင်းဖြစ်ပါသည်။ အရှေ့ပင်လယ်၏ လေယာဉ်အသိပေးမှုစနစ်တွင် လေယာဉ်များအနေဖြင့် တရုတ်နိုင်ငံသို့ ဦးတည်လာခြင်းမရှိခြင်းနှင့် ဖြတ်သန်းမှုပြုခြင်းသာပြုလုပ်သည့်တိုင်အောင် ကြိုတင်အကြောင်းကြားခွင့်ပြုချက်ကို ရယူရန်လိုအပ်ပါသည်။ သို့သော်လည်း တရုတ်နိုင်ငံအနေဖြင့် ယင်းလိုအပ်ချက်ကို ယခုအထိတင်းကြပ်စွာ အကောင်အထည်ဖော်မှုမရှိသေးသည်ကိုလည်း တွေ့ရပါသည်။ ယင်းစနစ်မျိုးကို ဂျပန်နိုင်ငံက ထိုင်ဝမ်မှလေယာဉ်များအပေါ်ထားရှိသည်ကို တွေ့ရပါသည်။

## တောင်တရုတ်ပင်လယ်ဆိုင်ရာကြေညာစာတမ်း

အာဆီယံနိုင်ငံအချို့နှင့် တရုတ်နိုင်ငံအကြား တောင်တရုတ်ပင်လယ်ဆိုင်ရာနယ်မြေအငြင်းပွားမှုကို အပြီးသတ်အဖြေရှာမှုသည် သက်ဆိုင်ရာနိုင်ငံများအချင်းချင်း စေ့စပ်ဆွေးနွေးအဖြေရှာရန် လိုအပ်မည်ဟုခံယူထားပါသည်။ သို့သော်လည်း နယ်မြေပိုင်ဆိုင်မှုအငြင်းပွားမှုကိစ္စသည် အမျိုးသားရေးစိတ်ဓာတ်ကို လှုံ့ဆော်ပေးနိုင်သည်ဖြစ်ရာ အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့အနေဖြင့် လွယ်ကူစွာ အလျှော့ပေးနိုင်သည့်အနေအထားတွင်မရှိသည့်အတွက် ယင်းပြဿနာအဖြေရှာရေးမှာ အချိန်ကြာရှည်ဦးမည်ဟု ခန့်မှန်းရပြီး တောင်တရုတ်ပင်လယ်ကိစ္စငြိမ်းချမ်းစွာ အဖြေရှာရေးတွင် အာဆီယံအနေဖြင့် အရေးပါသောအခန်းတွင် ဆက်လက်ပါဝင်နေမည်ဖြစ်ပါသည်။

သို့ဖြစ်၍ တရုတ်နှင့်အာဆီယံနိုင်ငံများသည် တောင်တရုတ်ပင်လယ်ကိစ္စကို ငြိမ်းချမ်းစွာအဖြေရှာနိုင်ရန်အတွက် နှစ်ဦးနှစ်ဖက် ယုံကြည်စိတ်ချမှု တည်ဆောက်ရေးကို ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန်အတွက် တောင်တရုတ်ပင်လယ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းတစ်ခု (Code of Conduct of the Parties to the South China Sea) တစ်ရပ် ပေါ်ပေါက်လာရေးသည် လွန်စွာအရေးကြီးပါသည်။ အာဆီယံနှင့် တရုတ်နိုင်ငံတို့သည် ၂၀၀၂ခုနှစ် တောင်တရုတ်ပင်လယ်ဆိုင်ရာ ကြေညာစာတမ်းနှင့်အညီ အာဆီယံ-တရုတ်အဆင့်မြင့်အရာရှိကြီးများ၏ တိုင်ပင်ဆွေးနွေးမှုအစည်းအဝေးများ၊ အာဆီယံ-တရုတ် ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးများကိုလည်း ကျင်းပလျက်ရှိ ပါသည်။ တောင်တရုတ်ပင်လယ်ဆိုင်ရာ ကြေညာစာတမ်းနှင့်အညီ တောင်တရုတ်ပင်လယ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းတစ်ခု (Code of Conduct of the Parties to the South China Sea)တစ်ရပ် ပေါ်ပေါက်လာရေးကိုလည်း ဦးတည်ဆောင်ရွက်လျက်ရှိနေရာ ယင်းလုပ်ထုံးလုပ်နည်းကို ဆောလျင်စွာ အပြီးသတ်ဆောင်ရွက်သွားနိုင်ရန် သဘောတူညီထားပါသည်။ တစ်ချိန်တည်းမှာပင် early harvest measures or low lying fruits ဟုခေါ်သည့် ပိုမိုမြန်ဆန်စွာ ဆောင်ရွက်အကောင်အထည်ဖော်နိုင်သော ပူးပေါင်းဆောင်ရွက်မှုများဖြစ်သည့် အရေးပေါ်တိုက်ရိုက်ဆက်သွယ်နိုင်သည့် တယ်လီဖုန်းလိုင်းများ Hot lines များ ထူထောင်မှုနှင့် တောင်တရုတ်ပင်လယ်အတွင်း ဆောင်ရန်၊ ရှောင်ရန်အချက်များ (Dos and Don'ts) ကို ရေးဆွဲနိုင်ရန်လည်း ဆွေးနွေးလျက်ရှိကြပါသည်။ အာဆီယံ နှင့် တရုတ်နိုင်ငံအကြား နောက်ဆုံးဆောင်ရွက်ခဲ့သည့်ကိစ္စမှာ အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ၏ အထူးအစည်းအဝေးကို ၂၀၁၆ခုနှစ် ဇွန်လအတွင်း တရုတ်နိုင်ငံ ကူမင်းမြို့တွင် ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ သို့သော်လည်း သဘောထားကွဲပြားမှုများကြောင့် ထုတ်ပြန်ကြေညာနေကျပူးတွဲကြေညာချက်ကို ထုတ်ပြန်နိုင်ခြင်း မရှိခဲ့သည်ကိုလည်း တွေ့ရလေသည်။

မြန်မာနိုင်ငံသည် တောင်တရုတ်ပင်လယ် နယ်မြေပိုင်ဆိုင်မှုအငြင်းပွားမှုတွင် ပါဝင်ပတ်သက်ခြင်းမရှိသည့်နိုင်ငံဖြစ်ပါသည်။ သို့သော်လည်း တောင်တရုတ်ပင်လယ်အငြင်းပွားမှုသည် ဒေသအတွင်း ထိပ်တိုက်တွေ့မှုများကြောင့် စစ်ရေးပဋိပက္ခဖြစ်လာနိုင်သည့်အနေအထားရှိနေသည်ဖြစ်ရာ ယင်းသို့ ဖြစ်ပေါ်လာသည်ကို လိုလားမှုမရှိဘဲ ငြိမ်းချမ်းစွာအဖြေရှာမှုကို လိုလားပါသည်။ တောင်တရုတ်ပင်လယ်ကိစ္စတွင် အာဆီယံအနေဖြင့် ပါဝင်နေရခြင်းမှာ တရုတ်နိုင်ငံနှင့် ယုံကြည်စိတ်ချမှုတည်ဆောက်မှုကို ခိုင်မြဲစေရန်နှင့် တောင်တရုတ်ပင်လယ်ပြဿနာကို လက်ရှိအခြေအနေထက် ပိုမိုကြီးထွားလာခြင်း မရှိစေရန် စီမံခန့်ခွဲလျက်ရှိနေခြင်းသာဖြစ်ပါသည်။

တောင်တရုတ်ပင်လယ်ကိစ္စသည် နိုင်ငံတကာတွင် အပြောကြွယ်လှသည့် ဘာသာရပ်တစ်ခုဖြစ်ပါသည်။ ယင်းကိစ္စသည် ဒေသ၏ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို မထိပါးစေနိုင်ရန်မှာ အာဆီယံနိုင်ငံများ၏ တာဝန်ဖြစ်သလို လက်ရှိအင်အားကြီးနိုင်ငံဖြစ်သည့် အမေရိကန်ပြည်ထောင်စု၊ အင်အားကြီးထွားလာသည့် တရုတ်နိုင်ငံတို့နှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ တာဝန်လည်းဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**တောင်တရုတ်ပင်လယ်ကိစ္စတွင် အာဆီယံအနေဖြင့် ပါဝင်နေရခြင်းမှာ တရုတ်နိုင်ငံနှင့် ယုံကြည်စိတ်ချမှု တည်ဆောက်မှုကိုခိုင်မြဲစေရန်နှင့် တောင်တရုတ်ပင်လယ်ပြဿနာကို လက်ရှိအခြေအနေထက် ပိုမိုကြီးထွားလာခြင်းမရှိစေရန် စီမံခန့်ခွဲလျက်ရှိနေခြင်းသာဖြစ်**

# ရေမြောင်းပိတ်ဆို့မှု မြို့နယ်မှတာဝန်ရှိသူများညှိနှိုင်းပေးစဉ် အိမ်နီးချင်းနှစ်ဦး ဓားထိုးမှုဖြစ်

**ရန်ကုန် ဇွန် ၂၅**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် လင်းလွန်း(မြောက်)ရပ်ကွက်၌ ဇွန် ၂၅ ရက် နံနက် ၈ နာရီက ရေမြောင်းပိတ်ဆို့နေမှုကို မြို့နယ်မှတာဝန်ရှိသူများက လာရောက်ဖြေရှင်းညှိနှိုင်းပေးစဉ် အိမ်နီးချင်းနေသူနှစ်ဦး ဓားထိုးမှုဖြစ်ပွားခဲ့သည်။

စမ်းချောင်းမြို့နယ် လင်းလွန်း(မြောက်)ရပ်ကွက် စစ်ကိုင်းလမ်းထိပ်ရှိ ရေမြောင်းပိတ်ဆို့နေမှုကို ပြီးခဲ့သောလအတွင်းက မြို့နယ်မှတာဝန်ရှိသူများက ပြန်လည်ဖွင့်ပေးထားခဲ့သော်လည်း ယခုအခါ ယင်းမြောင်းကို ပြန်လည်ပိတ်ထားမှုဖြစ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ရေမြောင်းဖွင့်ခြင်း၊ ပိတ်ခြင်းအပေါ် တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မဲဆန္ဒနယ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုး၊ မဲဆန္ဒနယ်(၂)မှ ဦးသော်တာအောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်မောင်ဆင့်၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးနှင့် လင်းလွန်းမြောက်/တောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သောအဖွဲ့က ယင်းမြောင်းပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အနီးဝန်းကျင်နေသူများနှင့် နှစ်ဖက်ညှိနှိုင်းပေးနေစဉ် ဦးထွေးမြင့် (ခ) ဦးကျော်ထွန်း (၄၉ နှစ်)၏ အိမ်နီးချင်းဖြစ်သူ သီဟ(ခ)သန့်ဇင်(၂၃ နှစ်)က ဓားဖြင့်ဝင်ရောက်ထိုးခဲ့ကြောင်း သိရသည်။

လွှတ်တော်ကိုယ်စားလှယ် ဦးသော်တာအောင်က "အားလုံးရှေ့မှာဝင်ထိုးပြီး ထွက်ပြေးသွားတာ၊ အစက လက်သီးနဲ့ ထိုးတယ်လို့ထင်တာ၊ နောက်မှ ဓားနဲ့ထိုးမှန်း သိရတာ၊ ဓားက အိမ်သုံးစတီးဓား ဖြစ်မယ်ထင်တယ်၊ ထိုးတဲ့သူလက်ထဲမှာ အရိုးက ပြန်ပါသွားတယ်၊ ဓားသွားကတော့ စိုက်ကျန်ခဲ့တယ်" ဟု ဖုန်းဖြင့်ပြောသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်မောင်ဆင့်က "နှစ်ဖက်ညှိနှိုင်းလို့ အဆင်ပြေတော့မှ အခုလိုဖြစ်ရတာ၊ မွန်းလွဲပိုင်းကလည်း ရန်ကုန်မြို့တော်ဝန်ကိုယ်တိုင် ကွင်းဆင်းကြည့်ရှုသွားခဲ့ပါတယ်၊ မနက်ဖြန်ဆို လုပ်ငန်းပြန်စမှာပါ" ဟု ပြောသည်။

ဓားထိုးခံရသူ ဦးကျော်ထွန်း(ခ)ဦးမြင့်ထွေးအား မိသားစုနှင့်တာဝန်ရှိသူများက ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ပြီး အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဓားဖြင့်ထိုး၍ ထွက်ပြေးသွားသူ သီဟ(ခ)သန့်ဇင်အား စမ်းချောင်းမြို့နယ်ရဲတပ်ဖွဲ့မှ လိုက်လံစုံစမ်းရှာဖွေဖမ်းဆီးရာ ညနေ ၅ နာရီခန့်တွင် စမ်းချောင်းမြို့နယ်အတွင်း ဖမ်းဆီးနိုင်ခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့က အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**



ပိတ်ဆို့နေသောရေမြောင်းအား ညှိနှိုင်းရှင်းလင်းပေးရန် တာဝန်ရှိသူများရောက်ရှိစဉ်

# ပင်လည်ဘူး၌ တိရစ္ဆာန်ဆေးကုဆရာဝန်အား မုန်ယိုနေသည့်ဆင်က ရန်မူ၍ သေဆုံး

**ပင်လည်ဘူး ဇွန် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် ဒိုးန္ဒယ်တော မိုးဘာကျေးရွာအနီးတွင် ဆင်ဆရာဝန်တစ်ဦးကို ရန်မူနေသော ဆင်က နှာမောင်းဖြင့် ရစ်ပတ်ကိုင်ပေါက်သဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၄ ရက် နံနက် ၁၁ နာရီခန့်က ပင်လည်ဘူးရဲစခန်းမှ ရဲအုပ် သက်တင်ဦးနှင့်အဖွဲ့သည် မိုးဘာကျေးရွာ၌ ဆင်ရန်မူသဖြင့် လူတစ်ဦး သေဆုံးသွားကြောင်း သတင်းအရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ဇွန် ၂၃ ရက် ရက် ညနေ ၆ နာရီ ၁၀ မိနစ်ခန့်တွင် ဦးတိုးဆိုသူ ပိုင်ဆိုင်သော ထီး/စုံ ဆင်အမည် အောင်ဇေယျ အရပ် ရှစ်ပေခန့်ရှိ ဆင်ကြီးသည် စားကျက်အတွင်း လွှတ်ထားစဉ် မုန်ယိုကာ အဖမ်းမခံသဖြင့် ဟုမ္မလင်းသစ်ထုတ်ရေးမှ မေ့ဆေးဆရာဝန် ဦးဇော်မျိုးဝင်းအား အကူအညီတောင်းခံ၍ မေ့ဆေးသေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးစဉ် ၎င်းဆင်ကြီးက ဦးဇော်မျိုးဝင်းအား နှာမောင်းဖြင့် ရစ်ပတ်ကိုင်ပေါက်သဖြင့် သေဆုံးခဲ့သည်။ ၎င်းသေဆုံးခြင်းသည် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် စစ်ဆေးသိရှိနိုင်ရန် သေမှုသေခင်း ရေးဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

သေဆုံးသူမှာ ဦးဇော်မျိုးဝင်း (၄၃ နှစ်) တိရစ္ဆာန်ဆေးကုဆရာဝန် ဟုမ္မလင်းသစ်ထုတ်ရေးမှ ဖြစ်ကြောင်း သိရသည်။

**လှုအောင်(ကသာ)**



**ဖြူးမြို့ မြို့မအရှေ့ရပ်ကွက်အနီး ရန်ကုန် - မန္တလေးလမ်းဟောင်း၌ ဇွန် ၂၅ ရက်က လမ်းဘေးရပ်နားထားသော 8L/---- ကုန်တင်ယာဉ်အား မန္တလေးမှ ရန်ကုန်ဘက်သို့မောင်းနှင်လာသော ဟီးနိုးကွန်တိန်နာယာဉ်က နောက်မှ ဝင်တိုက်သဖြင့် ကုန်တင်ယာဉ်မှာ လမ်းပေါ်လဲကျပြီး ကွန်တိန်နာယာဉ်မှာ လမ်းယာဘက်သို့ ထိုးကျနေသည်ကို တွေ့ရစဉ်**

(အဆိုပါယာဉ်တိုက်မှုကြောင့် ကုန်တင်ယာဉ်မောင်း အေးမင်းထွန်းမှာ အတွင်းလူနာ(စိုးရိမ်ရ)ဖြင့် ဖြူးမြို့ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေကြောင်း သိရသည်။)

**ဖြူး - မြင့်ဦး**

# ငွေကျပ်သိန်းပေါင်း လေးသောင်းခန့် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၅**

ရှမ်းပြည်နယ် တောင်ပိုင်း ကလောမြို့အထွက် ခုနစ်မိုင်ခန့်အကွာ ရေယားကျေးရွာနှင့် ရေယောင်းမကျေးရွာအကြား ပြည်ထောင်စုလမ်းမကြီး၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ယာဉ်များအား ရှောင်တခင် စစ်ဆေးစဉ် ဇွန် ၂၄ ရက် ည ၁၁ နာရီခန့်က တောင်ကြီးမြို့မှ သာစည်မြို့ဘက် သို့ ပဲခူးမြို့နေ ယာဉ်မောင်း နိုင်နိုင်ဝင်း မောင်းနှင်ပြီး ရန်ကုန်မြို့နေ မနေခြည်ဝင်း၊ ပဲခူးမြို့နေ ဝင်းထွဋ်အောင်တို့ လိုက်ပါလာသော ယာဉ်အမှတ် 4H/ ---- Toyota Ractis အမျိုးအစားယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်နောက်ခန်းရှိ ဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၁၀ သိန်း ကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း လေးသောင်းခန့်ကို တွေ့ရှိသိမ်းဆည်းခဲ့သည်။

ဖမ်းဆီးရမိသူများအား တောင်ကြီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိပြီး ဆက်စပ်ပြစ်မှုကျူးလွန်သူများကိုလည်း ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြဝတီ)**


## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)ရပ်ကွက်၊ ဗန္ဓုလလမ်း၊ မြေကွက်အမှတ် (၉) အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဒေါ်ခင်ရွှေ ( CG-၀၆၀၅၆၄) အမည်ပေါက် ပါမစ်မြေကွက်ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်နွေးနွေး(၁၂/တမန(နိုင်) ၀၉၃၆၅၀) ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးခင်မောင်ဦး | ဦးထိန်လင်းသန်း |
| --- | --- |
| LL.B, D.B.L, D.I.L, Dip.CA, WIPO | LL.B, D.B.L, D.I.L, D.M.L, WIPO |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၈၂) |

ဖုန်း – ၀၉၅၅၀၆၁၄၆ ၊ ၀၉၅၅၀၄၂၆၅

## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ သီတာရေမြောင်းလမ်း၊ အမှတ် (၂)နေ ဦးကိုကိုအောင် ၁၂/သလန(နိုင်)၀၇၅၁၃၈က သန်လျင်မြို့ အုတ်ဖိုစုရပ်ကွက်၊ ဝိဇ္ဇာလမ်းသွယ် (၂)၊ အမှတ် (၂၅)ဟုခေါ်တွင်သော သန်လျင်မြို့၊ အုတ်ဖိုစုရပ်ကွက်၊ အကွက်အမှတ် ၂၆၊ ကျိုက်ဖောမိမြောက်ကွက်၊ ဦးပိုင်အမှတ် ၁၆၊ ဧရိယာ ၁၂ဒသမ ၀၀၉ဧကရှိ ဒေါ်လှတင် အမည်ပေါက်သော ဥယျာဉ်ခြံမြေအတွင်းမှ ၆၃ပေ×ပေ ၈၀ကျယ်ဝန်းသည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပျဉ်ထောင်အိမ်တစ်လုံးတို့ကို မူလပိုင်ရှင်ဖြစ်သူ ဒေါ်ကြည်ကြည်စိန် ၁၂/သလန(နိုင်)၀၇၃၀၁၂ထံမှ အပြီးအပိုင်ဝယ်ယူပြီးနောက် လက်ရောက်ရယူကာ လက်ဝယ်၌ ထားရှိပါကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

ညွှန်ကြားချက်အရ–

| သန်လျင်ဦးတင်ထွန်း | ဒေါ်တင်အေး(မစု) | ဒေါ်သွဲ့ဦးမွန်(ငယ်ငယ်) |
| --- | --- | --- |
| B.A(Law), LL.B | B.A.,H.G.P.,R.L | LL.B |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| ၂၃၀၉/၈၂ | ၇၄၈၁/၀၇ | ၈၉၂၀/၁၃ |

အမှတ် (၃)၊ ကြံ့ခိုင်ရေးလမ်း၊ မြို့သစ်အနောက်ရပ်ကွက်၊ သန်လျင်မြို့၊
ဖုန်း–၀၉–၅၁၄၄၀၆၇၊ ၀၉–၇၈၅၁၄၄၀၆၇၊ ၀၉–၅၁၄၃၆၄၄

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**
**နေပြည်တော်**

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရုံးအမှတ် ၅၁၊ နေပြည်တော်ရှိ အမြဲတမ်းအတွင်းဝန်ရုံး၊ ဦးစီးဌာန၊ အဖွဲ့ရုံးများတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **ဝယ်ယူရေးလုပ်ငန်းများ**

| | | |
| --- | --- | --- |
| ၁။ | Aircon နှင့်အခြားပစ္စည်း | ၄ မျိုး |
| ၂။ | ရုံးသုံးစက်ကရိယာပစ္စည်း | ၁၇ မျိုး |
| ၃။ | ရုံးသုံးပရိဘောဂပစ္စည်း | ၇ မျိုး |
| ၄။ | ဆေးရုံသုံးပစ္စည်း | ၁၁ မျိုး |

(ခ) **တည်ဆောက်ရေးလုပ်ငန်းများ**

| | | |
| --- | --- | --- |
| ၁။ | တည်ဆောက်ရေးလုပ်ငန်း | ၂၅ မျိုး |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၇–၆–၂၀၁၆ ရက်မှစ၍ ၄–၇–၂၀၁၆ ရက်အထိ အမြဲတမ်းအတွင်းဝန်ရုံး၊ ဦးစီးဌာန၊ အဖွဲ့ရုံးများတွင် ရောင်းချသွားမည်ဖြစ်ပြီး ၁၅–၇–၂၀၁၆ရက် ၁၆း၀၀နာရီတွင် နောက်ဆုံးထား တင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း–၀၆၇–၄၃၀၁၈၁သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ်(၄၄၇)၊ မြေကွက်တည်နေရာအမှတ်(၇)၊ အောင်ဇေယျ ၄လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးလှရွှေ ၁၂/သဃက(နိုင်)၀၈၃၉၉၆ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးလှရွှေ (ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ထောက်ခံချက်၊ ကျမ်းကျိန်လွှာပူးတွဲတင်ပြ၍ ဒေါ်လှကြည် ၁၂/သဃက(နိုင်)၀၈၃၉၉၇ ကိုယ်စား GP အမှတ် ၄၅၈၃/၂၀၁၆ ရရှိထားသူ ဒေါ်ရီရီမြင့် ၁၂/တမန(နိုင်)၀၁၇၂၂၄မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

ကသာမြို့၊ အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း တတိယတန်း (A)မှ ဦးအောင်သန်းဌေး၏သမီး မခိုင်သံစဉ်ချို၏ အမည်မှန်မှာ မစိမ်းလန်းချို ဖြစ်ပါသည်။ **မစိမ်းလန်းချို**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် ရေယာဉ်လုပ်သက်မှတ်တမ်းစာအုပ်–ရန် ပသ/၇၉ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကပြန်လည်ပေးပို့ပေးပါရန်။

**ဦးတင်ထွန်း ဖုန်း–၀၉–၃၁၁၇၇၂၉၅**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4D/4289, Toyota Mark II, S/L (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးသီဟစိုး ၁၂/မဂတ(နိုင်)၀၇၂၄၉၅ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

အမှတ် ၁၂၅၊ မြေညီထပ် (ဝဲ)၊ အခန်း(၁)၊ သိမ်ဖြူလမ်း၊ (၈)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော (၂၅ပေ×ပေ၆၀)ရှိ (ရေမီးအစုံ) လူနေတိုက်ခန်းနှင့် တိုက်ခန်းနှင့်စပ်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ရှိပိုင်ဆိုင်၊ အပျောက်စနစ်လွှဲပြောင်းပိုင်ခွင့်ရှိသူ ဦးခင်မောင်ထွေး ၁၂/ဗတထ(နိုင်)၀၀၀၇၉၂ ထံမှ လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြေညာချက်ပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းများတင်ပြ၍ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးတိုင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးစိုးဝင်း (မအူပင်) B.A,H.G.P, R.L**
**တရားလွှတ်တော်ရှေ့နေ (၄၁၇၈)**
**အမှတ် ၁၆၂၊ ပထမထပ်(ယာ)၊ ၃၅ လမ်း(အလယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ
အဂ္ဂမဟာသိရီသုဓမ္မ မဏိဇောတဓရ၊ သိရီသုဓမ္မ မဏိဇောတဓရ ဦးကိုကိုအေး
(လူမှုထူးချွန်ဒုတိယအဆင့်) (အုပ်ချုပ်မှုဒါရိုက်တာ၊ ဖြိုးစည်သူထရေးဒင်း
ကုမ္ပဏီလီမိတက်)-ဒေါ်သီသီနိုင်တို့၏သားကြီး

**မောင်ကျော်ကိုကိုချစ်**

**B.E(EC)(W.Y.T.U)**

**Director, Phyo Si Thu Trading Co.,Ltd.**

**နှင့်**

နေပြည်တော်နေ
ဦးဇော်မင်းဦး (ညွှန်ကြားရေးမှူးချုပ်၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)-
ဒေါ်ညိုညိုသန်း(စက်ရုံခွဲမှူး (ငြိမ်း) ၊ အမှတ် (၁) စက်မှုဝန်ကြီးဌာန)တို့၏သမီးငယ်

**မဏ္ဍနှင်းနီညိုဇော်**

**B.A(English)(Y.U.F.L)**

**Graduate Diploma in Business Management, ABE(UK)**

**Master of Business Administration (Y.U.E)**

**HR Executive, Wilmar Myanmar Limited.**

တို့သည် ၂၅-၆-၂၀၁၆ရက်(စနေနေ့)တွင် Novotel Yangon Max Hotel, Bagan Meeting Room ၌ နှစ်ဖက်မိဘများနှင့် ဂုဏ်သရေရှိလူကြီးမိဘများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ကျော်ကိုကိုချစ်-မဏ္ဍနှင်းနီညိုဇော်**

---

## ပိုင်ရှင်ကိုယ်တိုင် ချောင်းသာတွင် ဟိုတယ်ဆောက်လုပ်ခွင့်ကျပြီး

## မြေကွက်ရောင်းရန်ရှိသည်

ငွေရှိပြီး စီးပွားရေးလုပ်ချင်သူများအတွက် ဟိုတယ်ဆောက်လုပ်ခွင့်ကျပြီး၊ အုတ်တံတိုင်းကာရံပြီး၊ မြေပြင်ညီ၊ ဘန်ဂလိုတစ်လုံးပါ၊ စကားဝါတောင်ခြေ၊ မျက်နှာ၀ (607')၊ မြေဧရိယာ ၅ ဒသမ ၅ ဧကအကျယ် မြေကွက်ရောင်းမည်။ **ကျပ်သိန်း၉၀၀၀။**

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၇၈၉၇၉၊ ၀၉-၄၂၀၃၀၁၀၉၁၊**
**၀၉-၄၃၀၂၂၈၂၈၊ ၀၉-၄၃၂၉၂၉၂၉**

---

# Y.E.S. International English Language Centre

Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်ဇော်ခင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော

တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

**Basic Spoken English**

| | |
|---|---|
| Mon to Thurs-7:30-9:30 am | 6 June |
| Mon to Thurs-5:30-7:00pm | 6 June |
| Mon to Thurs-3:00-5:00 pm | 13 June |
| Sat & Sun - 12:30-3:30 pm | 18 June |
| Sat & Sun - 3:45-6:45 pm | 18 June |
| Mon to Thurs-7:30-9:30 am | 20,27 June |
| Mon to Thurs-1:00-3:00pm | 20 June |
| Mon to Thurs-10:00-12:00am | 27 June |

**Basic Writing Course**

| | |
|---|---|
| San & Sun - 12:30 - 3:30 pm | 18 June |
| Mon to Thurs - 10:00-12:00am | 20 June |

**Grammar Foundation Course**

| | |
|---|---|
| Mon to Thurs - 3:30-5:00pm | 27 June |

**Pre-Intermediate English**

| | |
|---|---|
| Mon to Thurs-10:00-12:00am | 20 June |
| Mon to Thurs-10:30-12:30pm | 27 June |
| Mon to Thurs-1:00-3:00pm | 27 June |
| Mon to Thurs-5:30-7:00pm | 27 June |

**Vocabulary Enrichment Course**

| | |
|---|---|
| Mon to Thurs - 3:30-5:00pm | 27 June |

**Structure & Written Expression**

| | |
|---|---|
| Mon toThurs 1:00-3:00pm | 20 June |

**NEW SAT** Sat & Sun -5:00-7:00pm 4 June

**TOEFL,SAT,IELTS,API,AWC,VEC**

No.190, 2nd Flr.,28thSt:(Upper), Pabedan Tsp. Ph: 01-243950, 246910

---

### အမည်ပြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်နေ ဦးကျော်စွာဝင်း-ဒေါ်ခင်ခင်စိုးတို့၏သား အ-မ-က(၇) တာမွေ၊ တတိယတန်း(A-1)မှ မောင်စွမ်းထက်အား ယနေ့မှစ၍ မောင်စွမ်းကျော်အောင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မောင်စွမ်းကျော်အောင်**

---

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဂ/၈၂၂၈ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

---

ဘဏ်၊ ဟိုတယ်၊ စတိုးဆိုင်နေရာ
**ရောင်း/ငှားမည်**
၁။ ၅၅'×၇၀'(မ/ဥ)(အေး-၂)အနီး
၂။ လိုင်စင်ရဟိုတယ်(ပုဂံ/ညောင်ဦး)
၃။ ၁၀'ဖြိုပြုတ်တုစလောင်း+စက်
စုံစမ်းရန် ဖုန်း-09 5010196

---

### ဖခင်အမည်မှန်

ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့၊ အလက(ခွဲ)-၅၊ ဆဋ္ဌမတန်းမှ မချောသီရိဟန်၏ ဖခင်အမည်မှန်မှာ ဦးမျိုးနိုင် ၅/ကဘလ(နိုင်)၁၀၈၇၃၇ ဖြစ်ပါသည်။ **ဦးမျိုးနိုင်**

---

### ဖခင်အမည်မှန်

ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်၊ ကာဘိုး အထက၊ သတ္တမတန်းအောင်မှ မောင်ဇေယျာမင်း၏ ဖခင်အမည်မှန်မှာ ဦးနိုင်မင်း(အစား) ဦးနိုင်မြင့် ၅/တဆန(နိုင်)၀၈၆၀၉၈ ဖြစ်ပါသည်။ **ဦးနိုင်မြင့်**

---

# ခရီးသွားမယ်ဆို့, စိတ်ချလုံခြုံဆုံးဖြစ်စေမယ့် ရှစ်ဘီးကား ( 3 Axles Bus ) ကိုရွေးစီးပါ။

---




---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနရှိ တွန်းသင်္ဘော (Tug Boat) ပြင်ဆင်ရန်အတွက် 8mm သံပြား 6mm သံပြား 3" Angle, 2" Angle (6"x3") I-Beamများ ဝယ်ယူလိုပါသည်။ ပစ္စည်းများကို စစ်တွေသင်္ဘောကျင်းသို့ အရောက်ပေးပို့ရပါမည်။

| | |
|---|---|
| **လျှောက်လွှာစတင်ရောင်းချမည့်ရက်** | - ၂၉-၆-၂၀၁၆ ရက်(ရုံးချိန်အတွင်း) |
| **လျှောက်လွှာပိတ်ရက်** | - ၇-၇-၂၀၁၆ ရက် ၁၆း၀၀နာရီ |
| **တင်ဒါပေးသွင်းရမည့်နေရာ** | - ပင်မအလုပ်ရုံ(တောင်)မင်းကြီးလမ်း၊ ရွာမ-အင်းစိန်၊ ရန်ကုန် |
| **တင်ဒါဖွင့်မည့်ရက်** | - ၁၁-၇-၂၀၁၆ ရက် ၁၃း၀၀နာရီ |
| **တင်ဒါဖွင့်မည့်နေရာ** | - ရုံးအမှတ် ၁၁၊ တံတားဦးစီးဌာန (ရုံးချုပ်)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော် |
| **ဆက်သွယ်ရန်ဖုန်း** | - ၀၉-၅၀၂၀၃၇၀၊ ၀၉-၂၅၄၂၂၀၀၉ |

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၆၆၀၄၀၊ Honda Dream C100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်ထွန်း၁၄/ပသန(နိုင်)၀၀၀၅၉၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ဖျာပုံမြို့)**

---

**ဖခင် အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဖောင်ကြီးအနောက်၊ အထက (ကျောင်းခွဲ) နဝမတန်းမှ မအေမီလင်း၏ ဖခင်အမည်မှန်မှာ ဦးစိုးမြင့်ဖြစ်ပါကြောင်း။ **ဦးစိုးမြင့်**

---

### အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ ဂလမ်း၊ အမှတ် ၈၈၊ အကျယ်အဝန်း (၂၅ပေ×ပေ၅၀)ရှိ မြေညီထပ်နှင့် ပထမထပ် တိုက်ခန်းများပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ၎င်းတို့အမည်ပေါက် လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများ ဖြစ်ကြသည့် ဒေါ်မြင့်မြင့်ခိုင် ၁၃/တကန (နိုင်)၀၈၅၉၄၇နှင့် ဒေါ်မြင့်ဌေး ၁၃/တကန(နိုင်)၀၈၅၉၄၈တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန် နှစ်ဖက်ညှိနှိုင်းသဘောတူညီမှုအပေါ် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါတိုက်ခန်းနှစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေး တရားလွှတ်တော်ရှေ့နေ (စဥ်-၆၇၄၉)**
**အမှတ်(၃-B)၊ စစ်ကိုင်းလမ်း၊ မြကန်သာဥယျာဉ်အိမ်ရာ၊**
**လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၁၁၈၇၅**

ရန်ကုန်ရှေးဟောင်းအဆောက်အအုံများရဲ့ရာဇဝင်

# ရန်ကုန်ဘဏ်လုပ်ငန်းရပ်ဝန်းထဲမှ ခေတ်သစ်ဂန္ထဝင်ဟန်အဆောက်အအုံ

**ဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-ရန်ကုန် ဗိသုကာ**



ရန်ကုန်မြို့၏ ဘဏ်လုပ်ငန်းရပ်ဝန်းဟု ဆိုရမည့်နေရာ။ ဝန်းကျင်၌ စိမ်းညို့နေသော သစ်ပင်ကြီးများ ဝန်းရံလျက် ခံ့ညားထည်ဝါသော ခေတ်သစ်ဂန္ထဝင်ဟန်ဖြင့် ထုထည်ကြီးမားသော အဆောက်အအုံကြီးတစ်ခုက နောက်ခံကားချပ်သဖွယ်တည်ရှိနေသည်။

တိကျသပ်ရပ်စွာ လှီးဖြတ်ထားသော ရောမကျောက်တုံးကြီး တစ်ခုသဖွယ်လေးထောင့်စပ်စပ်အဆောက်အအုံကြီး၏ ရှေ့မျက်နှာစာမှ ဝင်ရောက်သွားသည်နှင့် ဗိသုကာလက်ရာများ၏ လွှမ်းမိုးမှုကိုခံလိုက်ရမည်ဖြစ်သည်။ မျက်နှာစာနှစ်ဖက်သို့ ခွဲဖြာတက်သွားသော လှေကားနှစ်စင်း၊ ထုထည်ကြီးမားသည့် တံခါးရွက်ကြီးများ၊ အရှေ့မျက်နှာစာ အထက်နဖူးစည်းကိုထောက်ပင့်ထားသည့် တိုင်လုံးကြီးများနှင့် ဂရိနတ်ဗိမာန်တစ်ခုသဖွယ်အဆောက်အအုံကြီး၏ ဟန်ပန်က သူဆောင်ရွက်ရမည့်ဘဏ်လုပ်ငန်းအတွက် တည်ကြည်ဖြောင့်မတ်မှု၊ ခိုင်မာတောင့်တင်းမှု၊ လုံခြုံစိတ်ချရမှု၊ အနာဂတ်အတွက် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ညွှန်းနေသကဲ့သို့ ရှိသည်။

ရန်ကုန်မြို့ပန်းဆိုးတန်းလမ်း၏ အောက်ဆုံးအပိုင်း၊ ယင်းမှသည် ကုန်သည်လမ်းနှင့်ဆူးလေဘုရားလမ်းတို့ဆုံရာ ရပ်ဝန်းသည် လွန်ခဲ့သည့်နှစ်တစ်ရာဝန်းကျင်က စီးပွားရေးမြို့တော်ရန်ကုန်၏ ဘဏ်လုပ်ငန်းများ စုဝေးရာနေရာတစ်ခုဖြစ်သည်။ လက်ရှိရန်ကုန်စတော့အိတ်ချိန်း၊ ပထမပုဂ္ဂလိကဘဏ်၊ အင်းဝဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်အစရှိသည့် မြို့ပြအမွေအနှစ်အဆောက်အအုံများစွာကို ယနေ့တိုင်မြင်ရမည်ဖြစ်ပြီး တိုးပွားလာသည့် အဆောက်အအုံသစ်များ အလယ်တွင် ရောထွေးတည်ရှိနေသည်။

ယင်းအဆောက်အအုံများအနက် ၁၉၃၉ ခုနှစ်တွင် ဗိသုကာပညာရှင်G-Douglas Smart ဒီဇိုင်းရေးဆွဲတည်ဆောက်ထားခဲ့သည့် ဆူးလေဘုရားလမ်းအမှတ်(၂၄)နှင့်(၂၆) အဆောက်အအုံသည် ယနေ့တိုင် ထင်ရှားကျော်ကြားဆဲပင်ဖြစ်သည်။ ယင်းအဆောက်အအုံမှာ Reserve Bank of Indiaဘဏ်အတွက် ဒီဇိုင်းရေးဆွဲတည်ဆောက်ထားခြင်းဖြစ်ပြီး ထိုဘဏ်သည် ဗြိတိသျှကိုလိုနီအစိုးရ၏ Primary Bank တစ်ခုဖြစ်လာခဲ့သည်။

အိန္ဒိယနှင့်မြန်မာနိုင်ငံတို့တွင် အသုံးပြုနေသည့် ငွေကြေးစနစ်ကို ယင်းဘဏ်တွင် အာမခံထားရှိပြီး ဘဏ်လုပ်ငန်းဆိုင်ရာများကို ချုပ်ကိုင်ခဲ့ရာဖြစ်သည်။ ၁၉၃၇ ခုနှစ်တွင် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံမှ ခွဲထွက်ခဲ့သော်လည်း Reserve Bank of India ကို မြန်မာနိုင်ငံအတွင်း ဆက်လက်ဖွင့်လှစ်ကာ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုများကို ဆက်လက်လုပ်ကိုင်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကာလ ဂျပန်တို့ဝင်ရောက်လာခဲ့ချိန် ၁၉၄၂ ခုနှစ်အစောပိုင်းတွင် ဗြိတိသျှအစိုးရတို့ တည်ထောင်ထားခဲ့သော ဘဏ်စနစ်များပျက်စီးခဲ့ရပြီး ဂျပန်တပ်များ ရန်ကုန်မြို့သို့ ချီတက်လာသည်နှင့်တစ်ပြိုင်နက် ဘဏ်ဝန်ထမ်းများက ဘဏ်မှငွေကြေးများ၊ စာရွက်စာတမ်းများနှင့် ပိုင်ဆိုင်မှုများစွာတို့ကို ကာကွယ်ရန် ဆောင်ရွက်ခဲ့ကြသည်။ ဘဏ်စည်းမျဉ်း၊ ဥပဒေများအရ ဘဏ်တိုက်တာဝန်ခံနှင့် ဝန်ထမ်းများသည် များပြားလှစွာသော ဘဏ်လုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများကို စနစ်တကျ ထုပ်ပိုးစုစည်းခြင်း၊ ငွေကြေးအရပ်ရပ်တို့ကို စုစည်းခြင်း၊ သယ်ဆောင်သွားနိုင်ရန် မလွယ်ကူသည့် ငွေစက္ကူများကို မီးရှို့ဖျက်ဆီးခြင်းများ အချိန်မဆိုင်း ဆောင်ရွက်ခဲ့ကြသည်။

မီးရှို့ဖျက်ဆီးရန် မလွယ်ကူသည့် ငွေဒင်္ဂါးများကိုမူ နွားလှည်းများပေါ်တွင် တင်ဆောင်ကာ မြစ်ဆိပ်သို့ သယ်ဆောင်သွားခဲ့ပြီး ရေနက်ရာသို့ မော်တော်ဖြင့် တင်ဆောင်ကာ ရေမြှုပ်ပစ်ခဲ့ကြသည်။ ရှေးဟောင်းမှတ်တမ်းမှတ်ရာများအရ ရူပီးငွေ သန်းပေါင်း ၃၅၀ ကျော် ခန့်ကို မီးရှို့ဖျက်ဆီးပစ်ခဲ့ကြောင်း သိရသည်။

၁၉၄၂ ခုနှစ် မတ်လတွင် စစ်ဦးဘီလူးဖြစ်သော ဂျပန်တပ်များ ဝင်ရောက်လာခဲ့ပြီး ပထမဦးစွာ Reserve Bank of India ကို ဝင်ရောက်မွှေနှောက်ခဲ့ကြသည်။ ကြီးမားလှသည့် ငွေတိုက်တံခါးကြီးများ၊ အာမခံမီးခံသေတ္တာများအား ဖျက်ဆီးမရသောအခါ ငွေတိုက်နံရံကို ဒိုင်းနမိုက်ဖြင့် ဖောက်ခွဲဖျက်ဆီးပစ်ခဲ့ကြသော်လည်း အတွင်းထဲ၌ မည်သည့်ငွေကြေးမျှ မရရှိတော့ဘဲ ဟာလာဟင်းလင်းဖြစ်နေသည်ကို မြင်ရသည့်အတွက် အမျက်ချောင်းချောင်းထွက်ကြရကြောင်း သိရသည်။

ဂျပန်ခေတ်တစ်လျှောက် ယင်းဘဏ်ကြီးသည် အခြားသော ကိုလိုနီခေတ်အဆောက်အအုံများနည်းတူ ဂျပန်တို့အသုံးတော်ခံဖြစ်ခဲ့သည်။ ဖက်ဆစ်အစိုးရက ပြည်သူ့ဘဏ်အဖြစ် ယင်းအဆောက်အအုံကိုသတ်မှတ်ခဲ့ပြီး တောင်ပိုင်းဖွံ့ဖြိုးရေးဟူသည့် ခေါင်းစဉ်ဖြင့် ဂျပန်ငွေစက္ကူများကို အကန့်အသတ်မရှိ ဖောဖောသီသီရိုက်နှိပ်ထုတ်ဝေခဲ့သည့်နေရာမှာ ယခုနေရာပင်ဖြစ်သည်။

အရှေ့အာရှသာတူညီမျှ ကောင်းစားရေးဝါဒကို အကြောင်းပြုထုတ်ဝေခဲ့သည့် ဂျပန်ခေတ်ပိုက်ဆံများသည် ပြည်သူတို့အတွက် အကျိုးဖြစ်ထွန်းမှုမရှိခဲ့ဘဲ ဆင်းရဲကျပ်တည်းမှုဒဏ်ကိုသာ ခံစားခဲ့ကြရသည်။

စစ်ပွဲ၏ သဘောတရားအရ ၁၉၄၅ ဧပြီလတွင် မဟာမိတ်တပ်များသည် ရန်ကုန်ကိုအဓိကထားပြီး ကြည်းကြောင်း၊ လေကြောင်း၊ ရေကြောင်းချီတက်တိုက်ခိုက်ပြန်ရာ ဂျပန်တို့အရေးပေါ်ဆုတ်ခွာခဲ့ကြရသည်။ ယင်းအခြေအနေတွင် ဂျပန်အစိုးရဖွင့်လှစ်သည့် ပြည်သူ့ဘဏ်မှဂျပန်လူမျိုး ဘဏ်အရာရှိများနှင့် ဝန်ထမ်းများသည် ပြင်ဆင်ချိန်ပင်မရှိဘဲ လက်လွတ်ဆုတ်ခွာခဲ့ရကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

ရန်ကုန်မြို့သို့ ဝင်ရောက်လာခဲ့သည့် မဟာမိတ်တပ်ဖွဲ့မှ အမေရိကန်တပ်သားတစ်ဦးဖြစ်သူ ဂရင်းအက်စ်ဟန်စလေ၏ မျက်မြင်ပြောကြားချက်အရ ဘဏ်ကြီး၏အတွင်းခန်းမများ၊ လှေကားများနှင့် ပတ်ဝန်းကျင်လမ်းမများပေါ်တွင် ဂျပန်ငွေစက္ကူများမှာ သစ်ရွက်များ အထပ်ထပ်ကြွေကျနေသည့်နှယ် ပြန့်ကျဲလျက်ရှိကြောင်း ရန်ကုန်ဈေးဟောင်းအဆောက်အအုံ ၃၀ စာအုပ်အတွင်း ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရသည်။

စစ်ပွဲကာလနောက်ပိုင်းတွင် မြန်မာနိုင်ငံ၏ ငွေကြေးဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများချမှတ်ခြင်းကို လွတ်လပ်ရေးရပြီးသည်အထိ ဆက်လက်တာဝန်ယူခဲ့သည်။

၁၉၅၂ ခုနှစ် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် အစိုးရက ယင်းအဆောက်အအုံကြီးကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၅၂ ဇူလိုင်လတွင် မြန်မာငွေကျပ်၊ ပြားစနစ်သုံးစွဲမှုကို ယင်းဘဏ်မှ စတင်ခဲ့သည်။


လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် အုပ်ချုပ်သည့်အစိုးရတို့၏ ပြောင်းလဲခဲ့သည်နှင့်အမျှ မူဝါဒအမျိုးမျိုးနှင့်အညီ ယင်းဘဏ်ကြီး၏ ဖွဲ့စည်းပုံနှင့် အမည်နာမတို့သည်လည်း အဆင့်ဆင့်ပြောင်းလဲခဲ့ရသည်။ ၁၉၇၀ ပြည့်နှစ်များတွင် ပြည်သူ့ဘဏ်အဖြစ်လည်းကောင်း၊ ၁၉၇၅ ခုနှစ်တွင် နိုင်ငံပိုင်ဘဏ်ကြီးလေးခု ထူထောင်ခဲ့ရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်အဖြစ်လည်းကောင်း၊ ၁၉၉၀ ပြည့်နှစ်တွင် ပြုပြင်ပြောင်းလဲခဲ့ရာ၌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အဖြစ်လည်းကောင်း၊ ၁၉၉၃ ခုနှစ်တွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ မြဝတီဘဏ်အဖြစ်လည်းကောင်း ဘဝမျိုးစုံကို ဖြတ်သန်းခဲ့ရသည်။

၂၀၁၅ ခုနှစ်ဒီဇင်ဘာ ၉ ရက်တွင် အသစ်တစ်ဖန်ပြန်လည်ပြုပြင်မွမ်းမံလာခဲ့သည့် အဆိုပါအဆောက်အအုံသည် မြန်မာနိုင်ငံ၏စီးပွားရေးကဏ္ဍသစ်တစ်ရပ်ကို ရန်ကုန်စတော့အိတ်ချိန်းအမည်နာမဖြင့်ထွက်ပေါ်လာခဲ့ပြန်ပြီဖြစ်သည်။

ယနေ့အချိန်တွင် မြန်မာနိုင်ငံ၏ စတော့အိတ်ချိန်း၊ စတော့ရှယ်ယာဈေးကွက်သည် အသစ်အဆန်းအဖြစ် လေ့လာသင်ယူကြရသည့် အနေအထားတွင်ပင်ရှိသေးသည်။

လာမည့်နှစ် အနည်းငယ်အတွင်း ကျွမ်းကျင်ဝါရင့်သည့် ရှယ်ယာရှင်များဖြင့် သက်ဝင်လှုပ်ရှားလာမည့် မြန်မာ့စတော့ရှယ်ယာဈေးကွက်ကြီး၏ အောင်မြင်ဖြစ်ထွန်းမှုကို လွန်ခဲ့သောနှစ်ပေါင်း ၇၇ နှစ်က တည်ဆောက်ထားသည့် အဆောက်အအုံကြီးက စောင့်စားလျက်ပင်ရှိနေပါကြောင်း။

**(မြန်မာ့အလင်း)**



**ဂရိနတ်ဗိမာန်တစ်ခုသဖွယ် အဆောက်အအုံကြီး၏ ဟန်ပန်က သူဆောင်ရွက်ရမည့်ဘဏ်လုပ်ငန်းအတွက် တည်ကြည်ဖြောင့်မတ်မှု၊ ခိုင်မာတောင့်တင်းမှု၊ လုံခြုံစိတ်ချရမှု၊ အနာဂတ်အတွက် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ညွှန်းနေ**

ခရီးသွားဆောင်းပါး

# ဖွံ့ဖြိုးမှုရောင်ခြည်များနှင့်အတူ ကျောက်ဖြူမြို့ဆီသို့


ကျောက်ဖြူမြို့အထိမ်းအမှတ်တစ်ခုဖြစ်သည့် နာရီစင်ကိုတွေ့ရစဉ်

## သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-အောင်ကျော်ဦး၊ မောင်ချစ်ကြည် ■

ရေပြင်တွင်အရှိန်မြှင့် ခုတ်မောင်းနေသော ရုပ်ပြေးယာဉ်ကြောင့် ဦးပိုင်းဘက်မှ ရေပန်းများတဖွားဖွား ထွက်ပေါ်လာသည်။ ကုန်ပစ္စည်းမပါ၊ ခရီးသည်များသာတင်ဆောင်လာသော ရုပ်ပြေးယာဉ်နောက်ပိုင်း ကုန်းပတ်ပေါ်မှ လက်ရန်းကိုကိုင်ရင်း ပတ်ဝန်းကျင်ကို ကြည့်ရှုမိသည်။ ရခိုင်ရိုးမတောင်စွယ်၊ တောင်တန်းများ၊ မြစ်ကမ်းအနီးကျေးရွာငယ်များ၊ ရေလုပ်သားတို့ နေအိမ်အချို့နှင့် ရေပြင်တွင်လှေငယ်များဖြင့် သွားလာနေကြသော ဒေသခံများကိုတွေ့ရသည်။ ရခိုင်ပြည်နယ် မိုးကာလက မိုးရွာသွန်းမှုများသည်။ နေ့စဉ်ရက်ဆက် မိုးရွာနေတတ်ပြီး လေပြင်းများလည်းတိုက်ခတ်နေတတ်သည်။ မိုးကာလမှာပင် ကျွန်တော်တို့ စစ်တွေမြို့မှ ကျောက်ဖြူမြို့သို့ ရုပ်ပြေးယာဉ်ဖြင့် နံနက်စောစော ထွက်လာခဲ့ကြခြင်းဖြစ်သည်။

တစ်ပတ်လျှင် သုံးကြိမ်နှင့် ရာသီဥတုဆိုးရွားလျှင် တစ်ပတ်တစ်ကြိမ်ခန့်သာထွက်တတ်သော စစ်တွေ-ကျောက်ဖြူ ရုပ်ပြေးရေယာဉ်က ရာသီဥတုကောင်းချိန်နှင့် ရုပ်ပြေးယာဉ်ထွက်ချိန်တိုက်ဆိုင်နေသဖြင့် ကျွန်တော်တို့ ကျောက်ဖြူမြို့သို့ ရေလမ်းခရီးဖြင့်လာခဲ့ကြခြင်းဖြစ်သည်။ တစ်ကြိမ်မျှ မရောက်ဖူးသော ခရီးစဉ်ဖြစ်ရာ စိတ်လှုပ်ရှားမိသည်။ ရေလမ်းခရီးဖြစ်၍ စိတ်လည်းထင့်ရသည်။ ပင်လယ်ရေပြင်ကို ဖြတ်သန်းချိန် လှိုင်းလေထန်တတ်သဖြင့် သတိထားပါဟူသော စစ်တွေမြို့သား ကိုစောရွှေ၏ စကားကိုလည်း နားကမထွက်၊ စိုးရိမ်စိတ် ရတက်ဝင်မိသော်လည်း မတတ်နိုင်၊ ရုပ်ပြေးယာဉ်နှင့် ခရီးပင်ထွက်လာလေပြီ။

တစ်လမ်းလုံး ရာသီဥတုသာသာယာယာဖြင့် ရေလမ်းခရီးက ကောင်းမွန်နေရာ ပင်လယ်ဖြတ်သန်းချိန်မှ ရုတ်တရက်မိုးမှောင်ကာ မိုးဖွဲဖွဲစတင်ရွာလာသည်။ လေတိုက်မှုကြောင့် လှိုင်းထလာ၍ ရုပ်ပြေးယာဉ်နည်းနည်းမျှ ဘယ်ညာလူးလိမ့်သလိုဖြစ်လာသဖြင့် ထိတ်လန့်သွားမိသည်။ ဘေးဘယ်ညာမှ ခရီးသည်များကို ကြည့်မိရာ သူတို့ကစကားပြောမပျက်၊ ဣန္ဒြေပင်မပျက်ရှိနေသည်။ လေကတဖြည်းဖြည်းပြင်းလာပြီး လှိုင်းလည်းကြီးလာသဖြင့် လှိုင်းကြား၊ မိုးကြားတွင် ရုပ်ပြေးယာဉ်က အင်ဂျင်စက်သံ ဆူညံစွာဖြင့် ဖြတ်သန်းနေရသည်။ လှိုင်းလေပြင်းလာသဖြင့် ခရီးသည်များ အသံတိတ်သွားကြသည်။ ရုပ်ပြေးယာဉ်ဝန်ထမ်းလေးများက ခရီးသည်များ တစ်ဖက်စောင်းနင်းမထိုင်မိကြစေရန် ဘယ်ညာနှစ်ဖက်ဟန်ချက်ညီစွာ ပြောင်းထိုင်ခိုင်းကြသည်။ ရာသီဥတုနည်းနည်းဆိုးနေသည်ဟု ရေယာဉ်ဝန်ထမ်းများက ခရီးသည်များကို သတိပေးစကားပြောကြားသဖြင့် မိမိလည်းရုပ်ပြေးအမိုးနံရံတွင် စင်ဖြင့် တင်ထားသော အရေးပေါ်အသက်ကယ်အင်္ကျီများကို လှည့်ကြည့်ကာ သတိထားလိုက်သည်။ မတတ်နိုင်။ အရေးကြုံလာလျှင် အတတ်နိုင်ဆုံး ပြင်ဆင်ထားမှ တော်ကာကြမည်။

ခဏကြာမျှအချိန်တွင် ရေယာဉ်ဝန်ထမ်းပြန်ဝင်လာပြီး ရာသီဥတုအခြေအနေတဖြည်းဖြည်းကောင်းသွားပါသည်ဟု ခရီးသည်များအား လာပြောသဖြင့် သက်ပြင်းချမိသည်။ ခရီးသည်များ၏ စကားသံများလည်း ပြန်လည်ထွက်ပေါ်လာသည်။ အနီးရှိခရီးသည်တစ်ဦးကိုမေးကြည့်ရာ နောက်ထပ် မိနစ် ၂၀ခန့်တွင် ကျောက်ဖြူမြို့သို့ ရောက်တော့မည်ဟုပြောပြသဖြင့် ဝမ်းသာရသည်။ ရေယာဉ်လည်း ပုံမှန်ခုတ်မောင်းနေရာ အနီးရှိခရီးသည်တစ်ဦးက အဲဒါ ကျွန်းမဲကြီးဟုပြောပြီး ညွှန်ပြသဖြင့် လှမ်းကြည့်မိသည်။ ကျွန်းအလတ်အရွယ်အစားဖြစ်ပြီး စိမ်းစိုညိုမှောင်နေသည်။ ကျောက်ဖြူမြို့နယ်အတွင်း ကျွန်းအများအပြား ပါဝင်ကြောင်း သိရသည်။

ကျောက်ဖြူဆိပ်ကမ်းသို့ ရေယာဉ်ဆိုက်ကပ်ခဲ့သည်။ ကျောက်ဖြူတွင် ဆိပ်ကမ်းနှစ်ခုရှိပြီး ယခုဆိပ်ကမ်းမှာ ငလပွေ့ဆိပ်ကမ်းဖြစ်ကာ အမှတ် (၂) ဆိပ်ကမ်းဟုလည်းခေါ်ကြသည်။ ငလပွေ့ဆိပ်ကမ်းသို့ စစ်တွေမှလာသော ခရီးသည်တင် ရုပ်ပြေးရေယာဉ်များ၊ ခရီးသည်နှင့် ကုန်တင်ရေယာဉ်များ၊ ငါးဖမ်းယာဉ်များ လာရောက်ဆိုက်ကပ်ကာ ခရီးသည်နှင့်ကုန်တင်ကုန်ချပြုလုပ်သည့် ဆိပ်ကမ်းလည်းဖြစ်သည်။ ကျွန်တော်တို့ ဆိပ်ကမ်းရောက်ရှိချိန်တွင် ဘိလပ်မြေတင်သော ကုန်တင်သင်္ဘောကြီးတစ်စင်း ဆိုက်ကပ်ကာ ကုန်များချနေသည်ကိုတွေ့ရသလို ငါးဖမ်းယာဉ်များလည်း ဆိုက်ကပ်ရပ်နားထားကြသည်ကို တွေ့ရသည်။ ကျောက်ဖြူမြို့နယ်သည် ငါးဖမ်းလုပ်ငန်း၊ စိုက်ပျိုးရေး၊ ဆားလုပ်ငန်းနှင့်ရေလုပ်ငန်းများကို အဓိကလုပ်ကိုင်ကြောင်းသိရသည်။

ကျွန်တော်တို့ ကျောက်ဖြူမြို့အတွင်း တာဝန်များကို မနားမနေ လုပ်ကိုင်ပြီးနောက် မြို့တွင်းသို့လိုက်လံလေ့လာခဲ့သည်။

ကျောက်ဖြူမြို့နယ်က အရှေ့ဘက်တွင် အမ်းမြို့နယ်၊ တောင်ဘက်တွင် ရမ်းဗြဲမြို့နယ်နှင့် ထိစပ်လျက်ရှိပြီး အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်တို့နှင့် ထိစပ်ကာ မြောက်ဘက်တွင် မြေပုံမြို့နယ်နှင့် နယ်နိမိတ်ဆက်စပ်လျက်ရှိကြောင်း သိရသည်။

ကျောက်ဖြူမြို့တွင် ရပ်ကွက်(၁၀)ရပ်ကွက်ရှိပြီး အဓိကလမ်းများမှာ ဦးဥတ္တမလမ်း၊ ဗိုလ်ချုပ်လမ်း၊ ကမ်းနားလမ်း၊ ရုံးတက်လမ်းတို့ဖြစ်ရာ မြို့တွင်းလမ်းအများအပြားမှာ ကတ္တရာလမ်းများဖြစ်နေသည်။ လမ်းများသန့်ရှင်းသပ်ရပ်နေ၍ အထပ်နိမ့်တိုက်တာ အိုးအိမ်များတွေ့ရကာ ဟိုတယ်၊ ဧည့်ရိပ်သာများလည်းရှိပြီး ဥရောပဆန်သော မြို့တစ်မြို့အသွင်ဖြစ်နေသည်ကို သတိပြုမိသည်။

ကျွန်တော်တို့ ကမ်းနားလမ်းဘက်တို့ ရောက်ရှိခဲ့သည်။ ကမ်းခြေ၊ သဲသောင်ပြင်နှင့် ရေလှိုင်းများ ရိုက်ပုတ်နေမှုမြင်ကွင်းက တဒင်္ဂအတွင်း စိတ်ကိုကြည်လင်လန်းဆန်းမှုဖြစ်စေသည်။ ရေပြင်ကိုဖြတ်သန်းတိုက်ခတ်လာသော လေအေးကြောင့် အမောပြေစေရာ ကြည်နူးဖွယ်ကောင်းလှသည်၊ မြန်မာနိုင်ငံတစ်ဝန်း မြို့ရွာပေါင်းများစွာရှိသော်လည်း ကမ်းခြေပိုင်ဆိုင်သော မြို့က လက်ချိုးရေတွက်လိုပင်ရသည့် အနေအထားရှိသည်။ ‘ကျောက်ဖြူ မြို့မှ ကြိုဆိုပါ၏’ဟု ရေးသားထားသော ဆိုင်ဘုတ်အနီး သဲသောင်ပြင်ပေါ်တွင် လွတ်လပ်ပျော်ရွှင်စွာ ဘောလုံးကစားနေကြသူများကို တွေ့မြင်ရ၍ ပင်လယ်လေကို ရှူရှိုက်ရင်းကျန်းမာရေးအတွက်ကစားနေကြသူများကို အားကျမိသည်။ ကျောက်ဖြူမြို့ကမ်းခြေကို စနစ်တကျထိန်းသိမ်းပြုပြင်ကာ ခရီးသွားများ အတွက် ဆွဲဆောင်မှုနေရာအဖြစ် အဆင့်မြှင့်တင်နိုင်လျှင် စီးပွားရေးအတွက်ရောဖွံ့ဖြိုးရေးအတွက်ပါ အဆင်ပြေနိုင်မည်ဟု တွေးမိသည်။

ကျောက်ဖြူမြို့ ကမ်းခြေတွင် အတန်ကြာလေ့လာပြီးနောက် ကျောက်ဖြူ လေယာဉ်ကွင်းဘက်သို့ ရောက်ရှိခဲ့သည်။ ကျောက်ဖြူလေယာဉ်ကွင်းက ကျောက်ဖြူမြို့ အနောက်ဘက် တစ်မိုင်ခွဲခန့်အကွာတွင် တည်ရှိနေပြီး သီးခြားရှိနေသည်။ လေကြောင်းထိန်းမျှော်စင်ကို အဝေးမှလှမ်းမြင်ရပြီး လေယာဉ်ကွင်းအရောက်၌ လေကြောင်းခရီးစဉ်မရှိသဖြင့် ခရီးသည်အဝင်အထွက် မတွေ့ရ။ တိတ်ဆိတ်ငြိမ်သက်နေသော လေဆိပ်အဆောက်အအုံ ဖြစ်သည်။ ကျောက်ဖြူလေယာဉ်ကွင်းကို ဒုတိယကမ္ဘာစစ်အတွင်းက စစ်လေယာဉ်ငယ်များအသုံးပြုရန် တောင်မြောက်တန်းလျက်အနေအထားဖြင့် အလျားပေ ၂၅၀၀ ခန့် ရှည်သော သံပြားပေါက်ခင်း လေယာဉ်ပြေးလမ်းကို တည်ဆောက်အသုံးပြုခဲ့ခြင်း


ကျောက်ဖြူမြို့နယ် ကဏန်းပျော့မွေးမြူရေးလုပ်ငန်းတစ်ခုကို တွေ့ရစဉ်

ဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက် အလျားပေ ၃၆၀၀ အကျယ်ပေ ၁၀၀ ရှိသော သံပြားပေါက်ခင်း လေယာဉ်ကွင်းအဖြစ် တိုးချဲ့တည်ဆောက်ခဲ့သည်။ ယခုအချိန်တွင် လေယာဉ်ပြေးလမ်း အရှည်ပေ ၇၁၀၀၊ အကျယ်ပေ ၁၀၀၊ လေယာဉ်ပြေးလမ်းခံနိုင်ရည်အား ၂၀၄၁၂ ကီလိုဂရမ်အထိရှိလာပြီဖြစ်သည်။

ယခုမိုးရာသီကာလတွင် မြန်မာအမျိုးသား လေကြောင်းလိုင်းနှင့် အဲဝင်းလေကြောင်းလိုင်းတို့က ရာသီဥတုအခြေအနေပေါ်မူတည်ပြီး သီတင်းတစ်ပတ်လျှင် သုံးရက်နှင့် လေးရက် ဆင်းသက်နေကြသည်။ ပွင့်လင်းရာသီတွင်မူ နေ့စဉ်လေယာဉ်ခရီးစဉ်များရှိသည်။ သပ်ရပ်သန့်ရှင်းသော ထိုင်ခုံများနှင့် ထွက်ခွာခရီးသည်များနားနေဆောင်၊ လေယာဉ်ပေါ်မှ ဆင်းသက်လာသော ခရီးသည်များနားနေဆောင်၊ အရေးကြီးပုဂ္ဂိုလ်များ နားနေဆောင်များက ကျောက်ဖြူလေဆိပ်အနေထားဖြင့်ဆိုလျှင် ခံ့ခံ့ထည်ထည်ရှိနေသည်။ လေယာဉ်ခရီးစဉ်များ တိုးချဲ့ပျံသန်းနိုင်ရေးမှာ ရာသီဥတုအခြေအနေပေါ်တွင် မူတည်နေကြောင်းသိရသည်။ ထို့အပြင် ကျောက်ဖြူလေဆိပ်တွင် အခြေပြု၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီများ၏ လုပ်ငန်းသုံး ရဟတ်ယာဉ်များလည်း ရပ်နားပျံသန်းပြေးဆွဲလျက်ရှိကြောင်း သိရသည်။ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူရေနက် ဆိပ်ကမ်းတို့ တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် တင်သည့် ကာလမှစတင်ကာ လေယာဉ်ခရီးသည် အဝင်အထွက်နှင့် လေယာဉ်အတက်အဆင်း များလာတော့မည်ဖြစ်သည်။

ကျောက်ဖြူလေဆိပ်မှ ကျွန်တော်တို့ ပြန်ထွက်လာခဲ့ပြီး ကျောက်ဖြူရေဒါစခန်းသို့ မော်တော်ယာဉ်ဖြင့် သွားရောက်ခဲ့သည်။ ယင်းမှာ ကျောက်ဖြူမြို့နှင့် ၁၅ မိုင်ခန့်ဝေးသော မင်းပြင်ရွာအနီး ကုန်းမြင့်ပေါ်တွင် ဘင်္ဂလားပင်လယ်အော်ကို မျက်နှာပြုတည်ဆောက်ထားသော ရေဒါစခန်းဖြစ်သည်။ မိုးကသည်းသည်ထက် သည်းစွာရွာနေဖြင့် ရေဒါစခန်းပေါ်သို့ သတိထားတက်ရသည်။ အထပ် ကိုးထပ်ရှိပြီး အမြင့် ၄၅ မီတာရှိသော ရေဒါစခန်းကို အဝေးမှပင် လှမ်းမြင်ရသည်။ သဘာဝဘေးအန္တရာယ်များအနက် မိုးဦးကာလ၊ မိုးနှောင်းကာလများတွင် မုန်တိုင်းအများဆုံးဝင်တတ်ရာ မိုးလေဝသသတင်း အချက်လက်များ မှန်ကန်မြန်ဆန်စွာ ရယူ စုဆောင်းထုတ်ပြန်နိုင်ရန် အရေးကြီးသည်။

ဂျပန်နိုင်ငံအကူအညီဖြင့် ကျောက်ဖြူ ရေဒါစခန်းကို ၂၀၁၄ ခုနှစ် မတ်လက စတင်တည်ဆောက်ခဲ့ ခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ပြီးစီးခဲ့ခြင်း ဖြစ်သည်။ ရေဒါစခန်းအပေါ်ဆုံးထပ်သို့ တက်ရောက်ကာ မိုးရွာ သွန်းမှု၊ လေတိုက်ရာအရပ်၊ လေဖိအားနည်းရပ်ဝန်းများကို တိုင်းတာသည့် နည်းစနစ်များကို လေ့လာခဲ့သည်။ အဆောက်အအုံ ကိုးထပ်ပေါ်မှ ဘင်္ဂလားပင်လယ်အော် ရေပြင်ကို မျက်စိတစ်ဆုံး မြင်တွေ့ရသည်။ ကမ်းခြေမှာ မြေအောက် တွင် ပြားပြားဝပ်နေပြီး လှပသောရှုခင်းကို ပန်းချီကားတစ်ချပ် ခင်းကျင်းထားသလို ဖြစ်နေသည်။ ရေဒါစခန်းမှ ပြန်ဆင်းချိန်တွင် မိုးကခပ်သည်းသည်းရွာနေပြန်သည်။ မိုးရွာနေသဖြင့် ရေဒါစခန်းကို ဓာတ်ပုံရိုက်ရာမလွယ်ကူ။ ပုံရိပ်ကမဲမှောင်နေပြီး ကြည်လင်ပြတ်သားမှုမရှိ။ ကျောက်ဖြူမြို့၏ ဂုဏ်ဒြပ်ပုံရိပ်တစ်ခုသဖွယ်ဖြစ်နေသော ကျောက်ဖြူရေဒါစခန်းက ထည်ဝါခံ့ညားစွာ တည်ရှိနေသည်။

တစ်နိုင်ငံလုံး ပြည်သူများအတွက် မှန်ကန်တိကျသော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သတင်းအချက်အလက်များကို ရရှိနိုင်မည့် မိုးလေဝသဆိုင်ရာ ဂြိုဟ်တုဓာတ်ပုံများကို ထုတ်ပြန်ပေးနေသည့် ရေဒါစခန်းပင်ဖြစ်သည်။

မိုးရွာနေသည့်ကြားမှပင် ရေဒါစခန်းမှ ကျွန်တော်တို့ ကျောက်ဖြူမြို့သို့ ပြန်လာခဲ့သည်။ ရခိုင်ပြည်နယ်တစ်ခွင်တွင် မိုးရာသီ၌ မိုးမရွာသောနေ့ဟူ၍ မရှိသလောက်ဖြစ်နေတတ် သည်။ ကျွန်တော်တို့ ကျောက်ဖြူအထူးစီးပွားရေးဇုန်အကောင်အထည်ဖော်မည့်နေရာသို့ သွားရောက်ခဲ့သည်။ ကျောက်ဖြူ-ရန်ကုန်ကားလမ်းဘေး ကျောက်ဖြူမြို့ အရှေ့တောင်ဘက် သိုင်းချောင်းလမ်းဆုံးအနီး ဝန်းကျင်ဒေသတွင် ကျောက်ဖြူအထူးစီးပွားရေးဇုန်ဆောင်ရွက်ရန် သတ်မှတ်ထားသည်ကို တွေ့ရသည်။ လောလောဆယ်တွင် မြေနေရာသတ်မှတ်မှု၊ တောင်သူများနှင့် ဆွေးနွေးညှိနှိုင်းမှု၊ မြေတိုင်းတာ မှုအဆင့်သာရှိနေသေးရာ ဓာတ်ပုံမှတ်တမ်းရိုက်ယူရန် အခက်ခဲဖြစ်ရသည်။ လက်ရှိ မြေပြင်အခြေအနေသာ ဓာတ်ပုံမှတ်တမ်းတင်ခဲ့ရသည်။

ကျောက်ဖြူ အထူးစီးပွားရေးဇုန်စီမံကိန်းသည် လုပ်ငန်းကြီးမားပြီး အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းသစ်များ ပေါ်ထွက်လာနိုင်သည်ဖြစ်ရာ လုပ်ငန်းများလည်းပတ်ပါက ကျောက်ဖြူမြို့သည်လည်း အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလာမည်မှာ မလွဲပင်။ ရေနက်ဆိပ်ကမ်း၊ စက်မှုဇုန်၊ လူနေအိမ်ရာစီမံကိန်းများပါဝင်သော ကျောက်ဖြူအထူးစီးပွားရေးဇုန်က ကျောက်ဖြူမြို့ ဖွံ့ဖြိုးတိုးတက်မှုကို အချိန်တိုအတွင်း မြှင့်တင်တော့မည့်အနေအထားရှိသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန် နေရာအဖြစ်သတ်မှတ်ထားသည့် ကျောက်ဖြူ-ရန်ကုန် ကားလမ်းဘေး သိုင်းချောင်းလမ်းဆုံအနီးတွင် အတန်ကြာလေ့လာကြည့်ရှုပြီးနောက် ကျောက်ဖြူမြို့သို့ပြန်လာခဲ့သည်။

အလင်းရောင်က အားနည်းပြီး အမှောင်ထုက ရစ်သိုင်းလာပြီး မိုးဖွဲဖွဲရွာနေသည့် အပြန်လမ်းတစ်လျှောက်တွင် တိုးတက်မှုရောင်ခြည်ဖြာနေသော ကျောက်ဖြူမြို့ကို စိတ်အတွေးဖြင့် မှန်းဆပုံဖော်နေမိတော့သည်။ ။



မိုးလေဝသအခြေအနေမပြတ် စောင့်ကြည့်နေသော ကျောက်ဖြူ ရေဒါစခန်းကို တွေ့ရစဉ်

**ကျောက်ဖြူ အထူးစီးပွားရေးဇုန်စီမံကိန်းသည် လုပ်ငန်းကြီးမားပြီး အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်လမ်းသစ်များ ပေါ်ထွက်လာနိုင်သည်ဖြစ်ရာ လုပ်ငန်းများလည်ပတ်ပါက ကျောက်ဖြူမြို့သည်လည်း အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလာမည်မှာ မလွဲပင်။ ရေနက်ဆိပ်ကမ်း၊ စက်မှုဇုန်၊ လူနေအိမ်ရာစီမံကိန်းများပါဝင်သော ကျောက်ဖြူ အထူးစီးပွားရေးဇုန်က ကျောက်ဖြူမြို့ ဖွံ့ဖြိုးတိုးတက်မှုကို အချိန်တိုအတွင်း မြှင့်တင်တော့မည့်အနေအထားရှိသည်။**


ကျောက်ဖြူမြို့ရှိ သာယာလှပသည့် ကမ်းခြေခန်းတစ်ခန်းကို တွေ့ရစဉ်



# အပြောအရေးကွာဟမှုများ(၁၆)

မောင်ခင်မင်(ဓနုဖြူ)

"ကြိယာထောက်ဆိုတာ သိတယ်မဟုတ်လား။ သားတို့ သမီးတို့"

"သိပါတယ်ဆရာ။ ကြိယာကို အထောက်အပံ့ပြုတဲ့ စကားလုံးပါ"

"ပြောရက်တယ်တို့ ၊ လုပ်သင့်တယ်တို့၊ ရထိုက်တယ်တို့မှာပါတဲ့ 'ရက်၊ သင့်၊ ထိုက်'ဆိုတဲ့ စကားလုံးမျိုးတွေပါ ဆရာ"

"ဟုတ်ပါတယ်။ ကြိယာနဲ့ ကြိယာထောက်ကွဲရင်လည်း အဲဒီကြိယာထောက်က အသံပြောင်းနိုင်တဲ့စကားလုံးဆိုရင် သံညင်းက သံပြင်းကိုပြောင်းတယ်ကွဲ့"

"အမြန်နှုန်းထားနဲ့ ပြောလို့ပေါ့နော်ဆရာ"

"ဟုတ်ပါတယ်။ 'ပြောသင့်' ဆိုတဲ့စကားလုံးကိုကြည့်လေ။ 'သင့်'က ကြိယာထောက်မဟုတ်လား။ အသံဘယ်လိုထွက်ပါလိမ့်"

"/ပြောသုင့်/လို့ထွက်ပါတယ်ဆရာ။ သင့်က /သုင့်/လို့ပြောင်းပါတယ်"

"အဲဒီလိုပဲ၊ 'စားထိုက်'ဆိုလည်း /စားဒိုက်/လို့အသံထွက်တယ်။'လာကြ'ဆိုလည်း /လာဂျ/လို့ အသံထွက်တယ် မဟုတ်လား ။ အသံပြောင်းတတ်တဲ့ ကြိယာထောက်အားလုံးသံပြင်းကိုပြောင်းတယ်ကွဲ့"

"ဟုတ်ကဲ့ပါ"

"တချို့ကြိယာတွေက ကြိယာလည်းဖြစ်တယ်၊ ကြိယာထောက်လည်းဖြစ်တယ်။ အဲဒီလို ကြိယာမျိုးကို သုံးတဲ့အခါ ပိုပြီးထင်ရှားတယ်"

"သြော်... ဟုတ်ကဲ့၊ ပြောပြပါ ဆရာ"

"ဒီအသီးစားကောင်းတယ်လို့ပြောရင် ဘာအဓိပ္ပာယ်လဲ"

"ဒီအသီးစားလို့ ကောင်းတယ်လို့ဆိုလိုတာပါ ဆရာ"

စားဟာ နာမ်ပေါင်းကြိယာမို့ နောက်က အသံမပြောင်းဘူး။ ထမင်းစားပြီးမှသွားမယ်ဆိုတဲ့အဓိပ္ပာယ်ပဲ။ အဲ...ထမင်း+စားသွားမယ်လို့ ထမင်းနဲ့ စားကို တစ်ဆက်တည်း ရွတ်ဆိုရင်တော့ /ထမင်းဇားသွားမယ်/လို့အသံထွက်မှာပေါ့။ /စား/ က /ဇား/ကိုပြောင်းသွားတယ်။ အဓိပ္ပာယ်ကလည်း ထမင်းစားဖို့သွားမယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်သွားရောလေ"

"ဒါဆို 'ရေချိုးသွားမယ်'လို့ အသံမပြောင်းဘဲ ပြောရင် ရေချိုးပြီးမှ သွားမယ်လို့ဆိုလိုပြီး /ယေဂျိုးသွားမယ်/လို့ အသံပြောင်းပြီးပြောရင် ရေချိုးဖို့သွားမယ်လို့ အဓိပ္ပာယ်ပြောင်းသွားမှာပေါ့နော် ဆရာ"

"ဟုတ်ပါတယ် ။ သမီးပြောသလိုပါပဲ"

"ပုဒ်စပ်ဖွင့်နဲ့ ပုဒ်စပ်ပိတ်ကွာရုံနဲ့ တစ်ခုက ကြိယာ၊ တစ်ခုကနာမ်ဖြစ်တဲ့အကြောင်း သာဓကတွေတော်တော်ပြောပြီးပါပြီ။ မှတ်မိသေးရဲ့လားမသိဘူး။ 'ပုလင်းကွဲတယ်' နဲ့ 'ပုလင်းကွဲတွေ '၊ 'အမှုထမ်းတယ်' နဲ့ 'အမှုထမ်းတွေ'၊ 'ဘာသာပြန်တယ်' နဲ့ 'ဘာသာပြန်လုပ်ငန်း' ဆိုတာမျိုးတွေလေ"

"မှတ်မိပါတယ် ဆရာ။ ပုလင်းကွဲတယ်ဆိုရင် ပုလင်းနဲ့ ကွဲကို ပုဒ်စပ်ဖွင့်နဲ့စပ်တယ်။ နှေးနှေးရွတ်ဆိုရတယ်။ အသံမပြောင်းဘူး ။'ပုလင်းကွဲတွေ' ဆိုရင်တော့ ပုလင်းနဲ့ကွဲကို ပုဒ်စပ်ပိတ်နဲ့ စပ်တယ်။ မြန်မြန်ရွတ်ဆိုရတယ်။ /ပလင်းဂွဲ/ လို့ အသံပြောင်းတယ်"

"ဟုတ်ပါပြီ။ နောက်သာဓကတွေလည်း အဲဒီသဘောပါပဲ"

"ကဲ...အခုနောက်ဆုံးပြောမှာက ကြိယာတို့၊ နာမ်တို့နဲ့ နောက်ဆက်ပစ္စည်းနဲ့တွဲတဲ့အခါမှာ နောက်ဆက်ပစ္စည်းတွေလည်း သံညင်းကနေပြီး သံပြင်းကိုပြောင်းတယ်ဆိုတဲ့ ဥပဒေသပဲ"

**ပုလင်းကွဲတယ်ဆိုရင် ပုလင်းနဲ့ ကွဲကို ပုဒ်စပ်ဖွင့်နဲ့စပ်တယ်။ နှေးနှေးရွတ်ဆိုရတယ်။ အသံမပြောင်းဘူး။ 'ပုလင်းကွဲတွေ' ဆိုရင်တော့ ပုလင်းနဲ့ ကွဲကို ပုဒ်စပ်ပိတ်နဲ့ စပ်တယ်။ မြန်မြန်ရွတ်ဆိုရတယ်။ /ပလင်းဂွဲ/ လို့ အသံပြောင်းတယ်**

"အင်း.....အဲဒီစကားမှာ 'ကောင်း'က အသံမပြောင်းဘူးလေ။ အဲဒီစကားကိုပဲ ဒီအသီး /စားဂေါင်းဒယ်/လို့ 'ကောင်း'ကို 'ဂေါင်း'လို့ အသံပြောင်းလိုက်ရင် ဘယ်လိုအဓိပ္ပာယ်ဖြစ်မလဲ"

"ဟုတ်ကဲ့၊ ဒီအသီးက စားရင်အန္တရာယ်မဖြစ်ဘူးဆိုတဲ့ အဓိပ္ပာယ်ဖြစ်မယ်ထင်ပါတယ် ဆရာ"

"ဟုတ်ပါတယ်။ 'စားကောင်းတယ်' လို့သုံးရင် သီးခြားကြိယာနှစ်လုံးကိုတွဲသုံးတာမို့ ရှေ့ကပြောခဲ့တဲ့ ဥပဒေသအရ နောက်ကကြိယာ အသံမပြောင်းဘူး။/စားဂေါင်းဒယ်/လို့ပြောရင်တော့ နောက်က'ကောင်း'က သင့်လျော်တယ်၊ အန္တရာယ်မရှိဘူးဆိုတဲ့အဓိပ္ပာယ်နဲ့ကြိယာထောက်ကို သုံးတာဖြစ်သွားရောလေ"

"ဟုတ်ကဲ့ပါ။ ဒါဆိုကျွန်တော်တွေးမိတာ တစ်ခုပြောချင်ပါတယ် ဆရာ"

"ပြောလေ"

"'နေသာတယ်' လို့သုံးရင် နေရောင်ထွက်နေတယ်လို့ အဓိပ္ပာယ်ရပြီး /နေသှာတယ်/လို့ 'သာ' ကို/သှာ/ လို့ အသံပြောင်းသုံးရင် နေသာထိုင်သာရှိတယ်၊ နေကောင်းတယ်လို့အဓိပ္ပာယ်ရှိမယ်ထင်ပါတယ်။"

"မှန်ပါ့ဗျာ။ အသံမပြောင်းတဲ့ 'သာ' က ကြိယာ၊ အသံပြောင်းတဲ့/သှာ/က ကြိယာထောက်လို့ ခွဲနိုင်တာပေါ့"

"ဟုတ်ကဲ့ပါ"

"ကဲ... နောက်တစ်မျိုးက နာမ်နဲ့ ကြိယာပေါင်းပြီး ကြိယာအဖြစ်သုံးတဲ့ စကားလုံးမျိုးပဲ။ ဆရာကြီး ဦးဖေမောင်တင်က 'နာမ်ပေါင်းကြိယာ'လို့ခေါ်တယ်။ နာမ်ပေါင်းကြိယာမှာ နာမ်နဲ့ကြိယာဟာ ပုဒ်စပ်ဖွင့်နဲ့စပ်တဲ့အတွက် အနှေးနှုန်းထားနဲ့ရွတ်ဆိုရလို့ နောက်က အသံမပြောင်းဘူးလေ။ သာဓကကလေးတွေစဉ်းစားကြည့်ပါလား..."

"ဟုတ်ကဲ့။ 'ရေချိုး'၊ 'ထမင်းစား '၊ 'နားထောင်'...

"သမီးလည်းပြောမယ်။ 'သဘောကောင်း၊ ပွဲကြည့်၊ နားပူ' "

"ဟုတ်ပါပြီ။ အဲဒီစကားလုံးတွေမှာ နာမ်နဲ့ကြိယာကို တစ်ဆက်တည်း မြန်မြန်ရွတ်ဆိုရင်တော့ နာမ်ဖြစ်သွားပြီး နောက်ကအသံလည်း ပြောင်းသွားတယ်။ အဓိပ္ပာယ်လည်း ကွဲသွားတတ်တယ်"

"ဟုတ်ကဲ့ပါ"

"'ထမင်း-စားသွားမယ်' လို့ ခြားပြီးရွတ်ဆိုရင် ထမင်း-

"အဲဒီနောက်ဆက်ပစ္စည်းတွေက ဘယ်လိုမျိုးတွေပါလဲ ဆရာ"

"နာမ်ရဲ့နောက်ကတွဲတဲ့ 'သည်၊ က၊ ကို၊ သို့၊ တွင်'တို့လို ပစ္စည်းတွေ ၊ ကြိယာရဲ့နောက်ကတွဲတဲ့ 'သည်၊ တယ်၊ တာ၊ ပြီ' တို့လိုပစ္စည်းတွေပေါ့။ ရှေ့ကစကားလုံးနဲ့ တစ်ဆက်တည်း တွဲပြီး ရွတ်ဆိုရတဲ့အတွက် အဲဒီပစ္စည်းတွေလည်း သံပြင်းကို ပြောင်းတယ်လေ"

"ဟုတ်ကဲ့ပါ"

"'ဆရာက လုလုကိုစာအုပ်ပေးတယ် 'ဆိုတဲ့ ဝါကျမှာ နာမ်တွေ၊ ကြိယာတွေနောက်ကလိုက်တဲ့ ပစ္စည်းတွေက'က၊ ကို၊ တယ်' ဆိုတဲ့ ပစ္စည်းတွေပဲလေ။ ကဲ ...အသံထွက်ပြီး ဆိုကြည့်စမ်းပါ။ 'ဆရာက' မှာ'က'က /ဂ/ ဖြစ်သွားတယ်။ လုလုကိုမှာ 'ကို' က /ဂို/ဖြစ်သွားတယ်။ ပေးတယ်မှာ 'တယ်' က /ဒယ်/ဖြစ်သွားတယ် မဟုတ်လား "

"ဟုတ်ပါတယ် ဆရာ"

"စာစကားမှာဖြစ်ဖြစ်၊ အပြောစကားမှာဖြစ်ဖြစ် အဲဒီပစ္စည်းတွေ သံညင်းကနေ သံပြင်းကိုပြောင်းတယ်။ တစ်ခုတော့ရှိတယ်။ နောက်ကပစ္စည်းတွဲလိုက်ရင်တော့ အဲဒီအစိတ်အပိုင်းဟာ စကားလုံးမဟုတ်တော့ဘူး။ စကားလုံးထက်ကြီးတဲ့ပုဒ်အဆင့်ကိုရောက်သွားပြီလို့ နားလည်ရမယ်"

"မှတ်ထားပါ့မယ် ဆရာ"

"ကဲ...အစပြန်ကောက်ရအောင်။ အပြောအရေး ကွာဟမှုတွေအကြောင်း ဆရာတို့သုံးယောက် ပြောကြဆိုကြတာ တော်တော်စုံလောက်ပြီထင်ပါရဲ့။ လုံးဝပြီးပြည့်စုံပြီလို့တော့ မမှတ်နဲ့ပေါ့။ လေ့လာမှုဆိုတာပြီးဆုံးသွားတယ်လို့မှ မရှိဘဲ။ ဆက်ပြီးလေ့လာရဦးမှာပါ"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော်ဆက်ပြီးလေ့လာမှာပါ"

"သမီးလည်းစိတ်ဝင်စားပါတယ်ဆရာ။ ဆက်ပြီးလေ့လာပါ့မယ်"

"ခုလောက်ကြည့်ပြီးရင်တော့ တော်တော်အထောက်အကူပြုလောက်ပါပြီ။ အပြောနဲ့ အရေးကွာဟချက်တွေကို ထောင့်စေ့အောင်လေ့လာထားရင် သားရဲ့နိုင်ငံခြားသားသင်မြန်မာစာအလုပ်မှာရော၊ သမီးရဲ့ကွန်ပျူတာသုံး မြန်မာစာအလုပ်မှာရော အထောက်အကူပြုမယ်ထင်တယ်လေ"

"အများကြီးအထောက်အကူပြုပါတယ် ဆရာ။ အခုလို စိတ်ရှည်လက်ရှည်ပြောပြပေးတဲ့အတွက် ဆရာ့ကို အများကြီးကျေးဇူးတင်ပါတယ် ဆရာ"

"ကောင်းပါပြီကွယ်"

# ကလေးငယ်များသည် မိဘများနှင့် စာသင်ကျောင်းများ၏ ပစ်ပယ်ထားခြင်းကို ခံနေရ

ကလျာမိုးမြင့်

*ကလေးသူငယ်တွေရဲ့ဘဝကိုမြှင့်တင်ဖို့ မိဘများလုပ်ဆောင်သင့်တဲ့ သင်ခန်းစာတွေကို အစိုးရက ချမှတ်ပေးသင့်တယ်လို့ ဗြိတိန်နိုင်ငံ ပြည်သူ့ကျန်းမာရေးအဖွဲ့ ကျွမ်းကျင်ပညာရှင်တွေက ပြောပါတယ်။*



ပြည်သူ့ကျန်းမာရေး လှုပ်ရှားမှုအဖွဲ့ (FPH)မှ အကြီးအကဲဟောင်း ပါမောက္ခ ဂျွန်အက်ရှ်တန်က ကလေးသူငယ်များဟာ အချို့သော မိဘတွေရဲ့ လျစ်လျူရှုခြင်းနဲ့ စာသင်ကျောင်းတွေရဲ့ ပစ်ပယ်ထားခြင်းကို ခံနေရတယ်လို့ ဆိုပါတယ်။ ပူပန်ကြောင့်ကြမှု၊ အစာစားချင်စိတ် ပျောက်ကွယ်မှုနဲ့ အဝလွန်မှုတွေကြောင့် ကလေးငယ်တွေကို နောက်ထပ် ထိခိုက်မှုမဖြစ်စေဖို့ ဆောင်ရွက်သင့်ကြောင်း ပြောကြားခဲ့ပါတယ်။ ပြည်သူ့ကျန်းမာရေး လှုပ်ရှားမှုအဖွဲ့ (FPH)က ကလေးငယ်တွေရဲ့ စိတ်ပိုင်းဆိုင်ရာ ကျန်းမာဖွံ့ဖြိုးမှုအတွက် အကူအညီတောင်းခံတဲ့ အစီရင်ခံစာတစ်စောင်ကိုထုတ်ပြန်ခဲ့ပါတယ်။ အဲဒီအစီရင်ခံစာထဲမှာ စိတ်ပိုင်းဆိုင်ရာ ပြဿနာရပ်တွေဟာ ရုပ်ပိုင်း (ကိုယ်ကာယပိုင်း) ဆိုင်ရာ နာမကျန်းဖြစ်မှုတွေထက် ရေရှည် မစွမ်းဆောင်နိုင်မှုတွေနဲ့ ချို့တဲ့မှု များစွာကို ဖြစ်စေနိုင်တယ်လို့ ရေးသားထားပါတယ်။ ဒါတွေကို ကာကွယ်နိုင်တယ်ဆိုတာ သိပေမယ့်လည်း စိတ်မကျန်းမာမှုဆိုတဲ့ ဝန်ထုပ်ဝန်ပိုးရဲ့ ဘယ်အတိုင်းအတာပမာဏအထိ ကာကွယ်လို့ရတယ်ဆိုတာကို ခုချိန်ထိ မပြောနိုင်သေးဘူးလို့ ဖော်ပြထားပါတယ်။

အသက် ၄နှစ်ကနေ ၁၆ နှစ်အရွယ်ရှိတဲ့ ကလေးငယ် ၁၀ ဦးမှာ တစ်ဦးဟာ စိတ်ကျန်းမာရေးချို့တဲ့မှုရှိပြီး ပြုစုကုသဖို့နဲ့အထောက်အပံ့ပေးဖို့ အသေအချာ လိုအပ်နေတယ်လို့ အစီရင်ခံစာထဲမှာ ပါရှိပါတယ်။ ဒါတင်မကဘဲ မိဘနဲ့သားသမီးကြားမှာရှိတဲ့ ဆက်ဆံမှု အရည်အသွေးနဲ့ ကလေးငယ်တွေကို ကြီးပြင်းအောင် မွေးမြူထိန်းသိမ်းနိုင်စွမ်းကလည်း အဓိကကျတဲ့ ကဏ္ဍတစ်ခု ဖြစ်ပါတယ်။

စိတ်ကျန်းမာရေး ပြဿနာတွေကိုဖြေရှင်းဖို့ ငွေကြေးကုန်ကျစရိတ်တွေ ပေးအပ်ထားသော်ငြားလည်း ဒီထက်ပိုပြီး လုပ်ဆောင်ရမယ့် အရာတွေရှိသေးတယ်လို့ ပါမောက္ခ အက်ရှ်တန်က ပြောကြားခဲ့ပါတယ်။ ၎င်းက "လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀၊ ၇၀ ကျော်ကြာခဲ့တဲ့အထိ ကျွန်တော်တို့ဟာ ကျန်းမာသန်စွမ်း ဖျတ်လတ်တဲ့ ကလေးငယ်တွေကို မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ဒါပေမယ့် အခုဆိုရင် ကလေးတွေဟာ ကျောင်းထွက်ကုန်ကြပြီး သူတို့တွေထဲမှာ ၁၅ ရာခိုင်နှုန်းလောက်က စိတ်ပိုင်းဆိုင်ရာပြဿနာတွေ ရင်ဆိုင်နေရသလို စိတ်ဖိစီးမှု၊ ပူပန်ကြောင့်ကြမှုနဲ့ အဝလွန်တာ၊ အစာပုံမှန်မစားတာတွေကိုခံစားနေရပါတယ်"လို့ တင်ပြထားပါတယ်။

ကျန်းမာရေးစောင့်ကြည့်လေ့လာမှုများနဲ့ ကျန်းမာရေးအသိပညာပေး သင်တန်းကျောင်းတွေလိုမျိုး လူထုဆက်သွယ်ရေး နေရာတွေမှာ ရင်းနှီးမြှုပ်နှံပြီးပြုစုပျိုးထောင်မှုဆိုင်ရာ အကြံဉာဏ်နဲ့ အကူအညီအထောက်အပံ့တွေ ပေးအပ်သင့်တယ်လို့ အက်ရှ်တန်က အကြံပြုခဲ့ပါတယ်။



အစီရင်ခံစာကို ထုတ်ပြန်သူတစ်ဦးဖြစ်တဲ့ ပရော်ဖက်ဆာ ဆာရာစတီးဝပ်ဘရောင်းက ခွတ်စာကျွေးခြင်းနဲ့ ကုသမှု လုပ်ဆောင်ခြင်းဟာ စိတ်ကျန်းမာရေးအတွက် လိုအပ်တာမှန်ပေမယ့် တကယ့်အရေးကြီးဆုံးအချက်က မိဘတွေရဲ့ ပြုစုပျိုးထောင်စောင့်ရှောက်မှုအပိုင်းကို ကူညီထောက်ပံ့ပေးခြင်းဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ ကလေးတွေရဲ့ ဘဝသက်တမ်းတစ်လျှောက်မှာ ပထမဆုံး ရက်ပေါင်း ၁၀၀၁ ရက်ဟာ အထူးသဖြင့် အရေးအကြီးဆုံးရက်တွေဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ စိတ်ပိုင်းဆိုင်ရာပြဿနာတွေရဲ့ လေးပုံသုံးပုံကျော်လောက်ဟာ ကလေးအရွယ်နဲ့ မြီးကောင်ပေါက်အရွယ်မှာ စတင်ပေါ်ထွက်လာတတ်လို့ဖြစ်ပါတယ်။

စာသင်ကျောင်းများ၊ အလုပ်ရုံများ၊ ခွဲစိတ်ကုသလုပ်ဆောင်မှုတွေနဲ့ လူထုအဖွဲ့အစည်းကို အခြေပြုတဲ့ စီမံချက်များက အကူအညီပေးနိုင်မှာ ဖြစ်တယ်လို့ သိရပါတယ်။

ပြည်သူ့ကျန်းမာရေး လှုပ်ရှားဆောင်ရွက်မှုအဖွဲ့ကို ဗြိတိန်နိုင်ငံမှာ ရှိတဲ့ ကျန်းမာရေးဆိုင်ရာ ပညာရှင်အဖွဲ့ရဲ့ စံနှုန်းသတ်မှတ်မှုတွေနဲ့ ဖွဲ့စည်းထားရှိပြီး အသက်မွေးလုပ်ငန်း ၃၃၀၀ ကို အထောက်အပံ့ပေးလျက်ရှိပါတယ်။
**(ဘီဘီစီ)**

**စိတ်ပိုင်းဆိုင်ရာ ပြဿနာရပ်တွေဟာ ရုပ်ပိုင်း (ကိုယ်ကာယပိုင်း) ဆိုင်ရာ နာမကျန်းဖြစ်မှုတွေထက် ရေရှည် မစွမ်းဆောင်နိုင်မှုတွေနဲ့ ချို့တဲ့မှုများစွာကို ဖြစ်စေနိုင်**

မြန်မာ့ရိုးရာအားကစား

# ခေတ်သစ်မာဂုဏ်မြင့်တွေ့မရှောင် (သို့မဟုတ်) အလဲထိုးဘုရင်ရဲသွေးနီ (တောင်ကလေး)

**တွေ့ဆုံမေးမြန်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

**မြန်မာ့ရိုးရာလက်ဝှေ့လောကတွင် နှစ်အနည်းငယ်အတွင်း အလဲထိုးဘုရင်ဟု ပရိသတ်ရင်ထဲစွဲမြဲလျက်ရှိသည့် တောင်ကလေးကလပ်မှ ရွှေခါးပတ်ချန်ပီယံရဲသွေးနီ။ သူသည် ယခုနှစ်အနည်းငယ်အတွင်းမှာပင် ရိုးရာလက်ဝှေ့လောကသို့ဝင်ရောက်လာသည့် မျိုးဆက်သစ်ရိုးရာကြယ်ပွင့်လေးဖြစ်သည်။ ရိုးရာလက်ဝှေ့နှင့်ပတ်သက်လျှင် သက်တူ၊ ရွယ်တူ၊ ဝိတ်တန်းတူကစားသမားများထဲ၌ ပြိုင်ဘက်ကင်းတစ်ဦးဖြစ်သလို ဝိတ်တန်းအနည်းငယ်ကြီးသည့် လက်ဝှေ့သမားများပင် စိန်ခေါ်ယှဉ်ပြိုင်ထိုးဝံ့သူ၊ ထိုးရဲသူ ထိပ်တန်းရောက် ရိုးရာကြယ်ပွင့်တစ်ဆူဖြစ်နေသည်။**

ယခင်လက်ဝှေ့သမားဟောင်း တွေ့မရှောင်ကဲ့သို့ ရိုးသားကြိုးစားပြီး ရိုးရာလက်ဝှေ့ကို ချစ်မြတ်နိုးသူ တစ်ဦးဖြစ်သလို ထိုးလုံး၊ ထိုးကွက်ကပင် ပညာစုံလင်လှကာ မာဂုဏ်မြင့်ကျော်ကြားသည့် ကစားသမားလည်းဖြစ်သည်။ ထို့ကြောင့် ရိုးရာလက်ဝှေ့ချစ်ပရိသတ်အချို့က သူ့အား ခေတ်သစ်မာဂုဏ်မြင့် တွေ့မရှောင် ဟုပင် အမည်နာမ တင်စား ခေါ်ဝေါ် လျက်ရှိသည်။



သို့ဖြစ်၍ မြန်မာ့ရိုးရာလက် ဝှေ့ လောကတွင် အနာဂတ် ငွေကြယ်ပွင့်တစ်ဆူ ကဲ့သို့ ထွန်းလင်း တောက်ပလာမည့် ခေတ်သစ် မာဂုဏ်မြင့် တွေ့မရှောင် (သို့မဟုတ်) အလဲထိုးဘုရင်ဆု ပိုင်ရှင် ရဲသွေးနီ (တောင်ကလေး) မျိုးဆက်သစ်အား တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြရေးသားလိုက်ရပါသည်။

မေး။ ။ရိုးရာလက်ဝှေ့လောကကို ဘယ်လိုခံယူချက်မျိုးနဲ့ ဘယ်အသက်အရွယ်၊ ဘယ်အချိန်ကာလက စတင်ခြေချခဲ့တာပါလဲ။

ဖြေ။ ။ကျွန်တော် ရိုးရာလက်ဝှေ့လောကကို ဝါသနာအရ စတင်ခြေချခဲ့တာပါ။ ပြောရရင် ကျွန်တော်တို့ဆီမှာ ကိုစိုးလင်းဦး၊ ကိုတွေ့မရှောင်၊ ကိုလုံးချောတို့ လာထိုးတုန်းက ကြည့်ပြီးတော့ စပြီးဝါသနာပါခဲ့တာပါ။ အဲဒီတုန်းက အသက်ငယ်ငယ်လေးပဲရှိသေးတယ်။ အရင်က လက်ဝှေ့ဆိုကြောက်ခဲ့တယ်။ အဲဒီနောက် လက်ဝှေ့သံကြား၊ ဆိုင်းသံကြားရင် ဘယ်လိုမှမနေတတ်တော့ဘူး။ ကျောင်းစာလည်း စိတ်မဝင်စားတော့ဘူး။ အဖေနဲ့ အမေကဆို လုံးဝပေးမထိုးခဲ့ဘူး။ ကျောင်းစာဘက်ကိုပဲ သူတို့က အားပေးတယ်။ ဒါပေမယ့် ကျွန်တော့်ကိုဘယ်လိုမှ တားမရတော့တာနဲ့ မိဘတွေသဘောမတူဘဲ ကျောင်းထွက်ခဲ့တယ်။ သတ္တမတန်းကျောင်းသားဘဝနဲ့ ကျောင်းထွက်ပြီးတော့ တောင်ကလေးဘုန်းကြီးကျောင်းကို ရောက်လာခဲ့တယ်။ အသက်ကတော့ ၁၅ နှစ်ထဲမှာပေ့ါ။ ဒီရိုးရာ လက်ဝှေ့လောကထဲကိုဝင်တာသိပ်မကြာသေးဘူးလို့ပြောရမယ်။ ကျွန်တော်ဒီလောကထဲ စဝင်လာတာက နှစ်နှစ်ကျော်ကျော်လောက်ရှိပါပြီ။

မေး။ ။ လက်ရှိရိုးရာလက်ဝှေ့လောကကို ချည်းနင်းဝင်ရောက်ခြေချတာ နှစ်နှစ်ကျော်ပြီဆိုတော့ ပွဲပေါင်းဘယ်လောက်ရှိပြီလဲ။ အနိုင်၊ အရှုံးအနေအထားကရော။

ဖြေ။ ။ ကျွန်တော် နှစ်နှစ်ကျော်ကာလမှာ ပွဲပေါင်း ၆၀ ကျော်ယှဉ်ပြိုင် ထိုးသတ်ခဲ့တယ်။ တိတိကျကျပြောရ ရင် တရားဝင်စာချုပ်လက်မှတ်ရေးထိုးပြီး ယှဉ်ပြိုင်ထိုးသတ်ခဲ့တာ ပွဲပေါင်း ၆၃ ပွဲရှိပြီး အဲဒီထဲက နိုင်တဲ့ပွဲကတော့ ၃၅ ပွဲရှိပြီ။ သရေကတော့ ၂၈ ပွဲ ရှိပါတယ်။ ရိုးရာလက်ဝှေ့နဲ့ပတ်သက်လို့ ယှဉ်ပြိုင်ထိုးသတ်တဲ့ပွဲတိုင်းတော့ ခုချိန်ထိ အလဲထိုးရော၊ အမှတ်နဲ့ရော ရှုံးထားတာမရှိသေးပါဘူး။ အရှုံးလဲမခံဘူး။ အနည်းဆုံး မနိုင်တောင် သရေတော့ခံထိုးတယ်။ အဲဒီစိတ်ဓာတ်နဲ့ ပွဲတိုင်းကို ယှဉ်ပြိုင်ထိုး သတ်ခဲ့တယ်။ ပြီးခဲ့တဲ့လက ထိုင်းနိုင်ငံမှာသွားထိုးတဲ့ MMA ပွဲတစ်ပွဲတော့ ရှုံး ထားတယ်။ ရိုးရာလက်ဝှေ့နည်းလည်းမတူ၊ တစ်ခါမှမထိုးဘူးဘဲ ပထမဆုံးဝင်ရောက် ထိုးခဲ့တာဆိုတော့ ရှုံးသွားခဲ့တယ်။ ဒါပေမယ့် အဲဒီရှုံးခဲ့တဲ့ ထိုင်းလက်ဝှေ့သမားကိုတော့ ရိုးရာလက်ဝှေ့မှာထိုးဖို့ ပြန်စိန်ခေါ် ခဲ့တယ်။

မေး။ ။ ပြီးခဲ့တဲ့နှစ်သတ္တမကြိမ်ရွှေခါးပတ်ချန်ပီယံလုပွဲတုန်းက ၅၁ ကီလိုတန်းမှာ ရွှေခါးပတ်ချန်ပီယံဖြစ်ခဲ့တယ်လို့ သိရတယ်။ ဒီနှစ်ရောဘယ်တန်းမှာ ဝင်ထိုးမှာလဲ။ဘာ့ကြောင့် ဝင်ထိုးဖြစ်ခဲ့တာလဲ။

ဖြေ။ ။ ဟုတ်ပါတယ်။ ပြီးခဲ့သတ္တမကြိမ် ရွှေခါးပတ်လုပွဲတုန်းက ၅၁ ကီလိုတန်းမှာ ဝင်ထိုးပြီးတော့ ရခဲ့တာပါ။ အဲဒီတုန်းက ရမယ်လို့မျှော်လင့်မထားဘူး။ ဆရာက အတွေ့အကြုံရတာပေ့ါ၊ မင်းလည်းရွှေခါးပတ် တစ်ခါမှဝင်မထိုးဖူးဘူးဆိုပြီး ထိုးခိုင်းခဲ့တာ။ ဒီနှစ်လည်း နောက်ထပ်တစ်ခုရအောင်ဆိုပြီး တောင်ကလေးဆရာတော်က ဝင်ထိုးခိုင်းခဲ့တာပါ။ ကျွန်တော်ကလည်းစိတ်ပါတာနဲ့ ဝင်ပြိုင်ဖို့ဆုံးဖြတ်ခဲ့တာပါ။ အခုပြိုင်မှာက ၅၄ ကီလိုတန်းမှာ ဝင်ပြိုင်မှာပါ။ ဒီနှစ်ရခဲ့မယ်ဆိုရင်တော့ နောက်နှစ်တွေမှာ ရွှေခါးပတ်လုပွဲကိုဝင်ပြိုင်ဖို့ အစီအစဉ်မရှိတော့ပါဘူး။

မေး။ ။မနှစ်ကရွှေခါးပတ်လုပွဲမှာ အခက်ခဲဆုံးပွဲက ဘယ်သူနဲ့ဖြစ်မလဲ။ ဒီနှစ်ရွှေခါးပတ် ချန်ပီယံပြိုင်ပွဲ ၅၄ ကီလိုတန်းမှာ ရွှေခါးပတ်ရမယ်လို့ ပရိသတ်က ဝေဖန်နေကြတယ်။ အဲဒီအပေါ် ဘာပြောချင်ပါသလဲ။

ဖြေ။ ။ ပြီးခဲ့တဲ့နှစ် ရွှေခါးပတ်လုပွဲမှာ အမှတ်ရဆုံးနဲ့ အခက်ခဲဆုံးပွဲကတော့ ဖိုင်နယ် ရွှေခါးပတ်လုတဲ့ နောက်ဆုံးပွဲမှာ တိမ်တိုက်နဲ့တွေ့ခဲ့တဲ့ပွဲပါ။ အဲဒီတုန်းက ဝိတ်ကလည်းချထားတာဆိုတော့ တော်တော်လေးရုန်းကန်ခဲ့ရတယ်။ ဒါပေမယ့် နောက်ပိုင်းသူနဲ့ တွေ့တဲ့ပွဲတွေမှာတော့ အေးဆေးဖြစ်သွားပါတယ်။ဒီနှစ်ပြိုင်ပွဲမှာ ရိုးရာလက်ဝှေ့ချစ်ပရိသတ်တွေအနေနဲ့ အခုလိုအားပေးသံကြားရတဲ့အတွက်ဝမ်းသာပါတယ်။ ကျွန်တော် အခုလို ကြိုးစားတာကလည်း ပရိသတ်အားပေးမှုကြောင့်ပါ။ ဒါကြောင့်လည်း ရိုးရာလက်ဝှေ့ချစ်တဲ့ပရိသတ်ကို ကျွန်တော် ရိုးရာလက်ဝှေ့နဲ့ ပြန်ပြီးတော့ ကျေးဇူးဆပ်သွားမှာပါ။



မေး။ ။ ခုပွဲပေါင်း ၆၀ ကျော်ထိုးပြီးတဲ့အချိန်မှာ ဆုတံဆိပ်ဘယ်နှစ်ခု ရရှိ ပြီးပြီလဲ။ လက်ဝှေ့သမားဘဝ မျှော်မှန်းချက်ကိုရော ပြောပြလို့ရမလား။

ဖြေ။ ။ ခုလက်ရှိတော့ မနှစ်ကရတဲ့ ရွှေခါးပတ်ချန်ပီယံဆုရယ်၊ ပြီးတော့ မန္တလေး ရိုးရာလက်ဝှေ့အဖွဲ့ကပေးတဲ့ တစ်နှစ်တာအလဲထိုးဘုရင်ဆုတံဆိပ် ရယ်ရထားပါတယ်။ ဒီနှစ်လည်း ဒုတိယအကြိမ် ရွှေခါးပတ်ရရှိအောင် ကြိုးစားသွားဦးမှာပါ။ ရမယ်လို့လည်း အပြည့်အဝ ယုံကြည်ပါတယ်။ လက်ဝှေ့သမားဘဝမျှော်မှန်းချက်ကတော့ မြန်မာပြည်အလွတ်တန်းချန်ပီယံဖြစ်ဖို့အထိတော့ သိပ်မမျှော်လင့်ရဲဘူး။ ဒါပေမယ့် ကြိုးစားသွားမှာပါ။ နောက်ဆုံး ချန်ပီယံမဖြစ်ရင်တောင် ပထမတန်းလောက်တော့ အနည်းဆုံးဖြစ်အောင် ကြိုးစားသွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။

မေး။ ။ ရိုးရာလက်ဝှေ့သမားမျိုးဆက်သစ်တစ်ယောက်အနေနဲ့ ရိုးရာလက်ဝှေ့လောကရဲ့ ဘယ်သူ့ကို အားအကျဆုံးလဲ။ ဘယ်သူ့လို အဖြစ်ချင်ဆုံးလဲ။

ဖြေ။ ။ရိုးရာလက်ဝှေ့သမားဘဝလောကထဲကဆိုရင် ကျွန်တော်အားအကျဆုံး၊ အကြိုက်ဆုံးက ကိုတွေ့မရှောင်ပါ။ သူက ဘယ်ရိုးရာလက်ဝှေ့သမားနဲ့မှ မတူပါဘူး။ ကိုတွေ့မရှောင်က မာဂုဏ်လည်းရှိတယ်။ ထိုးလုံး၊ ထိုးပေါက်ကအစ ကျွန်တော်ကြိုက်တယ်။ သူ့လိုဖြစ်အောင်လည်း ကြိုးစားသွားမှာပါ။ ဒါက အရင် လက်ဝှေ့သမားဟောင်းတွေထဲက ပြောတာပါ။ ခုလောလောဆယ်အနေနဲ့ကတော့ ရိုး ရာလက်ဝှေ့လောကရဲ့ လက်ရှိချန်ပီယံ ကိုထွန်းထွန်းမင်းကို အားကျပါတယ်။

မေး။ ။ ရိုးရာလက်ဝှေ့သမားဘဝကို ဘယ်အချိန်လောက် စွန့်ခွာမလဲ။ စွန့်ခွာပြီးရင်ရော ရိုးရာလက်ဝှေ့နဲ့ ပတ်သက်လို့နည်းပြတို့၊ ကလပ်တည်ထောင်သူတို့လုပ်ဖို့အထိ စိတ်ကူးရှိပါသလား။

ဖြေ။ ။ ကျွန်တော် ဒီရိုးရာလက်ဝှေ့သမားဘဝကို အသက် ၃၄၊ ၃၅ နှစ်လောက်ထိ ထိုးမယ်လို့ဆုံးဖြတ်ထားတယ်။ ကျွန်တော့်ဘဝမှာ အချစ်မြတ်နိုးဆုံး၊ ဝါသနာအပါဆုံးက ရိုးရာလက်ဝှေ့ပါ။ ဒါပေမယ့် အသက်ကြီးလို့ ရိုးရာလက်ဝှေ့က အနားယူရင်တော့ ရိုးရာလက်ဝှေ့နည်းပြတော့ လုပ်ဖြစ်မှာမဟုတ်ပါဘူး။ ဒါပေမယ့် ရိုးရာလက်ဝှေ့လောကနဲ့တော့ အနီးစပ်ဆုံးမှာရှိနေပြီး အတတ်နိုင်ဆုံးတော့ ကိုယ်တတ်နိုင်တဲ့ဘက်ကနေ ကူညီပေးသွားဖို့တော့ ဆုံးဖြတ်ထားပါတယ်။

ရဲသွေးနီသည် မျိုးဆက်သစ်ကြယ်ပွင့်များထဲတွင် ရိုးရာလက်ဝှေ့ချစ် ပရိသတ်အများစု၏ အားပေးမှုကို ခံယူမှုအများဆုံး လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ အများစုက ၎င်းအား ကရင်လူမျိုးဟုထင်ကြသော်လည်း ဇာတိအမှန်မှာ ကယားပြည်နယ် လွိုင်ကော်မြို့နယ် ဘော်လခဲကျေးရွာသားတစ်ဦးဖြစ်ကာ ဖခင်ဦးစိုးဝင်းနှင့် မိခင်ဒေါ်ခင်လှတို့မှ မွေးဖွားသော ကယားလူမျိုးစစ်စစ်ဖြစ်သည်။ ညီအစ်ကိုမောင်နှမ မွေးချင်းလေးဦးတွင် တတိယမြောက်သားဖြစ်ပြီး ငယ်နာမည်မှာ ငယ်ငယ်ကတည်းက ဆိုးသွမ်းသဖြင့် မိခင်က မြတ်စိုးဟု အမည်ပေးခဲ့သည်။ လက်ဝှေ့သမားဘဝရောက်စဉ် မုဒုံသားကလပ်၌ ခြောက်လမျှ ဝင်ရောက်လေ့ကျင့်ရင်း ဆရာသမိန်သော်တာက ရဲသွေးနီဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။ ရဲသွေးနီဟုပင် အမည်ပေးသည့်တိုင် ရိုးရာလက်ဝှေ့ပွဲတိုင်းကို ရဲရင့်ပြတ်သားစွာ ထိုးသတ်လေ့ရှိသည့် ကြယ်ပွင့်မျိုးဆက်သစ်လေး၏ အနာဂတ်လားရာကို ရိုးရာလက်ဝှေ့ချစ်ပရိသတ်များ စောင့်ကြည့်ရပေတော့မည်။ ။

**ရိုးရာလက်ဝှေ့သမားဘဝကို အသက် ၃၄၊ ၃၅ နှစ်လောက်ထိ ထိုးမယ်လို့ဆုံးဖြတ်ထားတယ်။ ကျွန်တော့် ဘဝမှာ အချစ်မြတ်နိုးဆုံး၊ ဝါသနာအပါဆုံးက ရိုးရာလက်ဝှေ့ပါ။ ဒါပေမယ့် အသက်ကြီးလို့ ရိုးရာလက်ဝှေ့က အနားယူရင်တော့ ရိုးရာလက်ဝှေ့နည်းပြတော့ လုပ်ဖြစ်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် ရိုးရာလက်ဝှေ့လောကနဲ့တော့ အနီးစပ်ဆုံးမှာရှိနေပြီး အတတ်နိုင်ဆုံးတော့ ကိုယ်တတ်နိုင်တဲ့ဘက်ကနေ ကူညီပေးသွားဖို့တော့ ဆုံးဖြတ်ထားပါတယ်**

# ကမ္ဘာ့ မြေအောက်ရေစောင့်ကြည့်လေ့လာရေး ကွန်ရက်တစ်ရပ်ကို ဝိုင်းဝန်းထူထောင်ကြပါစို့

ဦးဌေးလွင် (ရေအရင်းအမြစ်)

***ရေအသက်တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်ဟူ၍ မြန်မာဆိုရိုးစကားရှိပေသည်။ ရေလှူရခြင်းအကျိုး ၁၀ ပါးကြောင့်လည်း မတောင်းဘဲနှင့် ဆုတွေ ပြည့်သည်ဟုလည်း မြန်မာနိုင်ငံသားများမှ ယုံကြည်ကြသဖြင့် ရေလှူဒါန်းမှု ပြုလုပ်လျက်ရှိနေကြပါသည်။ အမှန်တကယ်မှာ ရေသည် သက်ရှိသတ္တဝါအတွက် သာမက သစ်ပင်များ အသက်ရှင်ဖို့ကလည်း အရေးကြီးသောအရာပင် ဖြစ်ပေသည်။***

ယနေ့အခါ ရာသီဥတုပြောင်းလဲမှုကြောင့် ရေကန်များ၊ လက်တူးတွင်းကျယ်များ၊ ချောင်းမြောင်းများ၊ စိမ့်စမ်းရေထွက်များ ခန်းခြောက်လာသဖြင့် မြေအောက်ရေ စက်ရေတွင်းများကို ပြည်သူများ ပိုမိုအားထားလာကြပေသည်။ စက်ရေတွင်းများကိုလည်း စဉ်ဆက်မပြတ် တူးဖော်လာကြသည်ကို နိုင်ငံနှင့်အဝန်း တွေ့မြင်လာရပေသည်။ ယင်းသို့ သောက်သုံးရေအတွက် တူးဖော်သလို စိုက်ပျိုးရေလိုအပ်သော တောင်သူများမှလည်း နွေစပါး၊ မိုးစပါးအောင်ရေအတွက် စက်ရေတွင်းများအား တစ်နေ့ထက်တစ်နေ့ အမြောက်အမြား တူးဖော်လာကြသည်ကို တွေ့မြင်လာရပေသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအောက်ရှိ စက်ရေတွင်း တူးစက်ကြီးများမှလည်း စိုက်ပျိုးရေနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဒေသအနှံ့ စက်ရေတွင်းနက်ကြီးများကို နိုင်ငံပိုင်ရန်ပုံငွေသာမက အလှူရှင်များ၏ လှူဒါန်းမှုဖြင့်လည်း စနစ်တကျတူးဖော် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းကဲ့သို့ အရေးပါသော မြေအောက်ရေသည် အဖိုးတန်သဘာဝသယံဇာတ အရင်းအမြစ်ကြီးဖြင့် တစ်ကမ္ဘာလုံးရှိ လူသန်းပေါင်းများစွာတို့အနက်မှ ၅၀ ရာခိုင်နှုန်းသော လူသားတို့၏ နေ့စဉ်မှီခိုရာ ဖြစ်ပါသည်။ ရေနံထုတ်လုပ်မှုထက် မြေအောက်ရေထုတ်လုပ်မှုပမာဏက အဆ ၂၀၀ ပိုလွန်ကြောင်း မကြာသေးမီက IGRAC ခေါ် အပြည်ပြည်ဆိုင်ရာ မြေအောက်ရေအရင်းအမြစ်များ လေ့လာသုံးသပ်မှုဗဟိုအဖွဲ့မှ ထုတ်ပြန်ပြောကြားသည်။ မြန်မာနိုင်ငံမှ နှစ်စဉ် မြေအောက်ရေသုံးစွဲမှုမှာ စုစုပေါင်း မြေအောက်ရေပမာဏ ၃ ဒသမ ၇၃ $Km^3$/annual နှစ်စဉ် ထုတ်ယူသုံးစွဲလျက်ရှိပြီး မြေအောက်ရေသုံးစွဲမှုမှာ သောက်သုံးရေကဏ္ဍတွင် ၆၈ ရာခိုင်နှုန်း၊ စက်မှုလက်မှုကဏ္ဍတွင် ကိုးရာခိုင်နှုန်း၊ စိုက်ပျိုးရေပေးသွင်းမှုတွင် ၂၃ ရာခိုင်နှုန်းရှိကြောင်း လေ့လာမှုတစ်ရပ်တွင် တွေ့ရှိရပါသည်။

ယင်းသို့ မြေအောက်ရေအား အမြောက်အမြား ထုတ်ယူသုံးစွဲလာခြင်းနှင့် သဘာဝရာသီဥတုဖောက်ပြန်မှု (Climate Change) ကြောင့် မြစ်ချောင်းများ၊ ကန်များရေများ ခန်းခြောက်လာခြင်းနှင့် သစ်တောများ ပြုန်းတီးမှုကြောင့် သဘာဝမိုးရေမှ မြေအောက်ရေ စိမ့်ဝင်မှုပမာဏများ တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာသည်ကို တွေ့မြင်နေရပါသည်။ ထို့အပြင် စိုက်ပျိုးရေးလုပ်ငန်းများမှ အသုံးပြုသော ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအကြွင်းအကျန်များသည်လည်းကောင်း၊ တချို့သော စက်ရုံများမှ စွန့်ပစ်လိုက်သည့် ရေဆိုးများမှ အညစ်အကြေးများ အဆိပ်အတောက်များသည်လည်းကောင်း မြေအောက်ရေကြော (Aquifer) အတွင်းသို့ တစ်စနှင့်တစ်စ စိမ့်ဝင်ကာ သန့်ရှင်းသော မြေအောက်ရေအား ညစ်ညမ်းပျက်စီးမှု (Groundwater Pollution)များ ဖြစ်လာစေပါသည်။

အီရန်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မက္ကဆီကိုစီးတီးမြို့ကြီးများတွင် မြေအောက်ရေ အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းကြောင့် မြေသားများနိမ့်ကျကာ (Land Subsidence) ဖြစ်ခြင်းကြောင့် အဆောက်အအုံများ နိမ့်ကျွံလာခြင်းနှင့် တွင်းပေါက်ကြီးများ ဖြစ်ပေါ်လာခြင်းအပြင် ပင်လယ်နှင့် နီးသောဒေသများတွင် မြေအောက်ရေကြောများသို့ ပင်လယ်ရေဆားငန်ရေ ဝင်ရောက်မှုကြောင့် အဆိုပါဒေသအတွင်းရှိ စက်ရေတွင်းများ ရုတ်တရက် ရေချိုမှရေငန်များ အဖြစ်ပြောင်းလဲမှုများ တွေ့ရှိရပါသည်။


နယ်သာလန်နိုင်ငံ အခြေစိုက်အပြည်ပြည်ဆိုင်ရာ မြေအောက်ရေ လေ့လာသုံးသပ်ရေး ဗဟိုအဖွဲ့ကြီး (IGRAC)၏ အဆိုအရ မြေအောက်ရေ သဘာဝသယံဇာတကြီးအား လူသားများ မှီခိုနေကြသော်လည်း ပြည့်စုံလုံလောက်သော အချက်အလက် (Data) များ မရှိသေးဘဲ တချို့သော လေ့လာသုတေသနပြုချက်များအရ အကန့်အသတ်ဖြင့်သာ သိရှိနေရပေသည်။ ယင်းသို့ သိရှိမှ မြေအောက်ရေကို ပိုမိုအကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်၍ နောင်အနာဂတ်မျိုးဆက်အတွက် ကောင်းမွန်သော လူနေမှုဘဝများ ဖန်တီးရန်အတွက် မြေအောက်ရေစောင့်ကြည့်လေ့လာရေး အစီအစဉ် (Ground-water Monitoring Programme) များသည် ယနေ့ အချိန်အခါတွင် လိုအပ်လာကြောင်း တွေ့ရှိလာရပေသည်။

ယင်းသို့ တစ်ကမ္ဘာလုံးဆိုင်ရာ မြေအောက်ရေစောင့်ကြည့်လေ့လာရေးကွန်ရက် (Global Groundwater Monitory Network Programme) (GGMN) တစ်ရပ်အား ထူထောင်နိုင်ရန်အတွက် အစပျိုးဆောင်ရွက်သည့်အနေဖြင့် နယ်သာလန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ မြေအောက်ရေအရင်းအမြစ် လေ့လာသုံးသပ်ရေးဗဟိုအဖွဲ့ (International Groundwater Resources Assessment Centre-IGRAC)၊ ယူနက်စကို ဗန်ကောက်ရုံးခွဲနှင့် ထိုင်းနိုင်ငံမြေအောက်ရေ အရင်းအမြစ်သုတေသနဌာန (DGR) တို့ ပူးပေါင်းပြီး အရှေ့တောင်အာရှဆိုင်ရာ မြေအောက်ရေစောင့်ကြည့်လေ့လာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Workshop on Groundwater Monitoring in South East Asia) တစ်ရပ်ကို မတ်လ ၁၅ ရက်မှ ၁၆ ရက်နေ့အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ အာရှဟိုတယ်၌ကျင်းပခဲ့ပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ မြေအောက်ရေနှင့်ပတ်သက်သည့် ပညာရှင်များဖြစ်သော ထိုင်းနိုင်ငံရှိ မြေအောက်ရေသုတေသနဌာနများမှ ကိုယ်စားလှယ် ၃၀၊ ကမ္ဘောဒီးယားနိုင်ငံမှ တစ်ဦး၊ စာရေးသူအပါအဝင် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်နှစ်ဦး၊ မလေးရှားနိုင်ငံမှ နှစ်ဦး၊ ဗီယက်နမ်နိုင်ငံမှ တစ်ဦး၊ အီရန်နိုင်ငံမှ တစ်ဦး၊ နယ်သာလန်နိုင်ငံ (IGRAC) မှ ကိုယ်စားလှယ်နှစ်ဦး၊ ဗန်ကောက်မြို့အခြေစိုက် UNESCO မှ ကိုယ်စားလှယ်တစ်ဦးနှင့် နယ်သာလန်နိုင်ငံ Hydrogeologic Professor နှစ်ဦး စုစုပေါင်း ၄၂ ဦးတို့ တက်ရောက် ဆွေးနွေးခဲ့ကြပြီး စာတမ်းများ တင်သွင်းခဲ့ပါသည်။

ဆွေးနွေးပွဲတွင် တင်ပြချက်များအနက်မှ ထိုင်းနိုင်ငံတွင် မြေအောက်ရေစောင့်ကြည့်လေ့လာရေးစခန်း ၇၅၀ ထားရှိပြီး စမ်းသပ်စက်ရေတွင်း ၁၅၂၀ တူးဖော်၍ သုတေသနပြုလေ့လာလျက်ရှိကြောင်း အထူးသဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် ပတ်ဝန်းကျင်တစ်ဝိုက် ကြုံတွေ့နေရသော မြေအောက်ရေပြဿနာများအား သုတေသနပြု အကဲဖြတ်၍ သတင်းအချက်အလက်များ ထုတ်ပြန်ခြင်း၊ သတိပေးခြင်းများပြုလုပ်လျက်ရှိကြောင်း၊ မြေအောက်ရေနေပေ (Groundwater Level) ကျဆင်းမှု၊ မြေနိမ့်ကျွံမှု (Land Subsidence) နှင့် မြေအောက်ရေ အရည်အသွေးတို့အား အကဲဖြတ် စောင့်ကြည့်လေ့လာလျက်ရှိသည်။

ဗီယက်နမ်နိုင်ငံတွင် မြေအောက်ရေစောင့်ကြည့်လေ့လာရေးအဖွဲ့မှ စမ်းသပ်စက်ရေတွင်းများမှ ရေနမူနာများအား နွေရာသီတွင် တစ်ကြိမ်၊ မိုးရာသီတွင် တစ်ကြိမ်၊ နှစ်စဉ် နှစ်ကြိမ်ကောက်ယူ၍ ဓာတ်ခွဲစမ်းသပ်လျက် ရှိနေပါသည်။ ၁၉၉၀ ပြည့်နှစ်မှစတင်၍ မြေအောက်ရေစောင့်ကြည့်လေ့လာရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ၂၀၁၃ ခုနှစ်အထိ ဗီယက်နမ်နိုင်ငံ မြစ်နီမြစ်ဝကျွန်းပေါ်ဒေသ၊ ဗီယက်နမ်နိုင်ငံအလယ်ပိုင်း မြောက်အလယ်ပိုင်းဒေသ ၊ ဗီယက်နမ်အလယ်ပိုင်း၏ တောင်ဘက်ပိုင်းကမ်းရိုးတန်းဒေသ၊ ကုန်းမြင့်ပိုင်းဒေသနှင့် မဲခေါင်မြစ်ဝှမ်းဒေသဟူ၍ ခွဲခြမ်းစိတ်ဖြာလျက် အဓိကထား စောင့်ကြည့်လေ့လာလျက်ရှိပါသည်။



အီရန်နိုင်ငံ မြေအောက်ရေထုတ်လုပ်မှုများကြောင့် ရေနေပေကျဆင်း၍ လွင်ပြင်ဒေသများ မြေကျွံမှုဖြစ်ပေါ်နေပုံ

ယင်းသို့ တိုင်းတာရရှိသော အဖြေရလဒ်များအရ နောင်လာမည့် ၂၀၃၀ ပြည့်နှစ်တွင် ပင်လယ်ရေစောင့်ကြည့်ရေးစခန်း ၅၆ ခု ထပ်မံတည်ဆောက်ပြီး သဘာဝအရင်းအမြစ်များနှင့် ပတ်ဝန်းကျင်ဆိုင်ရာ မြေအောက်ရေစောင့်ကြည့်ရေးစခန်း ၇၁ ခု အပါအဝင် စုစုပေါင်း မြေအောက်ရေစောင့်ကြည့်ရေးစခန်း ၁၅၅၇ ခုတို့ကို ဆက်လက်ထူထောင်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ကမ္ဘောဒီးယားနိုင်ငံသည်လည်း မြေအောက်ရေနေပေများ နိမ့်ကျမှုများနှင့် ကြုံတွေ့နေရပါကြောင်းနှင့် မြေအောက်ရေ ပြန်လည်ဖြည့်တင်းမှုအနေဖြင့် ၂၀၀၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ဒေသတစ်ခုလုံး နှစ်စဉ်မိုးရေချိန် နည်းပါးမှုကြောင့် နိုင်ငံတစ်ဝန်း ရေထုထည်ပမာဏနှင့် နှိုင်းယှဉ်ပါက နှစ်စဉ် ၁၄ ဒသမ ၉ ရာခိုင်နှုန်းမှ ၂၂ ဒသမ ၁ ရာခိုင်နှုန်းသာ ပြန်လည်ဖြည့်တင်းမှုရှိကြောင်း (Groundwater Monitoring Well) များ မရှိသေးခြင်းနှင့် နည်းပညာနှင့် ငွေကြေးချို့တဲ့မှုကြောင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အကူအညီလိုအပ်ကြောင်း သုံးသပ်ဆွေးနွေးသွားပါသည်။

အီရန်နိုင်ငံ၏ အဓိကလွင်ပြင်ဒေသများတွင် မြေအောက်ရေသုံးစွဲမှု များပြားလာခြင်းကြောင့် မြေအောက်ရေအောင်းလွှာများ ပျက်စီးပျောက်ဆုံးမှုနှင့် မြေအောက်ရေအောင်းလွှာ၏ ရေနေပေများကျဆင်းပြီး မြေအောက်ရေအရည်အသွေးကျဆင်းလာပြီး ဆားငန်ရေဝင်ရောက်ခြင်း EC (Electrical Conductivity) တန်ဖိုးများ မြင့်တက်လာခြင်းအပြင် မြေအောက်ရေအောင်းလွှာ ရေနေပေများ နိမ့်ကျခြင်းကြောင့် လွင်ပြင်ဒေသများတွင် မြေနိမ့်ကျွံမှုများဖြစ်ပွား၍ အပေါက်ကြီးများ ဆိုးဆိုးရွားရွား ဖြစ်ပေါ်လျက်ရှိသဖြင့် ရေပြန်လည်ကုစားရေး၊ ပြန်လည်ထိန်းသိမ်းရေး အစီအစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ၏ (Minerals and Geoscience Department)မှ မြေအောက်ရေအရည်အသွေး စောင့်ကြည့်လေ့လာရေး အစီအစဉ်များအား ၁၉၈၉ ခုနှစ်မှ စတင်၍ အဓိကထား လုပ်ဆောင်လျက်ရှိရာ ယနေ့အထိ မြေအောက်ရေ စောင့်ကြည့်လေ့လာရေး စက်ရေတွင်းပေါင်း ၄၅၉ တွင်းကျော် တူးဖော်ထားရှိပြီး မြေအောက် ရေအရည်အသွေးနှင့် ရေနေပေ တိုင်းတာခြင်းများကို တစ်နှစ်လျှင် နှစ်ကြိမ် သုတေသန ပြုလုပ်လျက်ရှိနေသည်။ မြေအောက်ရေစောင့်ကြည့်လေ့လာရေး စက်ရေတွင်း (Groundwater Monitory Well) ပေါင်း ၁၂၂ တွင်းဖြင့် လေ့လာစောင့်ကြပ်လျက်ရှိနေပါကြောင်း သိရသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ဌာနမှ ၁၉၈၃-၁၉၈၄ တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် မြေအောက်ရေ ၉၉ ကန် ရေလျှံဇုန်များ တူးဖော်၍ ကန်များမှတစ်ဆင့် စိုက်ပျိုးရေ ဖြန့်ဝေပေးသည့် စီမံကိန်းအကြောင်းနှင့် အဆိုပါရေလျှံဇုန်ဒေသတွင် ဒေသခံပြည်သူများမှ ယခုအခါ စက်ရေတွင်းများအား အမြောက်အမြား စည်းကမ်းမဲ့ ထပ်မံတူးဖော်လာသဖြင့် မူလစီမံကိန်းဒေသရှိ ရေလျှံတွင်းများ၏ (Level)များကျဆင်းလာသလို စက်ရေတွင်းမှ ရေသည်လည်း မူလက ၄ ပေ-၅ ပေခန့် အလိုလျောက် မြေပေါ်သို့ ပန်းထွက်နေသော်လည်း ယခုအခါ ရေလျှံသည် ဆိုရုံမျှသာရှိခြင်းနှင့် သဘာဝအလျောက် လျှံသည့်ရေပမာဏ အလွန်နည်းလာခြင်း၊ မြေအောက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းနိုင်မှုမရှိခြင်းကြောင့် တားဆီးနိုင်မှုမရှိသဖြင့် မူလစီမံကိန်း ရေပေးကေများ တဖြည်းဖြည်းဆုတ်ယုတ်လာပုံအား ရှင်းလင်းဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြေအောက်ရေ လျှပ်စစ်စက်ဝိုင်းတွင် Ø ၁၂ လက်မ စက်ရေတွင်း ၁၄၁ တွင်း တူးဖော်၍ လျှပ်စစ်မော်တာတွဲ (၁ ကျူ့ဆက်နှင့် ၂ ကျူ့ဆက်) ရေထွက်နှုန်း ရှိသော တာဘိုင်ပန့်များ တပ်ဆင်၍ ၁၉၉၂-၁၉၉၃ စီမံကိန်းပြီးသည်မှ ယနေ့အထိ ရေပေး ဝေခဲ့ရာ မြေအောက်ရေ အများအပြား ထုတ်ယူသုံးစွဲသည့် ဒေသဖြစ်ခြင်းကြောင့် မြေ အောက်ရေနေပေ ကျဆင်းလာခြင်းနှင့် ယင်း ဒေသရှိ မြေဆီလွှာများ ဆိုဒီယမ်ဆပ်ပြာ ဓာတ်ပေါက်၍ ပျက်စီးခြင်းနှင့် ကြုံတွေ့ရလျက် ရှိကြောင်း တင်ပြခဲ့သည်။

မိတ္ထီလာ-သာစည် မြေအောက်ရေ စီမံကိန်းဒေသတွင် အပူပိုင်းဒေသဖြစ်ခြင်းကြောင့် စိုက်ပျိုးရေ ရရှိရန် Ø ၄ လက်မ စက်ရေတွင်း ၄၆၅ တွင်းအား ၂၀၁၀ - ၂၀၁၁ ခုနှစ်တွင် တူးဖော်ပေးခဲ့ရာ တောင်သူများ အကျိုးရှိသော်လည်း ယခုအခါ ပုဂ္ဂလိကမှ စက်ရေတွင်းအမြောက်အမြားထပ်မံ၍ တူးဖော်လာရာတွင် မြေအောက် ရေနေပေကျဆင်းလာကြောင်း တင်ပြခဲ့ပါသည်။

ယင်းကဲ့သို့ပင် ပျော်ဘွယ်-ဘုရားငါးဆူ မြေအောက်ရေစီမံကိန်းဒေသတွင် Ø ၄ လက်မ စက်ရေတွင်း ၁၀၀ အား ၂၀၀၉-၂၀၁၀ ခုနှစ်မှ စတင်တူးဖော်ခဲ့ရာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ပြီးစီးခဲ့သော်လည်း အများစုသော ရေလျှံတွင်းများမှာ ရေထွက်နှုန်းကျဆင်းခြင်းကို တွေ့ရှိလာရသည်။

ယခုအခါ ဌာနအနေဖြင့် အဆိုပါ စက်ရေတွင်းများအား လေ့လာစောင့်ကြည့်ရေး အစီအစဉ်ဖြင့် ၂၀၁၅ ခုနှစ်မှ စတင်ကာ ယနေ့အထိ အဆိုပါစက်ရေတွင်းများ၏ ရေထွက်နှုန်းနှင့် မြေအောက်ရေ သဘာဝပြုမူချက်များကို လေ့လာနိုင်ရန် ရေထုတ်စမ်းသပ်ခြင်း နှစ်ကြိမ်သာဆောင်ရွက်နိုင်ခဲ့ပြီး မြေအောက်ရေ အရည်အသွေးနှင့် ရေနေပေအား လေ့လာသိရှိရန် အလိုအလျောက် တိုင်းတာကိရိယာများ အနည်းငယ်သာချ၍ စတင်စစ်ဆေးမှုများကိုသာ ပြုလုပ်နိုင်ပါသေးသည်။ မြန်မာနိုင်ငံ၏ မြေအောက်ရေကို စောင့်ကြည့်လေ့လာရေးအစီအစဉ် ကျယ်ကျယ်ပြန့်ပြန့် မဆောင်ရွက်နိုင်သေးဘဲ နိုင်ငံတကာ အကူအညီလိုအပ်ကြောင်း တင်ပြခဲ့သည်။

အဆိုပါ အရှေ့တောင်အာရှဆိုင်ရာ မြေအောက်ရေစောင့်ကြည့်လေ့လာရေး အလုပ်ရုံဆွေးနွေးပွဲတွင် အောက်ပါအချက်များအား ဆွေးနွေးညှိနှိုင်းသဘောတူခဲ့ကြပါသည်-

(က) ကမ္ဘာ့မြေအောက်ရေ စောင့်ကြည့်လေ့လာရေးကွန်ရက် (Global Groundwater Monitoring) စနစ်တစ်ရပ် ထူထောင်နိုင်ရေးအတွက် အရှေ့တောင်အာရှနိုင်ငံများ အစုအဖွဲ့တွင် ပူးပေါင်းဆောင်ရွက်ရန်နှင့် မြေအောက်ရေ အချက်အလက်များ အပြန်အလှန်ဖလှယ်ရန်

(ခ) ယူနက်စကို အဖွဲ့ကြီးမှကြီးမှူး၍ အရှေ့တောင်အာရှနိုင်ငံများ နယ်စပ်ဖြတ်ကျော်ဘူမိဗေဒအချက်အလက်နှင့် ရှေ့လုပ်ငန်းစဉ်များဖြစ်သော (Tran-boundary Hydrogeology) လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန်

(ဂ) အနာဂတ်တွင် အပြည်ပြည်ဆိုင်ရာ မြေအောက်ရေ သုတေသနအဖွဲ့မှ Training များ၊ လေ့လာရေးသင်တန်းများနှင့် ဆွေးနွေးပွဲများအား မြန်မာနိုင်ငံ မြေအောက်ရေအဖွဲ့အစည်းများမှ တာဝန်ရှိသူများတက်ရောက်စေရန် နှင့် Data Quality Control စနစ်များ ရယူဆောင်ရွက်ရန်

(ဃ) Global Groundwater Monitoring အစီအစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်

(င) မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သင့်တော်သော နေရာဒေသများတွင် Groundwater Monitoring Station များ ထူထောင်ကာ Observation Test Well များ တူးဖော်ထားရှိပြီး Auto Logger System များ တပ်ဆင်၍ အချိန်မှန်မှန် စောင့်ကြည့် လေ့လာသုတေသနပြုခြင်းများ တစ်နှစ်ထက် တစ်နှစ်တိုးချဲ့ ဖြည့်စွက်ရန်တို့ ဖြစ်ပါသည်။

အချုပ်အားဖြင့် တင်ပြရသော် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးတိုးတက်မှုနည်းသော နိုင်ငံများသည် မြေအောက်ရေအား ထုတ်ယူသုံးစွဲခြင်း (Extraction) သာ အဓိကအာရုံထားဆောင်ရွက်နေကြပြီး နောင်အနာဂတ် မျိုးဆက်များအတွက် မြေအောက်ရေ စောင့်ကြည့်လေ့လာရေးအစီအစဉ်များ ပေါ်ပေါက်ရေးအတွက် နှစ်ရှည် နှစ်တို မဟာဗျူဟာ စီမံကိန်းများ ရေးဆွဲချမှတ်သင့်ပေသည်။ ထို့သို့မြေအောက်ရေကို စောင့်ကြည့်လေ့လာနိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကမ္ဘာ့မြေအောက်ရေ စောင့်ကြည့်ရေးနှင့် သုတေသနအဖွဲ့များဖြစ်သည့် (IGRAC)၊ (UNESCO)အဖွဲ့များ၊ အိမ်နီးနားချင်းနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်ကာ အဖိုးတန်မြေအောက်ရေ သယံဇာတကြီးအား မပျက်စီးစေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကာကွယ်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# STRATEGY FIRST INSTITUTE

တိုးတက်လာမယ့် အနာဂတ်အတွက် သင် အဆင်သင့် ဖြစ်ပြီလား?

တက္ကသိုလ်ဘွဲ့ရပြီးသူများ၊ စီးပွားရေးစီမံခန့်ခွဲမှု သဘောတရားများကို ဘာသာရပ်စုံလင်စွာ လေ့လာလိုသူများ၊ လုပ်ငန်းခွင်မှ လူငယ်များအတွက်

abe Accredited Centre

## Diploma in Business Management

( QCF level 6 - Graduate Level Diploma from the Association of Business Executives, UK )



1. Corporate Strategy and Planning
   U Aung Chit Khin, MBA (Nottingham), Dip M, PG Dip M (CIM, UK) | Monday – 6:00 to 8:30 pm | Starting Date - 27 June 2016
2. Managing in Organisations
   Dr. Daw Ohnmar Myint, Ph.D (HRM, Delhi). M. Com, B. Com (Hons) | Thursday – 6:00 to 8:30 pm | Starting Date - 23 June 2016
3. International Business Case Study
   Prof. Dr. Daw Hla Myint, D.Litt (YUE), M. Com, B. Com (Hons) | Saturday – 3:00 to 5:00 pm | Starting Date - 25 June 2016
4. Project Management
   Daw Aye Aye Win, M.A (International Business, Sophia), M. Com, B. Com (Hons) | Sunday – 6:00 to 8:30 pm | Starting Date - 26 June 2016
5. Strategic Marketing Management
